သိုင်းစာစဉ်များ PAGE
ALIEN
ကုလုံ၏ လျှံအော့ဟိုယိင်
2005
တက္ကသိုလ်
နေလင်းအောင်
နှင်းပွင့်သစ္စာသိုင်းဟာယာ
၄ အုပ်တွဲသိုင်းစာစဉ်
4
ဇာတ်သိမ်း

ဝင်းမြတ်အေး
ဒဂုန်စာပေ
ဟော်ဒီ(၄)
ကော်သိမ်း

အိမ်ဖတိစိမ်း

တက္ကသိုလ်နေလင်းအောင်

နှင်းပွင့်သစ္စာ သိုင်းမာယာ

[စာစဉ် - ၄၊ ကတ်သိမ်းဝိုင်း]

စာမူခွင့်ပြုချက်အမှတ် - ၁၂၇၁/၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၇၀/၂၀၀၄ (၁၂)

•

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၀၅ ခုနှစ်၊ ဧန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

•

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

•

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
၂၃၉၊ ဓမ္မာသီလမဲ့၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

•

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(မြ-၀၆၃၆၂)၊ ဖိုးဝအော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅-လမဲ့။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အိမ်မက်မိမိး

စာစဉ

အခန်း (၃၈)

အစီအမံ

နံနက်ခင်း ...

နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား နွေးထွေးစွာလွှမ်းခြုံထား၏။

နေရောင်ခြည်အောက်တွင် ကွမ်ရှမ်းမြို့သည် စည်ကားသာယာစွာ တည်ရှိနေသည်။

ကွမ်ရှမ်းမြို့သည် ဝိုက်ဟူနယ်၏အရေးပါသော မြို့ကြီးတစ်မြို့ပင်ဖြစ်၏။

ထို့ကြောင့် ... ကုန်သည်ပွဲစားများဖြင့် စည်ကားနေသည်။

ကွမ်ရှမ်းမြို့မှပေါ်ထွက်လာသော သိုင်းပညာရှင်များသည် သိုင်းလောကတွင် ထိပ်သီးသိုင်းပညာရှင်အဆင့်ရှိသူများဖြစ်သည်။

အထက်လမ်းသိုင်းလောကသားများလည်း များစွာပေါ်ထွက်လာသည်။

အောက်လမ်းသိုင်းသမားများရှိသော်လည်း ခပ်လျှိုလျှိုသာ နေထိုင်ကြသည်။

ကွမ်ရှမ်းမြို့မှ စာပေပညာရှင်များမှာလည်း စာပေအရာတွင် ထူးချွန်ထက်မြက်သူများဖြစ်၏။

ထိုသို့ အဘက်ဘက်မှ ပြည့်စုံသော ကွမ်ရှမ်းမြို့သည် စည်ကား သာယာခြင်းရှိရမည်မဟုတ်ပါလော။

'ကျူး'ဂေဟာ ...

'ကျူး'ဂေဟာသည် ကွမ်ရှမ်းမြို့ တောင်ဝိုင်းတွင် တည်ရှိ၏။

'ကျူး'ဂေဟာ၏အရှင်သခင်မှာ နယ်စားကြီးကျူးထိုက်ဖုန်း ဖြစ်ပါသည်။

ယခု ...

နယ်စားကြီးကျူးထိုက်ဖုန်းသည် သီးသန့်ခန်းထဲတွင် ရှိနေ၏။

သူသည် သီးသန့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေသည်။

သမီးဖြစ်သူ ကျူးဝေဝေမှာ ကုလားထိုင်တစ်လုံးပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည်။ အတန်ကြာမှ ...

ကျူးထိုက်ဖုန်းက ခြေလှမ်းရပ်တန့်ကာ ...

"ဒီနေ့ဆိုရင် ... သမီးအစ်ကို ဟုန်ကျန်းနယ်ကိုထွက်သွားတာ တစ်လခွဲတောင်ပြည့်ပြီ ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ ... ဒီနေ့ဆိုရင် တစ်လခွဲပြည့်ပါပြီ ... အခုအချိန်လောက်ဆိုရင် ... အစ်ကိုယဲ့မင်းတို့သုံးယောက်ဟာ ရန်သူ ကို ခြောခံစုံစမ်းနိုင်လောက်ပါပြီ ... "

ကျူးထိုက်ဖုန်းက သက်ပြင်းချလိုက်ပြီး ...

"အင်း ... ရန်သူဟာ သိပ်ကြောက်စရာကောင်းတဲ့သူပါ ... ဒီလောက်သိုင်းပညာထက်မြက်တဲ့ ကိုမုထိန့် လက်ရွေးစင်စစ်သည် တော်တွေအားလုံးကို တစ်ပြိုင်တည်း တိုက်ခိုက်လုပ်ကြံဖို့ဆိုတာ လွယ် ကူတဲ့ကိစ္စမဟုတ်ဘူး ... ဒါကိုတောင် ရအောင်လုပ်ကြံသတ်ဖြတ်နိုင်ခဲ့ တယ်ဆိုတော့ ... အတော်ကြောက်စရာကောင်းနေပြီ ... "

ကျူးဝေဝေက တိတ်ဆိတ်စွာ နားစွင့်နေသည်။

ကျူးထိုက်ဖုန်းက စကားဆက်လိုက်သည်။

"သမီးအစ်ကို ကျူးယဲ့မင်းဟာ သိုင်းပညာထက်မြက်ထူးချွန် ပါတယ် ... ဒါပေမယ့် လူငယ်ဆိုတော့ ရောက်တဲ့အရပ်မှာ ပျော်ပျော် နေတတ်တယ် ... ဒီအချက်ကိုကြည့်ပြီး ရန်သူက သူတို့ကို အနိုင်ယူ သွားရင် မလွယ်ဘူးကွယ့် ... နောက်ပြီး သူက ဟုန်ကျန်းမြေကို သိပ် ပြီးကျွမ်းကျင်တာ မဟုတ်ဘူး ... နယ်မြေမကျွမ်းကျင်တဲ့လူဟာ ရန်သူ နဲ့ ရင်ဆိုင်ရင် တစ်ဝက်ရှုံးတာပဲ ... "

ထိုစကားကြောင့် ကျူးဝေဝေရင်ထိတ်သွားသည်။

မှန်သည်။

အစ်ကိုဖြစ်သူ ကျူးယဲ့မင်းသည် ဟုန်ကျန်းနယ်ကို တစ်ကြိမ် တစ်ခါမျှ ရောက်ဖူးသူမဟုတ်ပေ။

ထို့ကြောင့် ... ဟုန်ကျန်းနယ်မြေကို ကျွမ်းကျင်လှသည် မဟုတ်ပါ။ ဟုန်ကျန်းဒေသသည် အေးခဲသောဒေသဖြစ်ပါသည်။

ထို့အပြင် ...

ဟုန်ကျန်းနယ်မှ တထျန်လူမျိုးများနှင့်လည်း သင့်မြတ်နိုင် မည်မဟုတ်ပေ။ ဟုန်ကျန်းနယ်မှ တထျန်များသည် ဝိုက်ဟူနယ်သား များကို မုန်းနေခဲ့ကြသည်။

ဤသို့ဆိုပါက အစ်ကိုဖြစ်သူ ကျူးယဲ့မင်းသည် ရန်သူကို ရင်ဆိုင်ရာတွင် အခက်အခဲများရှိနိုင်ပါသည်။ လွယ်လွယ်နှင့် ရင်ဆိုင်နိုင်မည်မဟုတ်ပါ။

ကျူးထိုက်ဖုန်းက သမီးဖြစ်သူအား စေ့စေ့ကြည့်လိုက်ပြီး မှာကြားလေ၏။

"ကဲ ... ကဲ ... စိတ်ညစ်စရာတွေ သိပ်ပြီးစဉ်းစားမနေနဲ့တော့ သမီးလည်း သမီးအစ်ကိုမရှိတုန်း ... ရာဇဝတ်နှိမ်နင်းရေးအဖွဲ့က တာဝန်တွေကို ဂရုတစိုက်ထမ်းဆောင်ပါ ... ကိုယ်က စိတ်ညစ်တာလေးနဲ့ တာဝန်တွေကို မလစ်ဟင်းပါစေနဲ့ ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဖေဖေ ... သမီးအလုပ်တာဝန်တွေကို မလစ်ဟင်းစေရအောင် ထမ်းဆောင်ပါတယ် ... အခုလည်း လူတိုင်းလူတိုင်း တာဝန်ကို အတိအကျထမ်းဆောင်နေပါတယ် ... "

ကျူးထိုက်ဖုန်းက ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

"တာဝန်ဆိုတာ မလစ်ဟင်းရင် အကောင်းဆုံးပဲ ... ကဲ ... ကဲ ... သမီးလည်း လုပ်စရာရှိတာ သွားလုပ်ပါ ... "

ထိုအခါ ...

ကျူးဝေဝေသည် ထိုင်ရာမှ ထလိုက်၏။

သူသည် ဇနီးဖြစ်သူအား ဦးညွှတ်ဂါရဝပြု၍ အခန်းထဲမှ ထွက်သွားလေတော့သည်။

ရာဇဝတ်နှိမ်နင်းရေးအဖွဲ့ ...

ကွမ်ရှုမ်းမြို့မှ ရာဇဝတ်နှိမ်နင်းရေးအဖွဲ့သည် နာမည်ကျော်ကြားလှသည်။

ရာဇဝတ်နှိမ်နင်းရေးအဖွဲ့ခေါင်းဆောင်မှာ နယ်စားကြီးကျူးထိုက်ဖုန်း၏သားဖြစ်သူ ကျူးယဲ့မင်းဖြစ်ပါသည်။

ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့၏ဌာနမှူးမှာ နန်းကုန်းလွီဖြစ်သည်။

ကျူးယဲ့မင်းတို့ ဟုန်ကျန်းနယ်သို့ ခရီးထွက်သွားသည်မှာ တစ်လခွဲပင် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

ထို့ကြောင့် ...

ယာယီခေါင်းဆောင်အဖြစ် ရာဇဝတ်နှိမ်နင်းရေးအဖွဲ့၏ခေါင်းဆောင်မှာ နန်းကုန်းလွီဖြစ်ပါသည်။

နန်းကုန်းလွီ၏လက်အောက်တွင် ကျူးဝေဝေ၊ ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ရှိကြသည်။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာ မြို့တော်ဝန်ကျူးထိုက်ဖုန်း၏ တူများဖြစ်ကြသည်။ ကျူးဝေဝေနှင့် မောင်နှမတော်စပ်သည်။

သူတို့သုံးယောက်၏သိုင်းပညာမှာ ဆရာတစ်ဦးတည်းတွင် ပညာသင်ကြားခဲ့ကြသူများဖြစ်သည်။

ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့မှာမူ ရာဇဝတ်နှိမ်နင်းရေးအဖွဲ့သို့ဝင်မှ သိရှမ်းခင်မင်ရင်းနှီးခြင်းဖြစ်၏။

လွင်ရှမ်းရင်မှာ မိန်းကလေးဖြစ်သော်လည်း သိုင်းပညာထက်သန်လှပေသည်။

လိမ္မာပါးနပ်၍ သွက်လက်ချက်ချာသူဖြစ်သည်။

ထို့ကြောင့် ...

ရာဇဝတ်နိမ်နင်းရေးအဖွဲ့တွင် အရေးပါသူတစ်ယောက်ဖြစ်ပါသည်။

ကျင်းဝမ်လင်မှာမူ သိုင်းပညာထူးချွန်သူဖြစ်သည်။

တည်ကြည်ခန့်ညားသော ရုပ်သွင်နှင့် ယောကျ်ားပီသသူဖြစ်သည်။

သူသည်လည်း နိုင်ငံအတွက်တာဝန်ထမ်းဆောင်ရင်းရာဇဝတ်နိမ်နင်းရေးအဖွဲ့တွင် အရေးပါသူတစ်ယောက်ဖြစ်သည်။

သူတို့ငါးယောက်စလုံးသည် ရာဇဝတ်နိမ်နင်းရေးအဖွဲ့တွင် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်ကြပြီး တိုင်းပြည်အတွက် အသက်ပေးထားသူများဖြစ်ပါသည်။

သူတို့၏ သေရန်မကြောက်မှုများကြောင့် အမှုပေါင်းများစွာတွင် တရားခံများကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ရာဇဝတ်မှု နိမ်နင်းရေးဌာန ...

ရာဇဝတ်မှုနိမ်နင်းရေးဌာနချုပ်သည် ကွမ်ရှမ်းမြို့မြောက်ဝိုင်းတွင် တည်ရှိ၏။ နယ်စားကြီး၏ အိမ်နှင့်ဆိုလျှင် တောင်နှင့်မြောက်ဖြစ်နေပေသည်။

ယခု ...

ရာဇဝတ်မှုနိမ်နင်းရေးဌာနချုပ်၏ သီးသန့်ခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။

သီးသန့်ခန်းထဲတွင် စားပွဲရှည်ကြီးတစ်လုံးရှိသည်။

စားပွဲရှည်၏ တစ်ဖက်ထိပ်တွင် ဌာနမှူးနန်းကုန်းလွိုက တည်ငြိမ်စွာ ထိုင်နေ၏။

စားပွဲ၏တစ်ဘက်တစ်ချက်တွင် ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်၊ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ တိတ်ဆိတ်စွာ ထိုင်နေကြသည်။

သူတို့သည် ဌာနမှူးနန်းကုန်းလွိုပြောလာမည့် အဖိန့်စကားကို နားစွင့်နေကြခြင်းဖြစ်သည်။

အတန်ကြာမှ ...

ဌာနမှူးနန်းကုန်းလွိုက ကျူးရှောင်လုံတို့လူစုအား တစ်ချက်ကြည့်လိုက်ပြီး ...

"မင်းတို့ ဒီတစ်ခါထမ်းဆောင်ရမယ့် တာဝန်က မြို့အနောက်ဘက်က 'တုံယန်း' ဂေဟာပိုင်ရှင်ကို ဖမ်းဆီးဖို့ပဲ ... "

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်လုံးပြူးသွားသည်။

ကျူးစုဖန်က နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"တုံယန်းဂေဟာပိုင်ရှင် တုံယန်ဝူးကိုလား ဌာနမှူး ... "

ဌာနမှူးနန်းကုန်းလွိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... တုံယန်ဝူးကိုပဲ ... သူဟာ တုံယန်းဂေဟာအရှေ့မှာ အထည်အလိပ်ဆိုင်ဖွင့်လှစ်ထားတယ်ဆိုတာ လူတိုင်းအသိပဲ ဒါပေမယ့် ... ဂေဟာထဲမှာ လောင်းကစားဝိုင်းဖွင့်လှစ်ထားတာကိုတော့ လူတိုင်းမသိဘူး ... အခု ... ကျွပ်က တုံယန်းဂေဟာထဲက လောင်းကစားဝိုင်းတွေအကြောင်း သေချာစုံစမ်းပြီးပြီ ... ဒါကြောင့် တုံယန်ဝူးကို မင်းတို့ဖမ်းဆီးဖို့ တာဝန်ပေးလိုက်တာပဲ ... "

ယခုမှ ကျူးရှောင်လုံတို့လူစုမှာ နားလည်သဘောပေါက်သွားသည်။

ဌာနမှူးနန်းကုန်းလွိုက စကားဆက်လိုက်၏။

"ကဲ ... ဒီနေ့ညနေပဲ လူပ်ရှားကြပါ ... မင်းတို့ဘက်က မပျေ့ဆပါစေနဲ့ ... အားလုံးသတိရှိရှိနဲ့ သွားကြပါ ... စျေးဝယ်သူတွေကို ရုတ်ရုတ်သဲသဲမဖြစ်ပါစေနဲ့ ... အခြေအနေကို မဆိုးဝါးသွားအောင် တတ်နိုင်သလောက် ထိန်းသိမ်းပါ ... အရေးကြီးတာက တကယ့်တရား ခံကို မိဖို့ပဲ ... တခြားလူတွေ ဒုက္ခရောက်မယ်ဆိုရင် ... တရားခံလွတ် သွားချင် လွတ်သွားပါစေ ... တခြားသူတွေကိုတော့ ဒုက္ခမရောက်စေနဲ့ ... "

သူသည် ယင်းသို့ပြောပြီး ကျူးရှောင်လုံအား စေ့စေ့ကြည့်လိုက်၏။

"ကျူးရှောင်လုံ ... မင်းဟာ ဒီအဖွဲ့ထဲမှာ သိုင်းပညာအထူးချွန်ဆုံးနဲ့ အထက်မြက်ဆုံးပဲ ... ဒါကြောင့် ဒီတာဝန်ကို မင်းကိုကျပ်ပေးအပ်လိုက်တယ် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဌာနမှူး ... ကျွန်တော်ကျေပွန်စွာ ထမ်းဆောင်ပါ့မယ် ... ရုတ်ရုတ်သဲသဲ မဖြစ်စေရပါဘူး ... "

ထိုအခါ ...

ဌာနမှူးနန်းကုန်းလွိုသည် ကျွန်သူများဘက်သို့လှည့်လိုက်ပြီး

"ကဲ ... မင်းတို့ကလည်း ကျူးရှောင်လုံရဲ့စကားကို နားထောင်ကြပါ ... "

သူသည် ယင်းသို့ပြောပြီး လက်ဝှေ့ယမ်းပြလိုက်၏။

"ကဲ ... ကဲ ... မင်းတို့သွားနိုင်ပြီ ... အစစ အရာရာမပျေ့ဆပါစေနဲ့ ... "

ကျူးရှောင်လုံတို့ငါးယောက်သည် ထိုင်ရာမှ ထလိုက်ကြသည်။

ထို့နောက် ...

ဌာနမှူးနန်းကုန်းလွိုအား ဦးညွှတ်ဂါရဝပြု၍ အခန်းထဲမှ ထွက်လာခဲ့ကြလေတော့သည်။

သူတို့သည် ဌာနချုပ်၏အခြားအခန်းတစ်ခန်းတွင်း၌ စုဝေးကြသည်။

ထိုအခန်းထဲတွင် ကျူးရှောင်လုံတို့လူစု စုဝေးလိုက်ကြ၏။

သူတို့သည် လူပ်ရှားရမည့် ကံ့ယန်းဂေဟာအကြောင်း ဆွေးနွေးရန် စုဝေးနေကြခြင်းဖြစ်သည်။

ကျူးစုဖန်က အစ်ကိုဖြစ်သူ ကျူးရှောင်လုံအားကြည့်ကာ မေးလိုက်၏။

"အစ်ကိုရှောင်လုံ ဒီကိစ္စကို ဘယ်လိုလူပ်ရှားမယ်လို့ စဉ်းစားထားလဲ ... ကျွန်တော်တို့က ဘယ်အခန်းက ဝင်ပါရမလဲ ... "

ထိုအခါ ...

ကျူးရှောင်လုံ၏မျက်နှာသည် လေးလေးနက်နက်ဖြစ်နေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောလိုက်လေ၏။

"ဒီကိစ္စကို ပေါ့ဆလို့မဖြစ်ဘူး ... တုံယန်းဂေဟာပိုင်ရှင် တုံယန်ဝူးဟာ ဒီကွမ်ရှမ်းမြို့မှာ သူဌေးစာရင်းဝင်ပဲ ... သူ့ကို လွယ်လွယ်နဲ့တော့ ဖမ်းဆီးလို့ရမှာ မဟုတ်ဘူး ... ဒါကြောင့် သေချာအကွက်ကျကျစီစဉ်ပြီးမှ သွားလို့ရမယ် ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဆို ... အစ်ကိုရှောင်လုံက ဘယ်လိုစီစဉ်မလဲ ... "

ကျူးရှောင်လုံ စဉ်းစားရသည်။ မြို့မျက်နှာဖုံးဆိုသူကို မပိုင်ဘဲ နှင့် သွားဖမ်းလိုက်ပါက အမှုသည် နေပြည်တော်အထိ ပေါက်ကြားသွားနိုင်သည်။

သူသည် တစ်စုံတစ်ခုကို သတိရလာလေ၏။

"ဒီလိုလုပ် ... ညနေကျရင် ကျုပ်ရယ် ... ညီလေးစုဖန်နဲ့ ဝမ်လင်ရယ် ... ကျုပ်တို့သုံးယောက်က တံုယန်းဂေဟာက အထည်ဆိုင်ကို သုံးယောက်တစ်ဖွဲ့သွားမယ် ... ကျုပ်က မွန်ဂိုကုန်သည်ပုံစံ ဝတ်စားပြင်ဆင်သွားမယ် ... ညီလေးစုဖန်နဲ့ ဝမ်လင်ကတော့ မွန်ဂို ပုံစံဝတ်စားပါ ... ဝမ်လင်က ကျုပ်ရဲ့မြင်းရထားကို မောင်းပေးပါ ... စုဖန်ကတော့ ကျုပ်ရဲ့အနိုင်းအစေပုံစံ ဟန်ဆောင်ရမယ် ... "

သူ၏စကားကြောင့် ကျူးစုဖန်၏မျက်နှာမှာ ရှုံ့မဲ့သွားလေသည်။

ကျူးစုဖန်ကိုကြည့်ကာ ကျန်သူများမှ ရယ်မောလိုက်ကြလေ၏။

"ဟား ... ဟား ... ဟား ... "

"ခစ် ... ခစ် ... ခစ် ... "

ထိုစဉ် ...

ကျူးရှောင်လုံ၏ ဟန့်တားသံထွက်ပေါ်လာသည်။

"တိတ်စမ်း ... အရေးကြီးတဲ့ကိစ္စကို ဆွေးနွေးနေတာ ဘာရယ်စရာပါလို့လဲ ... ထမ်းဆောင်ရမည့်တာဝန်ကို မင်းတို့ ဒီလိုပေါ့ပေါ့ဆဆသဘောထားလို့ မရဘူး ... နားလည်လား ... "

ကျူးရှောင်လုံ၏ အော်ငေါက်လိုက်သောစကားကြောင့် ကျန်

သူများမှာ ရယ်မောခြင်းကို ရပ်လိုက်မိကြသည်။

ထိုအခါမှ ...

ကျူးရှောင်လုံက စကားဆက်လိုက်သည်။

"ညီမလေးကျူးဝေဝေနဲ့ လွင်ရှမ်းရင်တို့က အထည်အလိပ် ဝယ်မယ့် မိန်းကလေးတွေဟန်ဆောင်ပါ ... အထည်အလိပ်တွေကို ရွေးချင်ဟန်ဆောင်ပြီး အချိန်ဆွဲထားပါ ... ကျုပ်တို့သုံးယောက်က ဂေဟာထဲကို ရောက်အောင်ဝင်မယ် ... အခွင့်သင့်တာနဲ့ မင်းတို့နှစ်ယောက်လည်း ဂေဟာထဲကို ဝင်ခဲ့ကြပါ ... "

သူသည် ထိုသို့ပြောပြီး ကျန်လူလေးယောက်ဆီသို့ မျက်လုံးဝေ့ကြည့်လိုက်၏။

"ကဲ ... ကျုပ်တို့ပြောတဲ့ အစီအစဉ်ကို နားလည်ကြလား မရှင်းတာရှိရင် ထပ်မေးနိုင်တယ် ... "

ကျူးစုဖန်တို့လေးယောက်က ပြိုင်တူဖြေလိုက်သည်။

"နားလည်ပါတယ် ... "

ထိုအခါ ...

ကျူးရှောင်လုံသည် ထိုင်ရာမှထလိုက်ပြီး ...

"ကဲ ... နားလည်ရင် ညနေကျရင် စလှုပ်ရှားကြမယ် ... အားလုံးသတိရှိပါစေ ... "

သူသည် ယင်းသို့ပြောပြီး ဆည်ခန်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။

... ရှင် ...

တုံယန်းဂေဟာ ...

တုံယန်းဂေဟာသည် ကွမ်ရှမ်းမြို့၏အနောက်ဘက်တွင် တည်ရှိသည်။

တုံယန်းဂေဟာပိုင်ရှင်မှာ သူဌေးကြီးတုံယန်ဝူးပင်ဖြစ်သည်။ သူဌေးကြီးတုံယန်ဝူးသည် အသက်လေးဆယ်ကျော်ခန့်သာ ရှိဦးမည်။ လူလတ်ပိုင်းအရွယ်ဟု ပြောနိုင်သည်။ ချမ်းသာလွန်း၍ သူဌေးကြီးဟု ခေါ်ဆိုနေကြခြင်းဖြစ်သည်။

ပိန်ပါးသော ခန္ဓာကိုယ်နှင့် ခန့်ညားသော ရုပ်သွင်ရှိသူဖြစ်သည်။

မည်သို့ဆိုစေ ...

တုံယန်ဝူးသည် ကွမ်ရှမ်းမြို့၏ သူဌေးကြီးစာရင်းဝင်ဖြစ်သည်။ သူ့ကို မသေချာဘဲနှင့် မည်သူမျှ မဖမ်းဆီးရဲပါ။

ဒို့အပြင် ...

'တုံ'မျိုးနွယ်တို့၏ ရှေ့ဆောင်လမ်းပြခေါင်းဆောင်ကောင်း တစ်ဦးလည်းဖြစ်ပါသည်။

ညနေအချိန်ကာလသို့ ရောက်ရှိလာလေပြီ။

ကွမ်ရှမ်းမြို့အနောက်ဘက်လမ်းမကြီးပေါ်တွင် လူသွားလာများဖြင့် စည်ကားနေသည်။

ထည်ဝါခန့်ညားလှသော တုံယန်းဂေဟာသည် ထိုလမ်းမကြီးပေါ်တွင် တည်ရှိသည်။ မည်သည့်အဆောက်အဦမျှ တုံယန်းဂေဟာကို မမီပါ။

တုံယန်းဂေဟာ၏ရှေ့တွင် အထည်အလိပ်ဆိုင်ကြီးတည်ရှိသည်။

ထိုအထည်အလိပ်ဆိုင်ကြီးသည် သူဌေးကြီးတုံယန်ဝူးပိုင်ဆိုင်ပါသည်။

သူဌေးကြီးတုံယန်ဝူးသည် ထိုအထည်အလိပ်ဆိုင်ကြီးတွင် ဆိုင်အလုပ်သမားများထားရှိသည်။ ထိုအလုပ်သမားများက အထည်အလိပ်များကို ပြသရောင်းဝယ်ကြသည်။ ငွေပေးငွေယူရှင်းတမ်းများ ဖြွလုပ်ကြသည်။

ထိုအချိန်တွင် တုံယန်းအထည်အလိပ်ဆိုင်သို့ မိန်းကလေးနှစ်ဦးရောက်ရှိလာလေ၏။

ထိုမိန်းကလေးများသည် လှပစွာပြင်ဆင်ထားသည်။

တစ်ယောက်မှာ ရွှေဝါရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာမူ ပန်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသည်။

ထိုမိန်းကလေးနှစ်ယောက်မှာ ရုပ်ရည်ချောမောလှပသူများ ဖြစ်သည်။

ထိုမိန်းကလေးနှစ်ယောက်အား ကြည့်ရုံဖြင့် သူဌေးသူကြွယ်များ၏ သမီးပျိုလေးများဖြစ်ကြောင်း သိသာနိုင်သည်။

ထိုကြောင့် ...

ဆိုင်အလုပ်သမားများသည် ထိုမိန်းကလေးနှစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်နှင့် ပျာပျာသလဲ ကြိုဆိုလိုက်လေ၏။ နှုတ်ခွန်းဆက်ကြ၏။

"ကြွပါ ... ကြွပါ မမလေးတို့ ကျွန်တော်တို့ဆိုင်မှာ အထည်အလိပ်အရောင်အသွေးမျိုးစုံရှိပါတယ် ... စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ် ခင်ဗျာ ... "

ထိုအခါ ...

ရွှေဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးက ပြုံးရွှင်သော မျက်နှာထားဖြင့် ပြောကြားလေ၏။

"ဘျန်မတို့ တာဇူးမြို့ကပါ ... ဒီကွမ်ရှမ်းမြို့ကိုရောက်တုန်း အထည်အလိပ်တွေ ဝယ်ချင်လို့ ရှင်တို့တုံယန်းအထည်အလိပ်ဆိုင်က အရောင်အသွေးစုံလင်တယ်ဆိုလို့ လာခဲ့တာရှင့် ... "

သူမ၏စကားကြောင့် ဆိုင်တာဝန်ခံ၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

"ဩော် ... မမလေးတို့က တာဇူးမြို့က ဧည့်သည်တွေကိုး စိတ်ချပါဗျာ ... ကျွပ်တို့ တုံယန်းအထည်အလိပ်ဆိုင်ဟာ ဒီကွမ်ရှမ်းမြို့မှာ အကြီးဆုံးဆိုင်ပါပဲ ... အထည်အလိပ်မျိုးစုံ အရောင်အသွေးမျိုးစုံ ရှိပါတယ် ... နှစ်သက်ရာကို စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ် ... "

ရွှေဝါရောင် ဝတ်ဆင်ထားသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... ဘျန်မတို့အထည်တွေကို စိတ်ကြိုက်ရွေးချယ်ခွင့်ရတာ ကျေးဇူးတင်ပါတယ်ရှင် ... အရောင်တွေက စုံတော့ ရွေးနိုင်မှ ကိုယ်လိုချင်တဲ့ အရောင်ကိုရမှာ ... "

ဆိုင်တာဝန်ခံက ကယောကယာ လက်ကာပြလိုက်၏။

"ရပါတယ်ဗျာ ... ဒါ ဝယ်သူကိုင်းရရှိသင့်ကဲ့ အမှင့်အရေးပဲ ကျေးဇူးတင်စရာမလိုပါဘူး ... "

ထို့နောက် ... မိန်းကလေးနှစ်ယောက်သည် ဆိုင်တွင်း၌ အထည်အလိပ်များအား လှည့်လည်ကြည့်ရှုကြလေသည်။

သူတို့နှစ်ယောက်အား ဆိုင်အလုပ်သမားများက လိုက်လံပြသပေးကြသည်။

ထိုအချိန်တွင် ...

ဆိုင်တာဝန်ခံသည် ဆိုင်အနောက်ဘက်ရှိ ဂေဟာတွင်းသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်သွားသည်ကို တွေ့မြင်လိုက်ရ၏။

သူ၏အပြုအမူကို ရွှေဝါရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးတို့က အထည်အလိပ်ရွေးရင်း သေချာစွာအကဲခတ်ကြည့်ရှုနေကြသည်။

ထိုမိန်းကလေးနှစ်ယောက်မှာ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ပင် ဖြစ်ကြပါသည်။

ထိုအချိန်၌ မြင်းခွာသံများသည် လမ်းတစ်ဖက်၌ ထွက်ပေါ်လာလေ၏။

"ခွပ် ... ခွပ် ... ခွပ် ... "

မြင်းခွာသံများက စည်းချက်မှန်မှန်ကွက်ပေါ်နေသည်။

ကွမ်ရှမ်းမြို့အနောက်ဘက်ရှိ လမ်းမကြီးပေါ်၌ မြင်းရထားတစ်စီး မောင်းနှင်လာသည်။

မြင်းရထားမှာ အပြူရောင်ဖြစ်ပြီး ထည်ဝါခန့်ညားလှသည်။

မြင်းရထားအား မြင်းလေးကောင်က ဆွဲသည်။ မြင်းလေးကောင်ဆွဲသည့် ရထားများသည် ရှားပါးလှ၏။ နှစ်ကောင်ဆွဲရထားများသာ များသည်။

မြင်းများမှာ သန်မာထွားကျိုင်းလှပြီး ဒေါက်ကောင်းလှသည့် မွန်ဂိုမြင်းကြီးများဖြစ်သည်။

ထိုမြင်းရထားအား ကြည့်ရုံဖြင့် ငွေကြေးချမ်းသာသော သူဌေးသူကြွယ်များစီးနင်းသည့် မြင်းရထားမှန်း သိသာနိုင်သည်။

မြင်းရထားမောင်းသူနေရာတွင် အညိုရောင်ဝတ်စုံဝတ်ဆင်

ထားသော လူရွယ်တစ်ယောက်က မောင်းနှင်လိုက်ပါလာ၏။

ဒို့လူရွယ်၏ ဦးခေါင်းပေါ်တွင် သားမွေးဦးထုပ်တစ်လုံးကို ဆောင်းထားလေ၏။

ထိုလူရွယ်၏ဝတ်စားပြင်ဆင်ပုံကိုကြည့်ရုံဖြင့် မွန်ဂိုလူမျိုးတစ်ဦးဖြစ်မှန်း သိသာနိုင်သည်။

ယခု ...

ထိုလူရွယ်၏နံဘေးတွင် ဓားခိုးရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ထိုင်နေသည်။

ထိုလူရွယ်သည်လည်း သားမွေးဦးထုပ်တစ်လုံးကို ဆောင်းထားပြီး မွန်ဂိုလူမျိုးတစ်ယောက်အဖြစ်သာ တွေ့မြင်ကြရသည်။

ထိုလူရွယ်နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြချေ။ ငြိမ်သက်ကာ ရှေ့တူရွသို့ စူးစိုက်ကြည့်နေကြ၏။

မြင်းရထားဦးတည်ရာအရပ်မှာ 'တုံယန်း'အထည်အလိပ်ဆိုင်ဖြစ်ပါလေ၏။

'တုံယန်း'အထည်အလိပ်ဆိုင် ...

ဆိုင်၏နဖူးစည်းတွင် ရွှေရောင်စာလုံးများဖြင့် ရေးသားထားသော ကြေးဆိုင်းဘုတ်ကြီးတစ်ခုရှိသည်။

တုံယန်းအထည်အလိပ်ဆိုင်သည် ကွမ်ရှမ်းမြို့တွင် ကျော်ကြားလှသော အထည်အလိပ်ဆိုင်ကြီးပင် ဖြစ်ပါသည်။

ယခု ...

အထည်အလိပ်ဆိုင်ထဲတွင် ဓိန်းကလေးနှစ်ယောက်သည် အထည်အလိပ်များအား လိုက်လံကြည့်ရှု၍ နှစ်သက်ရာအရောင်ကို ရွေးချယ်နေကြ၏။

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် အထည်အလိပ်များအား ရွေးချယ်ဟန်ဆောင်ရင်း လမ်းမဘက်ဆီသို့ မသိမသာ မျှော်ကြည့်လိုက်ကြ၏။

သူတို့နှစ်ယောက်သည် ကျူးရှောင်လုံတို့လူစုအား စောင့်မျှော်နေကြခြင်းဖြစ်သည်။

သို့သော် ...

ယခုအချိန်ထိ ကျူးရှောင်လုံတို့သုံးယောက်၏အရိပ်အယောင်ကိုပင် မတွေ့မြင်ရချေ။

ထို့ကြောင့် ...

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့မှာ ရင်ထိတ်လာသည်။

ဓိဓိတို့သည် အထည်အလိပ်များဝယ်ယူမည်ဟု ဆိုင်တာဝန်ခံအား လိမ်ညာပြောဆိုပြီးပြီဖြစ်သည်။

ထို့ကြောင့်လည်း အထည်အလိပ်များကို မဝယ်ဘဲ ပြန်ထွက်၍ မဖြစ်နိုင်ချေ။

လွင်ရှမ်းရင်မှာ ဟန်မဆောင်နိုင်လောက်အောင်ပင် မျက်နှာပျက်နေသည်။ သူမသည် ရာဇဝတ်မှုခင်းဌာနဒု အချိန်အတော်ကြာထမ်းဆောင်ခဲ့ပြီးဖြစ်သော်လည်း ယခုအထိ ဟန်မဆောင်တတ်သေးချေ။

သူမ၏ပုံစံကြောင့် ဆိုင်အလုပ်သမားများက ရိပ်မိသွားမည်ကို ကျူးဝေဝေက စိုးရိမ်နေမိသည်။

ထို့ကြောင့် ...

သူမသည် လွင်ရှမ်းရင်အား မျက်နှာမပျက်စေရန် သတိပေးလိုက်ရ၏။ မျက်နှာရိပ် မျက်နှာကဲဖြင့် သတိပေးလိုက်ရခြင်းဖြစ်သည်။

သူမကိုယ်တိုင်လည်း ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"မောင်လေးတို့ဆိုင်က အတော်အထည်စုံတာပဲနော် ... အစ်မတို့က တံဃန်းဆိုင်ကို ဒီလောက်ကြီးမားလိမ့်မယ်လို့ မထင်ခဲ့ဘူး ... "

သူမက စကားမရှိ စကားရှာပြောလိုက်၏။

ထိုအခါ ...

ဆိုင်အလုပ်သမားလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် မမလေး ... ကျွန်တော်တို့ဆိုင်က အမြို့မြို့ အနယ်နယ်က အထည်အလိပ်မျိုးစုံကို ရောင်းချပါတယ် ... ကျွန်တော်တို့ဆိုင်က ကိုယ်တိုင်ရက်လုပ်တဲ့ အထည်အလိပ်တွေလည်း ရှိပါတယ် ကျွန်တော်တို့ကိုယ်တိုင်ရက်လုပ်တဲ့ အထည်အလိပ်တွေကိုတော့ အမြို့မြို့ အနယ်နယ်ကို ဖြန့်ချိပါတယ် ... "

ကျူးဝေဝေက စိတ်ဝင်စားဟန်ဖြင့် ...

"ဩော် ... ဟုတ်လား ... ဒါကြောင့် တံဃန်းဂေဟာဝိုင်ရှင် သူဌေးကြီးတံဃန်ဝူးဆိုရင် မသိသူမရှိ ကျော်ကြားတာပဲ့ ... သူဌေးကြီးရဲ့ ဂေဟာကြီးကလည်း ခံ့ညားလိုက်တာနော် ... "

ဆိုင်လုလင်လေးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ...

သူသည် ကျူးဝေဝေအား မော့ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"မမလေးတို့ တာဇူးမြို့မှာကော ဒီလိုကြီးကျယ်ခမ်းနားတဲ့ အထည်အလိပ်ဆိုင်ကြီး မရှိဘူးလား ... "

ကျူးဝေဝေက သွက်လက်စွာပင် ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူးကွယ် ... ဒီတံဃန်းအထည်အလိပ်ဆိုင်ကြီးလောက် ကြီးမားတဲ့ အထည်အလိပ်ဆိုင် မရှိသေးဘူး ... ဆိုင်ငယ်လေးတွေပဲ ရှိပါတယ် ... "

သူမ၏အပြောကြောင့် ဆိုင်လုလင်လေးများမှာ ကျေနပ်သွားဟန်တူသည်။

သူတို့က ဖော်ရွေပျော်ရွှင်စွာဖြင့် ပြောကြားကြလေ၏။

"မမလေးတို့ စိတ်ကြိုက်ရွေးကြနော် ... အချို့နှုန်းကြာလို့ဆိုပြီး ကျွန်တော်တို့ကို အားနာမနေနဲ့ ... စိတ်ကြိုက်တာရွေး ... ကျွန်တော်တို့ကို အားနာစရာမလိုဘူး ... "

ထိုအချိန်မှာပင် ရုတ်တရက်မြင်းခွာသံများ ဆူညံမွှာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုမြင်းခွာသံများကြောင့် အလုပ်သမားများသည် ဆိုင်ရှေ့သို့ လှည့်ကြည့်လိုက်မိကြသည်။

ထိုအခါ ...

ဆိုင်ရှေ့တွင် အဖြူရောင်မြင်းရထားတစ်စီးဆိုက်ရောက်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမြင်းရထားကို ကြည့်ရုံဖြင့် ချမ်းသာကြွယ်ဝသူများ စီးနင်းသည့် မြင်းရထားမှန်း သိသာလှသည်။

ထို့ကြောင့် ...

ဆိုင်အလုပ်သမားလေးများသည် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးရွှင်ထားလေသည်။ ပျားရည်ဆမ်းထားသည့် မျက်နှာများဖြစ်နေကြသည်။

မြင်းရထားသည် ရပ်တန့်သွားသည်နှင့် မြင်းရထားမောင်း

သမားနှင့် သူ၏ဘေးတွင်ထိုင်နေသော မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထား သော လူရွယ်တို့သည် မြင်းရထားပေါ်မှ ခုန်ဆင်းလာလေ၏။

ထိုလူရွယ်သည် ကပျာကယာ မြင်းရထားတံခါးကို ဆွဲဖွင့်ပေး လိုက်သည်။

မြင်းရထားတံခါးပွင့်သွားသည်နှင့် ရထားအတွင်းမှ အသက် ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်ဆင်းလာသည်။

ထိုအဘိုးအို၏အဝတ်အစားများမှာ သစ်လွင်တောက်ပလှ သည်။

သူ၏ဝတ်စားပြင်ဆင်မှုကို ကြည့်ရုံမျှဖြင့် မွန်ဂိုလူမျိုးတစ် ယောက်မှန်း သိသာလှသည်။

ထိုအဘိုးအိုသည် တုံယန်းအထည်အလိပ်ဆိုင်၏ ဆိုင်းဘုတ် ပြားကို သေချာစွာ ဖတ်ကြည့်လိုက်၏။

တုံယန်းအထည်အလိပ်ဆိုင်၏ ဆိုင်းဘုတ်ကလည်း ကြီးမား လှသည်။

ပြီးမှ ...

သူသည် တုံယန်းအထည်အလိပ်ဆိုင်ထဲသို့ လှမ်းဝင်လာ၏။

သူ၏နောက်မှ အခိုင်းအစေဖြစ်ဟန်တူသည့် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်နှင့် မြင်းလှည်းမောင်းသမားတို့က လိုက်ပါ လာခဲ့သည်။

ထိုအခါ ...

ဆိုင်လုလင်လေးများသည် ထိုအဘိုးအိုအား ကပျာကယာ ဆီးကြိုလိုက်၏။

"ကြွပါခင်ဗျာ ... ကြွပါ ... ကျွန်တော်တို့ဆိုင်မှာ အထည် အလိပ်အရောင်အသွေးမျိုးစုံရှိပါတယ် ... "

ဤမျှခရီးဦးကြိုပြုသော်လည်း အဘိုးအို၏မျက်နှာမှာ ခပ်တင်း တင်းပင်။

သူသည် လေသံမာမာဖြင့် ပြောလိုက်၏။

"မင်းတို့ဆိုင်ရဲ့ဆိုင်တာဝန်ခံကို ခေါ်လိုက်စမ်း ... "

သူ၏အပြုအမူကြောင့် ဆိုင်လုလင်လေးများမှာ ကြောက်ရွံ့ သွားသည်။

ထို့ကြောင့် ...

ဆိုင်လုလင်လေးတစ်ယောက်က အဘိုးအိုအား ဦးညွှတ် အရိုဂါရဝပြုလိုက်ပြီး ချီသာစွာ ပြောလေ၏။

"ကျွန်တော်တို့ဆိုင်မှာ အထည်အလိပ်မျိုးစုံရှိပါတယ် ... ကျွန် တော်တို့က ဆိုင်အလုပ်သမားတွေပါ ... ကျွန်တော်တို့ဆီမှာပဲ ဝယ်လို့ ရပါတယ်ခင်ဗျာ ... "

သို့သော် ...

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းတို့နဲ့ စကားမပြောချင်ဘူး ... ဆိုင်တာဝန်ခံ ကိုသာ ခေါ်လိုက်စမ်းပါ ... ကျုပ်က မွန်ဂိုပြည်က သူဋ္ဌေးကြီးထင်း ဟောက်ဆိုတာပဲ ... မင်းတို့ဆိုင်တာဝန်ခံကိုသာ ခေါ်လိုက်စမ်း ... "

သူ၏တင်းမာသောစကားကြောင့် ... ဆိုင်လုလင်များမှာ ကြောက်ရွံ့သွားသည်။

ထို့အပြင် ...

မွန်ဂိုပြည်မှ သူဋ္ဌေးကြီးထင်းဟောက်ဟုဆိုသောကြောင့် လည်း ပို၍ကြောက်ရွံ့သွားလေ၏။

ထို့ကြောင့် ...

ဆိုင်လုလင်လေးတစ်ယောက်က ကပျာကယာဦးညွှတ်ဂါရဝပြုပြီး ပြောလိုက်၏။

"ခဏလေးစောင့်ပါ သူဌေးမင်း ... ကျွန်တော်တို့ဆိုင်တာဝန်ခံကို ချက်ချင်းသွားခေါ်ပေးပါ့မယ် ... ခဏလေး သည်းခံစောင့်ပါနော် ... "

သူဌေးကြီးထင်းဟောက်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... အမြန်ဆုံးသွားခေါ်ခဲ့ပါ ... "

ဆိုင်လုလင်လေးသည် ဘာမျှမပြောတော့ပေ။

သူသည် ဆိုင်အနောက်ဘက်ရှိ ဂေဟာထဲသို့ အပြေးအလွှားဝင်ရောက်သွားလေတော့သည်။

... ရှိပါ ...

အခန်း (၃၉)

ဗမ်းဆီးခြင်း

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် အထည်အလိပ်များအား ရွေးချယ်နေကြ၏။

သူဌေးကြီးထင်းဟောက်သည် တင်းမာခက်ထန်သော မျက်နှာထားဖြင့် ဆိုင်တာဝန်ခံအား စောင့်မျှော်နေသည်။ ကျူးဝေဝေသည် သူဌေးကြီးထင်းဟောက်ကို လုံးဝမကြည့်ပါချေ။ သာမန်ငွေးဝယ်သူတစ်ယောက်သည် အခြားငွေးဝယ်သူတစ်ယောက်ကို စိတ်မဝင်စားကြချေ။ မကြာမီ ...

ဆိုင်လုလင်လေး ပြန်လည်ရောက်ရှိလာသည်။ သူ ဆိုင်တာဝန်ခံကိုသွားခေါ်ခိုန်သည် တိုတောင်းပါသည်။ ကျေနပ်ဖွယ်ရာဖြစ်ပါသည်။

သူ၏နောက်မှ ဆိုင်တာဝန်ခံ ကပျာကယာရောက်ရှိလာ၏။

သူဌေးကြီးထင်းဟောက်သည် ဆိုင်တာဝန်ခံအား စေ့စေ့ကြည့်လိုက်ပြီး မေးလိုက်၏။

"မင်းလား ... ဆိုင်တာဝန်ခံဆိုတာ ... "

ဆိုင်တာဝန်ခံက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်က တုံယန်းအထည်အလိမ်ခံဆိုင်ရဲ့ ဆိုင်တာဝန်ခံပါ ... "

သူဌေးကြီးထင်းဟောက်က ပြုံးလိုက်၏။

"အေး ... ကျုပ်က မင်းနဲ့ပဲ စကားပြောချင်တယ် ... "

ဆိုင်တာဝန်ခံက ချီသာသောမျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ဟုတ်ကဲ့ ... ကျုပ်တို့ဆိုင်မှာ အထည်အလိပ်မျိုးစုံရှိပါတယ် သူဌေးမင်းကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်ပါတယ် ... "

သူဌေးကြီးထင်းဟောက်က အနီးတွင်ရပ်နေသော ဆိုင်လုလင်လေးများအား တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... ကျုပ်နဲ့ ဆိုင်တာဝန်ခံ အလုပ်ကိစ္စပြောစရာရှိတယ် မင်းတို့ လုပ်စရာရှိတာ လုပ်ကြပါ ... "

ထိုစကားကြောင့် ဆိုင်တာဝန်ခံက အလိုက်သိစွာပင် ဆိုင်လုလင်လေးများဘက်သို့ လှည့်ကာ ပြောလိုက်သည်။

"ကဲ ... ကဲ ... မင်းတို့ လုပ်စရာရှိတာ လုပ်ကြပါ ... ဒီအနားမှာ လာရပ်မနေနဲ့ ... "

ထိုအခါ ...

ဆိုင်လုလင်လေးများသည် သူတို့အနီးမှ ထွက်ခွာသွားကြသည်။

ထိုအခါမှ ဆိုင်တာဝန်ခံက သူဌေးကြီးထင်းဟောက်ဘက်သို့ လှည့်ကာ ချီသာစွာ ပြောလေ၏။

"သူဌေးမင်း ... ပြောစရာရှိတာ စိတ်ချလက်ချသာပြောပါ ကျုပ်တို့ဆိုင်က အထည်အလိပ်တွေကို ဖောက်သည်ယူပြီး စီးပွားရေးအဖြစ် လုပ်ကိုင်မယ်ဆိုရင်လည်း ကျုပ်တို့က ဖောက်သည်လေးပါတယ် ကျုပ်တို့နဲ့ ဆက်ဆံသူတိုင်းကို စိတ်ချမ်းသာစေရပါမယ် ... "

သူဌေးကြီးထင်းဟောက်၏မျက်နှာထားကတော့ ခပ်တည်တည်ပင်။

သူသည် အင်္ကျီအိတ်အတွင်းမှ ကတ္တီပါရှဲ့အိတ်ကလေးအား ထုတ်ယူလိုက်၏။

သူ၏အပြုအမူကို ဆိုင်တာဝန်ခံက သေချာစွာ အကဲခတ်ကြည့်နေသည်။

ထိုအချိန်တွင် ...

သူဌေးကြီးထင်းဟောက်သည် ကတ္တီပါရှဲ့အိတ်ကလေးအား ဖွင့်လိုက်၏။

ထိုအခါ ...

အရောင်များလင်းလက်တောက်ပနေသည့် စိန်ပွင့်ကလေးများအား တွေ့မြင်လိုက်ရလေသည်။

ဆိုင်တာဝန်ခံ၏မျက်လုံးများမှာ ပုစွန်မျက်လုံးများကဲ့သို့ ပြူးသွား၏။

သူသည် စိန်ပွင့်ကလေးများအား ဘပ်မက်သော မျက်လုံးများဖြင့် ကြည့်နေ၏။

သူ၏အမူအရာကိုကြည့်ပြီး သူဌေးကြီးထင်းဟောက်က ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် ...

သူသည် ဆိုင်တာဝန်ခံအား စေ့စေ့ကြည့်၍ တည်ငြိမ်စွာ ပြော သည်။

"ကဲ ... ကျုပ်ရဲ့အခြေအနေကို မင်းနားလည်လောက်ပါပြီ ကျုပ် ဒီပစ္စည်းတွေကို တစ်ခဏချင်း တိုးပွားအောင်လုပ်ချင်တယ် ... မင်းကူညီပါ ... မင်းအတွက် အကျိုးမယုတ်စေရပါဘူး ... "

ထိုအခါ ...

ဆိုင်တာဝန်ခံ၏ မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သူသည် ကပျာကယာ ဂျုံခြေဆည်၍ ခေါင်းခါယမ်းလိုက်၏။

"သူဌေးမင်း ဘာကိုဆိုလိုတာလဲ ... ကျုပ်နားမလည်ဘူး"

သူ၏စကားကြောင့် သူဌေးကြီးထင်းဟောက်က ပြုံးလိုက် သည်။

"မင်းက ဒီတုံဃန်းအထည်အလိပ်ဆိုင်ရဲ့ ဆိုင်တာဝန်ခံမဟုတ် လား ... "

ဆိုင်တာဝန်ခံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျုပ်က တုံဃန်းအထည်အလိပ်ဆိုင်ရဲ့ ဆိုင်တာဝန်ခံပါ ... "

သူဌေးကြီးထင်းဟောက်က ခေါင်းညိတ်လိုက်ပြီး ...

"မင်းက ဆိုင်တာဝန်ခံဆိုရင် ... ကျုပ်ပြောတဲ့စကားရဲ့ အဓိ ပ္ပါယ်ကို နားလည်ပါလိမ့်မယ် ... "

ထိုစကားကြောင့် ဆိုင်တာဝန်ခံမှာ တွေဝေသွားသည်။

အတန်ကြာမှ ...

သူက ဆုံးဖြတ်ချက်ကစ်ခုခ် ချလိုက်ဟန်ဖြင့် ...

"ဟုတ်ကဲ့ ... ကျုပ် နောက်လိုက်ခဲ့ပါ သူဌေးမင်း ... "

သူသည် ယင်းသို့ပြောပြီး ဆိုင်အနောက်ဘက်ရှိ ဂေဟာထဲ ဆီသို့ သွားရန် ခြေလှမ်းပြင်လိုက်၏။

ထို့ကြောင့် ...

သူဌေးကြီးထင်းဟောက်နှင့်အတူ မီးခိုးရောင်ဝတ်ဆင်ထား သော အခိုင်းအစေလူရွယ်နှင့် မြင်းလှည်းမောင်းသမားလူရွယ်တို့ ကလည်း သူ၏နောက်မှလိုက်ရန် ဟန်ပြင်လိုက်၏။

ထိုအခါ ...

ဆိုင်တာဝန်ခံမှာ ခြေလှမ်းရပ်တန့်သွားလေသည်။

သူသည် အခိုင်းအစေလူရွယ်နှင့် မြင်းလှည်းသမားတို့အား စိတ်မချသလိုကြည့်ကာ ...

"မင်းတို့ဆိုင်ထဲမှာပဲ နေခဲ့ကြပါ ... "

သူဌေးကြီးထင်းဟောက်က လက်ကာပြလိုက်၏။

"သူတို့အတွက် စိတ်ချပါ ... ကျုပ်တာဝန်ယူပါတယ် ... သူ တို့နှစ်ယောက်က ကျုပ်ရဲ့အခိုင်းအစေလူယုံတွေပါ ... ကျုပ်ကို ကာ ကွယ်ဖို့ လိုက်လာတာပါ ... "

ထိုစကားကြောင့် ဆိုင်တာဝန်ခံမှာ ဘာမျှမပြောတော့ပေ။

သူသည် ဂေဟာဆီသို့ လျှောက်သွားတော့သည်။

သူ၏နောက်မှ သူဌေးကြီးထင်းဟောက်တို့လူစုကလည်း လိုက်ပါသွားသည်။

ထိုအချိန်တွင် ...

အထည်အလိပ်ရွှေးနေသော ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ သည် သူတို့၏လှုပ်ရှားမှုကို တစေ့တစောင်း အကဲခတ်ကြည့်နေကြ သည်။

ထိုမွန်ဂိုသူဌေးထင်းဟောက်မှာ ကျူးရှောင်လုံဖြစ်ပြီး မီးခိုး ဝတ်စုံဝတ်ဆင်ထားသော အခိုင်းအစေမှာ ကျူးစုဖန်ဖြစ်ပြီး မြင်းလှည်း မောင်းသမားမှာ ကျင်းဝမ်လင်တို့ပင် ဖြစ်ပါလေ၏။

တုံယန်းဂေဟာ ...

တုံယန်းဂေဟာအတွင်း၌ မီးရောင်များ ထိန်လင်းစွာ ထွန်းညှိထားသည်။ နေ့ခင်းဘက်မြင်တွေ့သကဲ့သို့ မြင်တွေ့နိုင်သည်။

ထိုမီးရောင်အောက်တွင် ကျောက်စားပွဲဝိုင်းကြီးများရှိပြီး ထို ကျောက်စားပွဲဝိုင်းကြီးများတွင် လူအများစုရုံးရောက်ရှိနေကြသည်။

လူအများစုရုံးရောက်ရှိကြမည်လေ။

ထိုကျောက်စားပွဲဝိုင်းကြီးများမှာ လောင်းကစားဝိုင်းကြီးများ ပင်ဖြစ်ပါသည်။

ထိုလူများမှာ လောင်းကစား ကစားနေကြသူများပင်ဖြစ်ပါသည်။ အားလုံးသည် သူများအိတ်ထဲမှ ပိုက်ဆံကို လိုချင်သူများသာဖြစ်သည်။ သူများပိုက်ဆံကို မက်ရင်း ကိုယ့်အိတ်ထဲမှ ပိုက်ဆံများသာပါသွားခဲ့ကြသည်။

ဆိုင်တာဝန်ခံသည် ကျူးရှောင်လုံတို့လူစုအား ဂေဟာထဲသို့ ခေါ်ဆောင်လာလေ၏။

ကျူးရှောင်လုံသည် ဂေဟာအတွင်းမှ လောင်းကစားဝိုင်းများအား တစ်ချက်အကဲခတ်လိုက်သည်။

လောင်းကစားနေသည့်လူများသည် သူတို့အား ဂရုမစိုက်ပါချေ။

လောင်းကစားဝိုင်းတွင်သာ အာရုံပြုနေကြသည်။

ဆိုင်တာဝန်ခံက ခြေလှမ်းရပ်တန့်လိုက်ပြီး ကျူးရှောင်လုံ

ဘက်သို့လှည့်ကာ ...

"သူဌေးမင်း ... ဒီမှာ လောင်းကစားဝိုင်းမျိုးစုံရှိပါတယ် ... သူဌေးမင်း နှစ်သက်ရာ လောင်းကစားဝိုင်းမှာ ဝင်ကစားနိုင်ပါတယ် ကစားဝိုင်းတိုင်းမှာ ကစားနိုင်ပါတယ် ခင်ဗျာ ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ဒါပေမယ့် ကျွန်ုပ်ရဲ့အရင်းအနှီးက မင်းမြင်တဲ့အတိုင်းပဲ တန်ဖိုးကြီးမားတယ် ... ဒါကြောင့် ဒီလောင်းကစားဝိုင်းက ဒိုင်တွေနဲ့ မကစားချင်ဘူး ... သူဌေးကြီးတုံယန်ဝူးကိုယ်တိုင်ကိုင်တဲ့ ဒိုင်မှာပဲ ကစားချင်တယ် ... "

သူ၏စကားကြောင့် ဆိုင်တာဝန်ခံမှာ မည်သို့ပြောရမှန်းမသိ ဖြစ်သွားသည်။

အတန်ကြာမှ ...

သူက ခေါင်းကိုခါယမ်းလိုက်ပြီး ချိုသာစွာပြောပြလေ၏။

"ကျွန်ုပ်တို့သူဌေးမင်းတုံယန်ဝူးက ကိုယ်တိုင်ဒိုင်မကိုင်ပါဘူး အခု လောင်းကစားဝိုင်းတွေမှာ ခန့်ထားတဲ့ ဒိုင်တွေကလည်း သူဌေးမင်းတုံရဲ့ ကိုယ်စားလှယ်တွေပါပဲ ... အလျော်အစား စိတ်ပူစရာမလိုပါဘူး ... အားလုံး စိတ်ချရပါတယ် ... သူဌေးမင်းနိုင်ရင် လျော်မှာအသေအချာပါပဲ ... ပြဿနာမရှိပါဘူး ... "

သို့သော် ...

ကျူးရှောင်လုံကမူ တင်းမာစွာပြောသည်။

"ဒီလိုဆိုရင်တော့ ... ကျွန်ုပ်ပြန်ရလိမ့်မယ် ... ကျွန်ုပ်က မွန်ဂိုပြည်ကနေတောင် ဒီကိုလာခဲ့ရတာ ... မင်းတို့ တုံယန်းဂေဟာရဲ့ လောင်းကစားဝိုင်းတွေဟာ ... ကျွန်ုပ်အတွက် စိတ်ကျေနပ်မှုပေးနိုင်

မယ်ထင်လို့ကွ ... အခုလို အလျော်အစားကို သူဌေးကြီးတုံယန်ဝူးကိုယ်တိုင် ဒိုင်မကိုင်ဘူးဆိုရင် ကျွေပ်စိတ်မချဘူး ... ဒီတော့ ကျွေပ်တို့ ပြန်ရံပဲ ရှိတယ် ... "

သူသည် ယင်းသို့ပြောပြီး ပြန်လှည့်ရန် ခြေလှမ်းပြင်လိုက်၏။

ထိုအခါ ...

ဆိုင်တာဝန်ခံမှာ မျက်လုံးပြူးသွားသည်။

သူသည် ကပျာကယာလေးကာပြလိုက်ပြီး ဟန့်တားလိုက်၏။

"ခဏနေပါဦး သူဌေးမင်း ... "

သူ၏အသံကြောင့် ကျူးရှောင်လုံက ပြန်လှည့်ကြည့်လိုက်သည်။

"မင်းက ဘာ ပြောဦးမလို့လဲ ... "

ဆိုင်တာဝန်ခံက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ခဏစောင့်ပါ သူဌေးမင်း ... ကျွေပ် သူဌေးမင်းတုံကို သွားခေါ်ပေးပါ့မယ် ... "

သူသည် ယင်းသို့ပြောပြီး အတွင်းခန်းထဲသို့ ကပျာကယာပြေးဝင်သွားလေတော့သည်။

ဆိုင်တာဝန်ခံသည် ဤမျှချမ်းသာကြွယ်ဝသည့် လောင်းကစားမည်သူတစ်ဦးအား လက်လွတ်မခံနိုင်ပါချေ။

တုံယန်းဂေဟာအတွင်း၌ စကားပြောသံများဖြင့် ဆူညံနေသည်။

လောင်းကစားဝိုင်းများဆီမှ ထွက်ပေါ်လာသော စကားများမှာ အထိန်းအကွပ်မဲ့စွာ ဆူညံလွန်းလှသည်။ ထိုကဲ့သို့ ကိုယ့်အတံ

ဆဲမှ ဝိုက်ဆဲလာဖြန်းသူများအား မည်သူက တားဆီးဝိတ်ဝင်ရန် ကြိုးစားပါအုံးနည်း။

လောင်းကစားဝိုင်းတိုင်းတွင် ကစားသူများဖြင့် စည်ကားနေသည်။

ဒိုင်များသည်လည်း ပြိုးရွှင်သောမျက်နှာထားဖြင့် အလျော်အစားပြုလုပ်နေကြ၏။

တုံယန်းဂေဟာသည် ကွမ်ရှမ်းမြို့တွင် ကျော်ကြားလှသော ဂေဟာတစ်ခုဖြစ်၏။

တုံယန်းအထည်အလိပ်ဆိုင်ကြီးမှာလည်း ကျော်ကြားလှသည်။

သို့သော် ...

တုံယန်းဂေဟာထဲတွင်မူ ဤမျှကြီးမားသော လောင်းကစားဝိုင်းကြီးများ ပြုလုပ်နေကြောင်းကိုမူ အများက မသိရှိကြပေ။

ယခုမှ ...

ကျူးရှောင်လုံတို့သုံးယောက်သည် လောင်းကစားဝိုင်းကြီးများကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

သို့ဆိုလျှင် ...

တုံယန်းဂေဟာဝိုင်ရှင် တုံယန်ဝူးသည် မသမာသောနည်းဖြင့် ကြီးပွားချမ်းသာနေသူဖြစ်ကြောင်း ထင်ရှားနေတော့သည်။

သူသည် တုံယန်းအထည်အလိပ်ဆိုင်ကို အများအမြင်တွင် ဗဟုပြကာ နောက်ကွယ်တွင် လောင်းကစားဝိုင်းများ ထောင်ခြင်းဖြင့် ကြီးပွားနေသူဖြစ်သည်။

ကျူးရှောင်လုံသည် ကျေနပ်စွာ ပြုံးလိုက်၏။

ယခု ...

သူဌေးကြီးတုံယန်ဂူးသည် သူတို့၏လှည့်ကွက်ထဲသို့ ရောက်ရှိလာတော့မည်ဖြစ်ပါသည်။

ထိုစဉ် ...

အတွင်းခန်းထဲမှ ဆိုင်တာဝန်ခံပြန်ထွက်လာသည်။

သူ၏နောက်မှ ခန့်ညားသောရုပ်သွင်ရှိသည့် အသက်လေးဆယ်ကျော်ခန့်ရှိသူတစ်ယောက် လိုက်ပါလာသည်။

ထိုသူ၏ဘေးတစ်ဖက်တစ်ချက်တွင် ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားသော လူနှစ်ယောက်ပါရှိလာသည်။

ထိုလူနှစ်ယောက်၏ဝတ်စားပြင်ဆင်ပုံနှင့် လမ်းလျှောက်ပုံကိုကြည့်ရုံဖြင့် သိုင်းသမားများဖြစ်ကြောင်း ကျူးရှောင်လုံက သိရှိနားလည်လိုက်သည်။ သူတို့သည် ထိုသူ၏ကိုယ်ရံတော်များသာဖြစ်ကြောင်း ရိပ်မိလိုက်လေ၏။

ထိုအချိန်တွင် ...

ဆိုင်တာဝန်ခံသည် သူ့ရှေ့သို့ ရောက်ရှိလာပြီး ရှင်းပြလေ၏။

"သူဌေးမင်း ... သူဌေးမင်းတုံယန်ဂူး ရောက်လာပါပြီ ခင်ဗျား ... "

ကျူးရှောင်လုံက ခေါင်းညိတ်ပြလိုက်သည်။

သူသည် ခန့်ညားသော ရုပ်သွင်ရှိသည့်သူအား အကဲခတ်ကြည့်လိုက်၏။

ထိုသူသည် လောင်းကစားဝိုင်းများဖြင့် ကြီးပွားချမ်းသာသည့် သူဌေးကြီးတုံယန်ဂူးပင် ဖြစ်သည်။

သူဌေးကြီးတုံယန်ဂူးသည် သူ့ရှေ့သို့ရောက်လာပြီး အေးဆေး

စွာ ပြောလေ၏။

"ကျုပ်က တုံယန်းဂေ ဂပိုင်ရှင် တုံယန်ဂူးပါပဲ ... "

ထိုအခါ ...

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ... ကျုပ်က သူဌေးကြီး ထင်းဟောက်ဆိုတာပါပဲ ... "

သူဌေးကြီးတုံယန်ဂူးက ပြုံးလိုက်ပြီး ...

"ခင်ဗျားအကြောင်းကို ဆိုင်တာဝန်ခံ လောက်ရွတ်က ပြောပြလို့ သိပြီးပါပြီ ... ခင်ဗျားက ဒိုင်တွေကို စိတ်မချဘူးလို့ပြောတယ်မဟုတ်လား ... ကဲ ... ဘာမှစိတ်မပူနဲ့ ကျုပ်ကိုယ်တိုင် ဒိုင်ကိုင်ပေးပါ့မယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံမှာ ကျေနပ်စွာ ပြုံးလိုက်၏။

ထို့နောက် ...

သူသည် ညီဖြစ်သူ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့အား မသိမသာ မျက်ရိပ်ပြလိုက်သည်။

ဗြုံးလျှင် ...

သူ၏အင်္ကျီအိတ်ထဲမှ တစ်ခုတစ်ခုအား ထုတ်၍ သူဌေးကြီးတုံယန်ဂူးမြင်သာအောင် ပြလိုက်လေသည်။

ထိုအရာဝတ္ထုအား မြင်တွေ့လိုက်ရသောအခါ သူဌေးကြီးတုံယန်ဂူး၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

ထိုအချိန်၌ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ကလည်း လှုပ်ရှားနေကြ၏။

ယခုအချိန်ထိ တုံယန်းအထည်အလိပ်ဆိုင်ထဲတွင် ကျူးဝေ

ဝေနှင့် လွင်ရှမ်းရင်တို့သည် အထည်အလိပ်များအား ရွေးချယ်နေကြဆဲ ပင်ဖြစ်သည်။

ဆိုင်အလုပ်သမားများသည် စိတ်ရှည်စွာပင် အထည်အလိပ်များအား လိုက်လံပြသပေးနေသည်။

ထိုအချိန်တွင် ...

ကျူးဝေဝေသည် အထည်အလိပ်များကို ရွေးချယ်ဟန်ဆောင်ရင်း တံ့ဃန်းဂေဟာထဲဆီသို့ မသိမသာအကဲခတ်ကြည့်နေသည်။ သူမ အကဲတော်နေသည်ကို မည်သည့်ဆိုင်လုလင်ကမျှ မသိကြပေ။

ယခုဆိုလျှင် ...

ကျူးရှောင်လုံတို့လူစု ဂေဟာထဲသို့ဝင်သွားသည်မှာ နာရီဝက်ခန့်ရှိပြီဖြစ်သည်။

သို့သော် ...

မည်သည့်လူပ်ရှားမှုမျှ မတွေ့ရသေးချေ။

ထို့ကြောင့် ...

ဂေဟာထဲသို့ အမြန်ဆုံးဝင်ရောက်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

သို့မှသာ ကျူးရှောင်လုံတို့အဖွဲ့အား အချိန်မီကူညီနိုင်မည်ဖြစ်သည်။

ထိုသို့တွေးလိုက်မိသည်နှင့် ကျူးဝေဝေသည် လွင်ရှမ်းရင်အား မသိမသာမျက်ရိပ်ပြလိုက်၏။

ထိုအခါ ...

လွင်ရှမ်းရင်ကလည်း သူမအား မသိမသာ ခေါင်းညိတ်ပြသည်။

ထို့နောက် ...

သူမတို့နှစ်ယောက် ည တစ်ပြိုင်နက်တည်း လူပ်ရှားလိုက်၏။

သူတို့၏ လျင်မြန်တိကျလှသော လူပ်ရှားမှုကြောင့် အနီးရှိဆိုင်အလုပ်သမားလေးယောက်မှာ အံ့အားသင့်သွားကြလေသည်။

သူတို့သည် အံ့သြတကြီးဖြင့် ကြည့်နေစဉ်မှာပင် ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့က လျင်မြန်သွက်လက်စွာပင် သူတို့လေးယောက်၏ သွေးကြောနေရာများကို လက်ညှိုးဖြင့် ထောက်၍ ဝိတ်လိုက်လေသည်။

ထိုအခါ ...

ဆိုင်အလုပ်သမားလေးယောက်မှာ ကျောက်ရုပ်ပမာငြိမ်သက်သွားကြလေ၏။

သူမတို့နှစ်ယောက်၏အပြုအမူကြောင့် ဆိုင်တံခါးဝတွင် ရပ်နေသော ဆိုင်အလုပ်သမားလေးမှာ မျက်လုံးပြူးသွားသည်။

သူသည် အော်ဟစ်အကူအညီတောင်းရန် ပါးစပ် ဖြင့်လိုက်၏။

ထိုစဉ် ...

သူ၏အနီးသို့ ကျူးဝေဝေသည် လျင်မြန်စွာ ပြေးလွှားရောက်ရှိလာသည်။

အနီးသို့ရောက်သည်နှင့် ဆိုင်အလုပ်သမားလေး၏သွေးကြောကို လက်ညှိုးဖြင့် ထောက်လိုက်သည်။

သူ၏လူပ်ရှားမှုမှာ တိကျမြန်ဆန်လှသည်။

သွေးကြောထောက်မိလိုက်သည်နှင့် ဆိုင်အလုပ်သမားလေးမှာ ကျောက်ရုပ်ပမာ ငြိမ်သက်သွားလေ၏။

ထိုအချိန်တွင် ...

လွင်ရှမ်းရင်သည် ဆိုင်ရှေ့သို့ ကပျာကယာပြေးထွက်သွားပြီး အနီးတွင်ရှိသော ဆိုင်းဘုတ်တစ်ခုကို ဆိုင်ရှေ့တွင် အလျင်အမြန် ချိတ်ဆွဲလိုက်၏။

"ယနေ့ ဆိုင်ပိတ်သည်"

ထိုစာတန်းရေးထိုးထားသော ဆိုင်းဘုတ်ပြားကို ချိတ်ဆွဲပြီးသည်နှင့် တံခါးဝတွင် မှတင်ထားသော ကြိုးဆွဲတံခါးကို ဆွဲချလိုက်လေသည်။

ကြိုးဆွဲတံခါးကျလာပြီး ဆိုင်တံခါးပါ ပိတ်သွားလေတော့သည်။

ဤသို့ဆိုလျှင် ...

အထည်အလိပ်ဆိုင်အတွင်းသို့ ဈေးဝယ်သူများ ရောက်ရှိမလာနိုင်တော့ပေ။

အခြေအနေစိတ်ချရပြီဆိုသောအခါမှ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် ဆိုင်၏ အနောက်ဘက်ပေါက်မှထွက်၍ တံငယ်းဂေဟာခြံဝင်းထဲသို့ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ထိုအချိန်၌ ကျူးရှောင်လုံသည် သူ၏တာဝန်ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

သူဌေးကြီးတုံယန်ဂူးသည် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ငေးကြောင်ကြည့်နေသည်။

သူကြည့်နေသောအရာဝတ္ထုမှာ ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့၏ တံဆိပ်တုံးပင်ဖြစ်ပါသည်။

ကျူးရှောင်လုံက ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် ...

သူသည် ရာဇဝ[illegible]နှိမ်နင်းရေးအဖွဲ့၏ တံဆိပ်တုံးကို အကျိုအိတ်ထဲသို့ ပြန်ထည့်လိုက်၏။

ပြီးလျှင် ...

သူသည် သူဌေးကြီးတုံယန်ဂူးအား စေ့စေ့ကြည့်ကာ ခပ်အေးအေးပြောလိုက်လေ၏။

"ကဲ ... သူဌေးမင်းတုံ ... သူဌေးမင်း ဘယ်လိုကြီးပွားချမ်းသာလာတယ်ဆိုတာ ကျုပ်တို့မျက်ဝါးထင်ထင် တွေ့မြင်ရပါပြီ ... ဒါကြောင့်အေးအေးဆေးဆေးအဖမ်းခံပါ ... "

ထိုစကားကြောင့် သူဌေးကြီးတုံယန်ဂူးမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပြီး နံဘေးရှိ ဖျင့်ကြမ်းအင်္ကျီဝတ်ဆင်ထားသော လူနှစ်ယောက်အား မျက်ရိပ်ပြလိုက်၏။

ထိုအခါ ...

ဖျင့်ကြမ်းအင်္ကျီဝတ်ဆင်ထားသူနှစ်ယောက်သည် ရှေ့ခုန်ထွက်လာပြီး ကျူးရှောင်လုံတို့သုံးယောက်အား စတင်တိုက်ခိုက်လိုက်လေတော့သည်။

"ယား ... "

"ဟိုက် ... "

ကျူးရှောင်လုံတို့ သုံးယောက်မှာ ရင်ထိတ်သွားသည်။

သူတို့သုံးယောက်သည် ဖျင့်ကြမ်းအင်္ကျီဝတ်ဆင်ထားသူနှစ်ယောက်၏ တိုက်ကွက်များကို ရှောင်တိမ်းပြီး ကပျာကယာ ပြန်လည်

တိုက်ခိုက်လိုက်၏။

ဖျင်ကြမ်းအကျီဝတ်ဆင်ထားသူနှစ်ယောက်၏ သိုင်းပညာမှာ အဆင့်မြင့်လှသည်။

ထိပ်တန်းသိုင်းသမားနှစ်ယောက်ကို ကိုယ်ရံတော်အဖြစ် ခန့်ထားခြင်းသာဖြစ်သည်။

သို့သော် ...

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့မှာမူ သူတို့အား ဂရုမစိုက်ချေ။

သူတို့သုံးယောက်သည် ဖျင်ကြမ်းအကျီဝတ်ဆင်ထားသူနှစ်ယောက်အား ခြေသိုင်းဝင်္ကပါသိုင်းကွက်ဖြင့် အကွက်ကျကျရှောင်တိမ်းပြီး ပြန်လည်တိုက်ခိုက်လေ၏။

ခြေသိုင်းဝင်္ကပါသိုင်းကွက်မှာ သုံးယောက်စုစည်း၍ တိုက်ခိုက်ရသော သိုင်းကွက်ဖြစ်သည်။

မကြာမီ ...

ကျူးရှောင်လုံသည် သူ၏ခြေဖျားတွင် အတွင်းအားကို စုစည်းကာ လေထဲသို့ ပျံဝဲတက်လိုက်၏။

ပြီးလျှင် ...

ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့အား အသဲအမဲတိုက်ခိုက်နေသော ဖျင်ကြမ်းအကျီဝတ်ဆင်ထားသူနှစ်ယောက်၏ရင်ဝအား ဆုံ၍ကန်ချလိုက်သည်။

"ဝုန်း ... "

"ဝုန်း ... "

ပြိုလဲကျသံနှင့်အတူ သူဌေးကြီးတုံယန်ဝူး၏ကိုယ်ရံတော်နှစ်

ယောက်မှာ ကြမ်းပြင်ပေါ် လဲကျသွားလေ၏။

ကျူးရှောင်လုံ ... အတွင်းအား အပြည့်သုံးထားသော ခြေထောက်ကန်ချက်ကိုမိကာ အတွင်းဒဏ်ရာရ၍ သတိလစ်သွားကြခြင်းဖြစ်သည်။

ကျူးရှောင်လုံက ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် ...

သူဌေးကြီးတုံယန်ဝူးအား စေ့စေ့ကြည့်လိုက်၏။

သူဌေးကြီးတုံယန်ဝူးသည် ကိုယ်ရံတော်နှစ်ယောက် သတိလစ်လဲကျနေသည်ကိုကြည့်၍ ကြောက်ရွံ့ထိတ်လန့်သွားသည်။

သူ၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

ကျူးရှောင်လုံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ခင်ဗျားကိုယ်ရံတော်တွေရဲ့အဖြစ်ကို ခင်ဗျားမျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား ... ကဲ ... အေးအေးဆေးဆေး အဖမ်းခံပါ ... မဟုတ်ရင် ... ခင်ဗျားပါ ကိုယ်ရံတော်တွေလို ဖြစ်သွားလိမ့်မယ်"

သူဌေးကြီးတုံယန်ဝူး၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

သူသည် လက်ကိုဝှေ့ယမ်းပြီး အော်လိုက်၏။

"တိုက်ကြစမ်း ... "

သူအမိန့်ပေးလိုက်ခြင်းဖြစ်သည်။

သူ၏စကားဆုံးသည်နှင့် ဂေဟာထဲမှ အစောင့်သိုင်းသမားများသည် ကျူးရှောင်လုံတို့သုံးယောက်ထံသို့ ပြေးဝင်တိုက်ခိုက်ကြလေတော့သည်။

ထိုအခါ ...

ကျူးရောင်လဲ၊ ကျူးစုဖန်နှင့် ကျွ် ်မ်လင်တို့သည် ခြေသိုင်းဝင်ပါသိုင်းကွက်ကို ဖော်ထုတ်၍ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ခြေသိုင်းဝင်ပါသိုင်းကွက်သည် ရန်သူအများအပြားကို ခုခံတိုက်ခိုက်နိုင်သည့် သိုင်းကွက်ပင်ဖြစ်သည်။

ယခု ...

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် ခြံဝင်းထဲသို့ အပြေးအလွှားရောက်ရှိလာကြသည်။

သူတို့သည် ဂေဟာထဲသို့ ဝင်ရောက်ရန် ပြေးလာခြင်းဖြစ်သည်။

သို့သော် ...

သူတို့ မဝင်ရောက်မီ ...

"ရပ်လိုက် ... "

ကျယ်လောင်သော ဟန့်တားသံထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ အစောင့်သိုင်းသမားနှစ်ယောက်သည် သူမတို့အနီးသို့ ပြေးလွှားရောက်ရှိလာလေ၏။

ထိုအခါ ...

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် ပြေးလွှားခြင်းကို ရပ်တန့်လိုက်သည်။

သူတို့သည် ထိုလူနှစ်ယောက်အား ရင်ဆိုင်လိုက်၏။

အစောင့်သိုင်းသမားနှစ်ယောက်သည် သူတို့အနီးသို့ရောက်ရှိလာပြီး တစ်ယောက်က ...

"ဒီမှာ မိန်းကလေး ... မင်းတို့ ဘာဖြစ်လို့ ဂေဟာခြံဝင်းထဲ

ကို ဝင်လာရတာလဲ ... အထဲည်အလိပ်ဝယ်မယ်ဆိုရင် ... ဆိုင်ထဲမှာပဲ ဈေးစကားပြောပါ ... ဂေဟာခြံဝင်းထဲကို ဝင်လာစရာမလိုပါဘူး"

ထိုအစောင့်က လေသံမာမာဖြင့် အော်ငေါက်လိုက်၏။

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ကျွန်မတို့က သူဌေးကြီးတုံယန်ဝူးကို တွေ့ချင်လို့ပါ ... "

အစောင့်သိုင်းသမားနှစ်ယောက်က ပြိုင်တူခေါင်းခါယမ်းလိုက်သည်။

"တွေ့လို့ မရဘူး ... သူဌေးမင်းတုံက လူတိုင်းကိုတွေ့ခွင့်မပေးဘူး ... "

ကျူးဝေဝေက နာခေါင်းရှုံ့လိုက်သည်။

"ကဲ ... ရှင်တို့ တွေ့ခွင့်မပေးတော့လည်း ကျွန်မတို့ဘာသာပဲ ဝင်သွားတွေ့လိုက်ပါ့မယ် ... "

သူမသည် ယင်းသို့ပြောပြီး လွင်ရှမ်းရင်နှင့်အတူ ဂေဟာရှိရာသို့ သွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုအခါ ...

အစောင့်သိုင်းသမားနှစ်ယောက်က စိတ်မရှည်နိုင်တော့ဘဲ ကျူးဝေဝေတို့နှစ်ယောက်အား စတင်တိုက်ခိုက်လေတော့သည်။

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့မှာလည်း ဒေါသထွက်သွားသည်။

သူမတို့သည် အစောင့်သိုင်းသမားနှစ်ယောက်အား ပြန်လည်ခုခံတိုက်ခိုက်လိုက်လေ၏။

အစောင့်သိုင်းသမားနှစ်ယောက်၏ ိုင်းပညာမှာ မထက်မြက်လှပေ။

ထို့ကြောင့် ...

တခဏအချိန်အတွင်းမှာပင် ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့၏ လက်ချက်ကြောင့် မြေပြင်ပေါ်တွင် လဲကျ၍ သတိလစ်သွားသည်။

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

ထို့နောက် ...

သူတို့နှစ်ယောက်သည် တုံယန်းဂေဟာရှိရာသို့ဝင်ရောက်သွားလေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်လှသည်။

အစောင့်သိုင်းသမားများမှာ စုစုပေါင်း အယောက်နှစ်ဆယ်ခန့် ရှိမည်ဖြစ်၏။

သူတို့၏ တိုက်ခိုက်မှုမှာ ကစဉ့်ကလျားနိုင်လှသည်။ ထို့ကြောင့် သုံးယောက်ကို တိုက်ခိုက်နေသော်လည်း ခံစစ်ဖြစ်နေသည်။

ကျူးရှောင်လုံတို့သုံးယောက်ကတော့ ခြေသိုင်းဝင်ပါသိုင်းကွက်ဖြင့် တိုက်ခိုက်နေကြသည်။

မကြာမီ ...

အစောင့်သိုင်းသမားဆယ်ယောက်ခန့်မှာ ကြမ်းပြင်ပေါ်တွင် လဲကျသွားကြသည်။

ကျူးရှောင်လုံတို့သုံးယောက်လည်း အားတက်သွားကြသည်။

သူတို့သည် ကျန်ဆယ်ယောက်အား ပြင်းထန်စွာတိုက်ခိုက်ကြလေ၏။

ထိုစဉ် ...

ဂေဟာအတွင်းသို့ လူရိပ်နှစ်ခုပြေးလွှားဝင်ရောက်လာသည်။

ထိုလူရိပ်နှစ်ရိပ်သည် အထဲသို့ရောက်ရှိလာသည်နှင့် တိုက်ပွဲအခြေအနေကို အကဲခတ်ကြည့်လိုက်ပြီး တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

ထိုလူရိပ်နှစ်ရိပ်မှာ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ပင် ဖြစ်ကြပါသည်။

ကျူးရှောင်လုံတို့ဘက်မှ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့ပါ ရောက်ရှိလာသဖြင့် ဝိုင်းအသာစီးရလာလေ၏။

အစောင့်သိုင်းသမားများမှာ အလူးအလဲခုခံနေရသည်။

ကျူးရှောင်လုံမှာ စိတ်မရှည်နိုင်တော့ပေ။

သူသည် တိုက်ပွဲအား အမြန်ဆုံးအဆုံးသတ်လိုပေသည်။

ထို့ကြောင့် ...

သူသည် ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့အား မျက်ရိပ်ပြလိုက်ပြီး အပေါ်သို့ခုန်တက်လိုက်လေ၏။

ထိုအခါ ...

ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့သည်လည်း သူနှင့်အတူအပေါ်သို့ ပြိုင်တူခုန်တက်လိုက်ကြ၏။

ပြီးလျှင် ...

သူတို့သုံးယောက်သည် ညာခြေထောက်၏အဖျားတွင် အတွင်းအားကို စုစည်းကာ အစောင့်သိုင်းသမားများ၏ရင်ဝသို့ ဆင့်ကာ ဆင့်ကာ ကန်ချလိုက်လေသည်။

"အား ..."

"အင့် ..."

"အွန့် ..."

အစောင့်သိုင်းသံမားများမှာ ကြမ်းပြင်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် လဲကျသွားလေတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ယခု ...

လောင်းကစားဝိုင်းများမှ ဆူညံမှု အော်ဟစ်ပြောဆိုသံများမှာ တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်၏။

လောင်းကစားသမားများမှာလည်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကျူးရှောင်လုံတို့လူစုအား ငေးကြောင်၍ ကြည့်နေကြသည်။

ကြမ်းပြင်ပေါ်တွင် အစောင့်သိုင်းသမားအယောက်နှစ်ဆယ်သည် လဲကျကာ သတိလစ်မေ့မြောနေကြပြီ မဟုတ်ပါလော။

သူဌေးကြီးတုံယန်ဝူး၏မျက်နှာမှာ သွေးဆုတ်ဖြူရော်နေသည်။

သူသည် လောင်းကစားဝိုင်းများထောင်ခြင်းဖြင့် ကြီးပွားချမ်းသာနေသူဖြစ်၍ လူပေါင်းများစွာနှင့် ကြုံတွေ့ဆက်ဆံဖူးခဲ့သည်။

သို့သော် ...

ဤမျှ သိုင်းပညာထက်မြက်သော သူများအား မတွေ့မြင်ဖူးခဲ့ချေ။ ဤသည်မှာလည်း သူသိုင်းပညာနှင့်ပတ်သက်၍ မစူးစမ်းဖူးသောကြောင့်သာ ဖြစ်ပါသည်။

ကျူးရှောင်လုံသည် မျက်နှာပေါ်တွင် တပ်ဆင်ထားသော အဖြူရောင်မုတ်ဆိတ်မွေးအတုအား ဆွဲချွတ်ချလိုက်၏။

ထိုအခါ ...

ငယ်ရွယ်ချောမောသော သူ၏ရုပ်သွင်ကို တည်ကြည်ခန့်ညားစွာ မြင်တွေ့ရသည်။

ကျူးရှောင်လုံသည် သူဌေးကြီးတုံယန်ဝူးအား စေ့စေ့ကြည့်လိုက်ပြီး ...

"ကျုပ်က ရာဇဝတ်မှု နှိမ်နင်းရေးအဖွဲ့ရဲ့ အာဏာလွှဲအပ်ခြင်းခံရတဲ့သူ ကျူးရှောင်လုံပါ ... သူဌေးမင်း အေးအေးဆေးဆေး အဖမ်းခံမယ်ဆိုရင် ... ဘာပြဿနာမှ မရှိပါဘူး ... "

သူဌေးကြီးတုံယန်ဝူးမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ထွက်ပြေးလွတ်မြောက်ရန် ဂေဟာအနောက်ဘက်ဆီသို့ ခြေလှမ်းပြင်လိုက်၏။

သို့သော် ...

ကျူးရှောင်လုံက သူ၏အကြံကို သိရှိသူတစ်ဦးပမာ သူ့အနီးသို့ရောက်လာပြီး လျင်မြန်စွာ လက်ညှိုးဖြင့် သွေးကြောနေရာကို ထောက်လိုက်သည်။

ထိုအခါ ...

သူဌေးကြီးတုံယန်ဝူးသည် သွေးကြောပိတ်ခံလိုက်ရသဖြင့် ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက် ရပ်တန့်သွားလေတော့သည်။

ယခု တုံယန်းဂေဟာကြီး ချိတ်ပိတ်ခံလိုက်ရလေသည်။

သူဌေးကြီးတုံယန်ဝူးမှာလည်း အဖမ်းခံလိုက်ရသည်။

ကျူးရှောင်လုံတို့လူစုသည် တိတ်တဆိတ် လောင်းကစားဝိုင်းကြီးကို ဖြိုခွဲပစ်လိုက်နိုင်ပါပြီ။

... ပြီး ...

အခန်း (၄၀)

သတင်းဆိုး

နံနက်ခင်း ...

နေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား နွေးထွေးစွာ လွှမ်းခြုံထားသည်။

နေရောင်ခြည်အောက်တွင် ရာဇဝတ်မှုနှိမ်နင်းရေးဌာနချုပ်သည် 'မင်းတို့ ပြစ်မှုကျူးလွန်ရဲလျှင် ကျူးလွန်ကြည့်ကြ'ဟု ဆိုနေသယောင် ခန့်ညားစွာ တည်ရှိနေသည်။

ဌာနချုပ်ထဲ၌ စားပွဲဝိုင်းတစ်ခုရှိနေသည်။

ထိုစားပွဲဝိုင်း၏ ဘေးပတ်လည်၌ မိန်းကလေးနှစ်ယောက်နှင့် လူရွယ်သုံးယောက်တို့ ထိုင်နေကြသည်။

ထိုမိန်းကလေးနှစ်ယောက်မှာ ကျူးဝေဝေနှင့် လွင်ရှမ်းရင် တို့ဖြစ်၍ လူရွယ်သုံးယောက်မှာ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့ပင် ဖြစ်ကြပါသည်။

သူတို့ငါးယောက်သည် ဤအလုပ်အား တစ်ပြိုင်နက်တည်း ဝင်ရောက်လာကြသော လူများဖြစ်သည့်အပြင် မူးတွဲဆောင်ရွက်ရသဖြင့် အလွန်ရင်းနှီးသော လူများဖြစ်ကြသည်။

သူတို့ထဲ၌ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာ ညီအစ်ကိုများဖြစ်၍ ကျူးဝေဝေနှင့်မူ မောင်နှမဝမ်းကွဲတော်စပ်လေ၏။

ထို့အပြင် ...

သူတို့သုံးယောက်သည် တစ်ဆရာတည်းတွင် သိုင်းပညာသင်ကြားခဲ့သူများဖြစ်သည်။

ယခု ...

သူတို့သည် မနေ့ညနေက တံငယန်းဂေဟာတွင်ဖြစ်ပွားခဲ့သော တိုက်ပွဲအကြောင်းနှင့် သူတို့ဖမ်းဆီးခဲ့သော သူဌေးကြီးတံငယန်ဝူးအကြောင်းများကို ဝိုင်းဖွဲ့၍ ပြောဆိုနေကြခြင်းဖြစ်သည်။

ထိုစကားဝိုင်းထဲတွင် ကျူးဝေဝေဟစ်ယောက် မပါဝင်ပါ။

သူမသည် တိတ်ဆိတ်စွာပင် ထိုင်နေသည်။ သူမသည် ဆိုးဝါးသော အခြေအနေထဲသို့ မိသားစုရောက်ရှိနေသဖြင့် လွန်းလွန်းဝေအောင် မပြောနိုင်ပါ။

ကျူးဝေဝေသည် အဘယ်ကြောင့်မှန်းမသိ ယနေ့နံနက်မှစ၍ သူမရင်ထဲ၌ လေးလံတိုင်းမိုင်းနေသည်။

သူမက အဝေးသို့ငေးကြည့်ရင်း တွေဝေငြိမ်သက်စွာ ထိုင်နေသည်။

ထို့ကြောင့် ...

ကျန်လူများသည် စကားပြောနေရာမှ သူမအား အကဲခတ်မိသွားကြ၏။ကျူးရှောင်လုံက သူမအားလှမ်းကြည့်လိုက်ပြီး မေးလိုက်လေ သည်။

"ဟေ့ ကျူးဝေဝေ ... ငါ့ညီမ ဒီနေ့ငြိမ်ချက်သားကောင်းနေပါလား ... ဘာဖြစ်လို့လဲ ... "

ထိုအခါ ...

လွင်ရှမ်းရင်ကလည်း ဝင်ရောက်မေးသည်။

"ဟုတ်တယ် ... ကျူးဝေဝေ ဒီနေ့ရှင်ဘာဖြစ်နေတာလဲ"

ကျူးဝေဝေ၏ မျက်နှာလေးမှာ ညှိုးနွမ်းနေသည်။

အတန်ကြာမှ ...

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဒီနေ့ ဘာဖြစ်လို့လဲ မသိဘူး ... ကျွန်မစိတ်ထဲမှာ လေးလံနေတယ် ... တစ်ခုခုတော့ တစ်ခုခုပဲကွယ် ... "

ကျင်းဝမ်လင်မှာ မျက်မှောင်ကုတ်သွားသည်။

"မင်းက ဘာကို ရင်လေးနေတာလဲဟင် ... ငါတို့ အောင်မြင်ခဲ့တာပဲ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မပြောတတ်ဘူး ... အခု ကျွန်မစိတ်ထဲမှာ တစ်ခုခုကို ကြောက်နေသလိုပဲ ... "

ထိုစကားကြောင့် ကျင်းဝမ်လင်က ပြုံးလိုက်လေ၏။

"မင်းကလည်း နယ်စားကြီးရဲ့သမီးတစ်ယောက်ဖြစ်ပြီး သတ္တိကြောင်နေလိုက်တာ ... မင်းအဖေရဲ့ သွေးမပါတဲ့အတိုင်းဘဲ ... မင်းတို့ မိသားစုကို ဒီမြို့ကလူတွေက အရမ်းအားကျနေကြတာ ... "

ထိုစကားကြောင့် ကျူးဝေဝေက ပြန်မေးလိုက်သည်။

"ဘာကို အားကျတာလဲ ... "

ကျင်းဝမ်လင်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘာကိုအားကျရမှာလဲဟ ... မင်းအဖေက နယ်စားကြီး ... မင်းအစ်ကိုက ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ရဲ့ ခေါင်းဆောင် ... မင်းက

လည်း ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ ... မင်းတို့ မိသားစုလောက် ရာထူးဂုဏ်ရှိနိုင်ပြည့်စုံတဲ့ အသိုင်းအဝိုင်း ကျွမ်တို့တစ်မြို့လုံး ဘယ်မှာရှိလို့လဲ ... အားကျမယ်ဆိုရင်လည်း အားကျစရာပေါ့"

ကျူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း ... ရှင်တို့ပြောတာတော့ ဟုတ်ပါတယ် ... ဒါပေမယ့် အဲဒီရာထူးဂုဏ်ရှိနေတွေနောက်က တာဝန်ဝတ္တရားတွေဟာ ... ဘယ်လောက်ကြီးမားတယ်ဆိုတာ ရှင်တို့မသိနိုင်ပါဘူး ... ဒီတာဝန်ဝတ္တရားတွေ ... ဖိအားတွေက ဘယ်လောက်ကြီးမားသလဲဆိုတာသာ ရှင်တို့သိရင် ဒီရာထူးကြီးတွေကို ရှင်တို့မက်တော့မှာ မဟုတ်ပါဘူး ... "

ထိုအခါမှ ကျင်းဝမ်လင်မှာ သဘောပေါက်သွားသည်။

"ဒါလည်း ဟုတ်တာပဲ ... ဒါနဲ့ မင်းအစ်ကိုလည်း ရတနာသေတ္ထာကိစ္စစုံစမ်းဖို့ ဟုန်ကျန်းနယ်ကိုထွက်သွားတာ တစ်လခွဲလောက်တောင် ရှိသွားပြီနော် ... အခုထိ ဘာသတင်းမှလည်း မကြားသေးဘူးလား ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏မျက်နှာလေး ညှိုးနွမ်းသွားသည်။

မှန်ပါသည်။

အစ်ကိုဖြစ်သူ ကျူးယဲ့မင်းတို့သုံးဦး ဟုန်ကျန်းနယ်သို့ ထွက်သွားသည်မှာ တစ်လခွဲခန့်ပင် ရှိသွားပြီဖြစ်ပါသည်။

သို့သော် ...

မည်သည့်သတင်းမျှ မကြားရချေ။ သတင်းစုပ်စမြှုပ်စပျောက်နေသည်။

ထို့ကြောင့် ...

အစ်ကိုဖြစ်သူအတွက် စိုးရိမ်ပူပန်နေခြင်းဖြစ်တော့သည်။

ကျင်းဝမ်းလင်သည် ကျူးဝေဝေ၏ညိုးနွမ်းသွားသော မျက်နှာလှလှလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်သွားသည်။

သူသည် ကဗျာကဃာ တောင်းပန်စကားဆိုလိုက်၏။

"ကျူးဝေဝေ ... ကျုပ်စကားမှားသွားတဲ့အတွက် တောင်းပန်ပါတယ် ... အစ်ကိုယဲ့မင်းရဲ့ အရည်အချင်းကို မယုံကြည်လို့ ပြောလိုက်တာမဟုတ်ပါဘူး ... ကျုပ်တို့လည်း သူတို့ရဲ့သတင်းကို စောင့်နေတာပါပဲ ... "

သူ၏ပျာပျာသလဲ အမူအရာကိုကြည့်၍ ကျူးစုဖန်၏မျက်နှာမှာ ပြုံးစစဖြစ်သွားသည်။

"မင်းကြောင့် ငါညီမစိတ်ဆိုးသွားပြီကွ ... မင်းကောင်းကောင်းချော့လိုက်နော် ... တော်ကြာ ပိုပြီးစိတ်ဆိုးသွားဦးမယ် ... "

ကျူးစုဖန်၏စကားကြောင့် ကျူးဝေဝေ၏မျက်နှာလေးမှာ နီရဲသွားလေသည်။

ကျင်းဝမ်လင်သည် သူမအပေါ် မေတ္တာသက်ဝင်ချစ်ခင်နေမှန်း သူမရိပ်စားမိခဲ့သည်။ သူသည် အစဉ်အမြဲပင် ကျူးဝေဝေစိတ်ချမ်းသာစေရန် ပြောခဲ့သည်။ ကျူးဝေဝေအလိုရှိသမျှ ဆောင်ရွက်ပေးခဲ့သည်။

သို့သော် ... သူမ၏နှလုံးသားသည် ကျင်းဝမ်လင်အား မည်သို့မျှ မချစ်နိုင်ချေ။

သူမ၏နှလုံးသားသည် အချစ်ရဆုံး ယွမ်ယိပိုင်အတွက်သာ ဖြစ်ရမည်မဟုတ်ပါလား။

ယွမ်ယိပိုင်မှလွဲ၍ မည်သည့်ယောကျ်ားကိုမျှ သူမ မချစ်နိုင်။

ယွမ်ယိပိုင်သည်သာ သူမ၏ဘဝအတွက် ပထမဆုံးနှင့်နောက်ဆုံးအကြိမ် ချစ်ရသူပင် မဟုတ်ပါလား။

ကို့ကြောင့် ...

ကျူးဝေဝေသည် ခေါင်းခါယမ်းပြလိုက်၏။

"ရှင့်ကို ကျွန်မစိတ်မဆိုးပါဘူး ... ကျွန်မအစ်ကိုယဲ့မင်းအတွက် စိုးရိမ်သွားမိတာပါ ... "

ကျမ်းဝမ်လင်က လက်ကာပြလိုက်သည်။

"စိတ်မပူပါနဲ့ဗျာ ... နယ်စားကြီး ကျူး ဟာ တကယ့်ကို သူ့ရဲ့ရာထူးနဲ့ ထိုက်တန်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ ... အစ်ကိုယဲ့မင်းတလည်း သိုင်းပညာအဆင့်မြင့်ပါတယ် ... ဘာမှ စိုက်မပူပါနဲ့ ... နောက်ပြီး သူရှာဖွေဖော်ထုတ်ခဲ့တဲ့ အမူမှန်သမျှ တရားခံမပေါ်သူးဆိုတာ ဘယ်မှာရှိခဲ့ဖူးလို့လဲ ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ဒါပေမယ့် သူများနယ်မြေမှာဆိုတော့ ... စိုးရိမ်ရတာပေါ့ ... နယ်မြေဒေသကျမ်းကျင်မှုကလည်း အရေးကြီးတယ်လေ ... "

ကျူးရှောင်လင်က ကြားဝင်ပြောလိုက်သည်။

"ဘာမှစိတ်မပူပါနဲ့ ညီမလေးရယ် ... အစ်ကိုယဲ့မင်းဟာ လိမ္မာပါးနပ်ပြီး ဉာဏ်ရည်ထက်မြက်တဲ့ လူတစ်ယောက်ပါ ... နောက်ပြီး သူ့ရဲ့သိုင်းပညာကလည်း ထိပ်တန်းအဆင့်မှာရှိတာပဲ ... တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်မှာ သေချာပါတယ် ... "

ထိုသို့ ဝိုင်းဝန်းအားပေးကြသောကြောင့် ကျူးဝေဝေမှာ စိတ်သက်သာရာရသွားသည်။

သူ၏မျက်ဝန်းထဲတွင် အစ်ကိုဖြစ်သူ ပြိုးရွှင်ရယ်မောနေသော ပုံရိပ်များကိုသာ ပြန်လည်မြင်ယောင်လာမိသည်။

ထိုအချိန်တွင် ...

မင်းလမ်းမကြီးပေါ်မှ ...

"ခွပ် ... ခွပ် ... ခွပ် ... "

"ခွပ် ... ခွပ် ... ခွပ် ... "

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မြင်းရထားတစ်စီးသည် ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ဌာနချုပ် အဆောက်အဦခြံဝင်းအတွင်းသို့ အရှိန်ပြင်းစွာ မောင်းနှင်ဝင်ရောက်လာ၏။

မြင်းရထားသည် ခြံဝင်းအတွင်းသို့ ရောက်သောအခါ တံခါနရပ်တန့်သွားလေတော့သည်။

ထိုမြင်းရထားအား တွေ့မြင်လိုက်သောအခါ ကျူးဝေဝေ ရှင်ထိတ်သွားသည်။

သူမသည် စိုးရိမ်တကြီးဖြင့် ...

"ဟင် ... အိမ်က မြင်းရထားပါလား ... ဖေဖေ ဘာဖြစ်လို့ပါလိမ့် ... "

ကျူးဝေဝေသည် ယင်းသို့ပြောပြီး မြင်းရထားရှိရာသို့ ပြေးလွှားထွက်သွားမိသည်။ ထိုအခါ ...

ကျင်းဝမ်လင်၊ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် လွင်ရှမ်းရင်တို့ကလည်း သူမနောက်မှ ပြေးလွှားလိုက်သွားကြလေ၏။

သူတို့အားလုံး မြင်းရထားဆီသို့ရောက်ရှိလာသောအခါ မြင်းရထားပြတင်းပေါက်မှ လူတစ်ယောက်၏ဦးခေါင်း ပြူထွက်လာသ

ထိုသူမှာ ဂေဟာမှူး ဖန်ကွမ်းဟုန်ပင် ဖြစ်ပါသည်။

ဂေဟာမှူး ဖန်ကွမ်းဟုန်၏မျက်နှာမှာ ညှိုးနွမ်းနေသည်။

သူ၏မျက်လုံးအိုအိုတွင် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များ ပေါ်လွင်နေသည်။

ကျူးဝေဝေ ရင်ထိတ်သွား၏။ ဖန်ကွမ်းဟုန်၏မျက်နှာမှာ မသာမယာဖြစ်နေသည် မဟုတ်ပါလား။

သူမသည် ကပျာကယာ မေးလိုက်၏။

"ဂေဟာမှူး 'ဖန်' ဘာဖြစ်လို့လဲ ... "

ဂေဟာမှူးဖန်ကွမ်းဟုန်က သူမ၏အမေးကို မဖြေပါ။

သူပြောလိုသောစကားကိုပင် ပြောလိုက်၏။

"သခင်မလေး ကျူး ... မြင်းရထားပေါ် အမြန်တက်ပါ"

ထိုစကားကြောင့် ကျူးဝေဝေသည် မြင်းရထားပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ...

သူမသည် တစ်စုံတစ်ခုကို သတိရသွားပြီး ပြောလိုက်လေ၏။

"ကျွန်မ ဘာဝန်ချိန်မကုန်သေးဘူး ဂေဟာမှူး ... "

ဂေဟာမှူးဖန်ကွမ်းဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... အခုလည်း သခင်မလေးကျူးကို ဘာဝန်အရ လာခေါ်တာပါ ... "

တစ်ဆက်တည်းမှာပင် ...

သူက ကျွန်လူများအား ဝေ့ကြည့်၍ ပြောလိုက်၏။

"မင်းတို့လည်း လိုက်ခဲ့ကြပါလားကွယ် ... "

သူ၏စကားသံမှာ တုန်ယင်လျှိုက်လဲနေသည်။

ထိုအခါ ...

ကျူးဝေဝေသည် မျက်နှာပျက်သွား၏။ သူမက အရေးတကြီး မေးမြန်းတော့သည်။

"ကျူးဂေဟာမှာ ဘာတွေဖြစ်ကုန်ပြီလဲ ... "

သူမ၏အမေးကြောင့် ဂေဟာမှူးဖန်ကွမ်းဟုန်၏မျက်လုံး အစုံမှ မျက်ရည်ကြည်များ ရစ်ဝဲလာလေသည်။

သူသည် ရှိက်ကြီးတငင် ငိုချလိုက်လေ၏။

"ကျွပ်ရင်ထဲမှာ ခံစားရလွန်းလို့ မပြောပါစေနဲ့ကွယ် ... ဂေဟာရောက်ရင် သခင်မလေးသိရမှာပါ ... "

သူ၏အပြုအမူကြောင့် ကျူးဝေဝေ၊ ကျူးရှောင်လုံ၊ ကျူးစုဖန်လွင်ရှမ်းရင်နှင့် ကျင်းဝမ်လင်တို့မှာ 'ကျူး'ဂေဟာ၌ အလွန်ကြီးမား သော ပြဿနာတစ်စုံတစ်ခုနှင့် ရင်ဆိုင်နေရပြီကို နားလည်လိုက်ကြသည်။

ထို့ကြောင့် ...

သူတို့သည် မြင်းရထားပေါ်သို့ ကပျာကယာတက်လိုက်ကြသည်။

သူတို့အားလုံး မြင်းရထားပေါ်ရောက်ရှိသောအခါ မြင်းရထားမှာ အရှိန်ပြင်းစွာ လာလမ်းအတိုင်း ပြန်လည်မောင်းနှင်သွားလေတော့သည်။

မွန်းတည့်ချိန်ဖြစ်၍ ကျူးဂေဟာသည် နေမင်း၏ အပူရှိန်အောက်တွင် ရှိနေသည်။

အစောင့်ရဲမက်များသည် ဂေဟာအား စောင့်ကြပ်နေကြသည်။

ယခု ...

ဂေဟာတံခါးဝတွင်ရပ်၍ ခြံဝင်းဝဆီသို့ မျှော်ငေးကြည့်နေသော နယ်စားကြီးကျူ တိုက်ဖုန်း၏မျက်နှာမှာ ညှိုးနွမ်းနေသည်။

သူ၏ရင်တွင်းမှ အပူမီးကို မည်သူမျှ ငြိမ်းသတ်နိုင်စွမ်းမရှိချေ။

ကျူးထိုက်ဖုန်းသည် ယောကျ်ားပီသ၍ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော နယ်စားကြီးတစ်ယောက်ဖြစ်သည်။

သူ၏သိုင်းပညာမှာ ထက်မြက်ပြီး ရဲစွမ်းသတ္တိလည်းရှိသည်။

သို့သော် ...

ယခုကျူးထိုက်ဖုန်း၏ မျက်လုံးအစုံတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်။

သူသည် အံကိုတင်းတင်းကြိတ်ထားသည့်ကြားမှပင် မျက်ဝန်းအိမ်ထဲမှ မျက်ရည်ကြည်များသည် ပါးပြင်ပေါ်သို့ စီးကျလာ၏။

ထိုအချိန်မှာပင် ...

ခြံဝင်းတွင်းသို့ မြင်းရထားတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်ဝင်ရောက်လာပြီး ဂေဟာရှေ့၌ တုံ့ခနဲ ရပ်သွားသည်။

ထို့နောက် ...

မြင်းရထားတံခါးမှာ ဝုန်းခနဲ ပွင့်သွားလေ၏။

မြင်းရထားတံခါးပွင့်သွားသည်နှင့် ကျူးဝေဝေသည် မြင်းရထားအတွင်းမှ ပြေးလွှားဆင်းလာသည်။ သူပြေးလာပုံမှာ အမောတကောပင်။

သူမသည် ဖခင်ဖြစ်သူရှိနေရာသို့ ပြေးလွှားလာပြီး အငမ်းမရပင် မေးမိလေ၏။

"ဖေဖေ ... ဘာဖြစ်လို့လဲဟင် ... "

ထိုအခါ ...

ကျူးထိုက်ဖုန်းသည် သမီးဖြစ်သူအား မြင်တွေ့လိုက်ရသော အခါမှ ထိန်းချုပ်ထားသော မျက်ရည်များသည် ပါးပြင်ပေါ်သို့ တသွင်သွင်စီးကျလာလေတော့သည်။

ထိုအချိန်တွင် ...

ကျူးရောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့သည် မြင်းရထားပေါ်မှ ဆင်းလာပြီး နယ်စားကြီးကျူးထိုက်ဖုန်းကို ဂါရဝပြုလိုက်ကြလေ၏။

ဂေဟာမှူးဖန်ကွမ်းဟုန်ကမူ မြင်းရထားအနီး၌ပင် နယ်စားကြီးကျူးထိုက်ဖုန်း၏မျက်နှာအား ညှိုးငယ်တွေဝေစွာ ငေးကြည့်နေသည်။

နယ်စားကြီးကျူးထိုက်ဖုန်းကလည်း သူ့အားလှမ်းကြည့်နေ၏။

ထိုအခါ ...

ကျူးဝေဝေမှာ ရင်ထိတ်သွားသည်။

သူသည် စိုးရိမ်ထိတ်လန့်စွာ မေးလိုက်မိသည်။

"ဖေဖေ ... ဘာတွေဖြစ်ကုန်ပြီလဲဆိုတာ ကျွန်မကို ပြောပြပါဦး ... "

နယ်စားကြီးကျူးထိုက်ဖုန်းသည် သမီးဖြစ်သူ၏ဦးခေါင်းမှ ဆံနွယ်ကလေးများအား လက်တစ်ဖက်ဖြင့် ပွတ်သပ်လိုက်ပြီး ဂေဟာမှူးဖန်ကွမ်းဟုန်အား အဓိပ္ပါယ်ပါသော မျက်လုံးအစုံဖြင့်ကြည့်ရင်း မေးဆတ်ပြလိုက်၏။

"သူတို့ကို ဂေဟာထဲခေါ်သွားလိုက်ပါ ... "

ဂေဟာမှူးဖန်ကွမ်းဟုန်က ဦးညွှတ်ဂါရဝပြုလိုက်၏ သူတို့၏ အပြုအမူကြောင့် ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

သူမသည် ဖခင်ဖြစ်သူ၏လက်မောင်းအား ဆွဲကိုင်ခါယမ်း လိုက်ပြီး ထပ်မံမေးလိုက်ပြန်သည်။

"ကျွန်မကို ရှင်းရှင်းလင်းလင်းပြောပြပါ ဖေဖေ ... "

နယ်စားကြီးကျူးထိုက်ဖုန်းက မချိုပြုံး ပြုံးလိုက်၏။

"သမီး အိမ်ထဲရောက်ရင် သိမှာပေါ့ကွယ် ... "

သူကစကားဆုံးသောအခါတွင် မျက်ရည်များ လိမ့်ဆင်းကျလာပြန်သည်။

ကျူးဝေဝေမှာ ရင်ထိတ်သွားသည်။

သူမသည် ဘာမျှစဉ်းစားမနေတော့ပါ။

ဂေဟာညှို့ခန်းထဲသို့ ချာခနဲလှည့်၍ ပြေးလွှားဝင်ရောက်သွားလေတော့သည်။

... ရှင်ပြီ ...

အခန်း (၄၁)

သူရဲကောင်းရာပန

ည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ည့်ခန်းထဲ၌ ယခင်ရက်များကဲ့သို့ အလွန်တန်ဖိုးကြီးမားလှသော ရှေးဟောင်းပရိဘောဂများပြည့်နှက်စွာ ရှိနေ၏။

သို့သော် ...

ယခုတွင်မူ ထိုပရိဘောဂများသည် အခန်းထောင့်၌ စုပြုံရောက်ရှိနေသည်။

ထိုနေရာတွင် ခုတင်သုံးလုံးက စီတန်း၍ နေရာယူထားသည်။

ယင်းခုတင်များပေါ်တွင် အသက်မဲ့ရုပ်အလောင်းသုံးခုရှိနေသည်။ ထိုသက်မဲ့ရုပ်အလောင်းများအား ဖြူဖွေးနေသော ဝိတ်စအဖြူဖြင့် ဖုံးလွှမ်းထားသည်။

အခန်းထဲသို့ အပြေးအလွှားဝင်ရောက်လာသော သူမ၏ ခြေလှမ်းများမှာ တုံ့ခနဲ ရပ်တန့်သွားလေ၏။

သူမ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်၍ မျက်နှာတစ်ခုလုံးလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ထို့အတူ ...

ကျူးဝေဝေ၏မျက်လုံးအစုံတွင် စိုးရိမ်ထိတ်လန့်သည့် အရိပ်အယောင်များ ပေါ်လာလေတော့၏။

သူမသည် ခုတင်သုံးလုံးဆီသို့ ခြေလှမ်းကို တစ်လှမ်းချင်းလှမ်းရင်းမှ ရင်ထဲ၌ တုန်လှုပ်ချောက်ချားစွာဖြင့် ရောက်ရှိသွားသည်။

ထို့နောက် ...

သူမ၏ ဖြူသွယ်ပျော့ပျောင်းသော လက်ချောင်းကလေးများသည် ပထမဆုံးခုတင်ပေါ်မှ ဝိတ်ဖြူစအား ဆွဲကိုင်လိုက်၏။

သူမ၏ ဝိတ်ဖြူစကို ငဲ့ထားသော လက်ကလေးသည် တဆတ်ဆတ်တုန်ခါနေသည်။

အတန်ကြာမှ ...

ကျူးဝေဝေသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ဝိတ်ဖြူစလေးအား တဖြည်းဖြည်းချင်း ဆွဲချလိုက်သည်။

ထိုအခါ ...

ခုတင်ပေါ်၌ အလွန်ချောမောခန့်ညားသော လူတစ်ယောက်၏ မျက်နှာက အိပ်မောကျနေသည့်အလား ဝိညာဉ်ကင်းမဲ့စွာ လဲလျောင်းနေကြောင်း မြင်တွေ့လိုက်ရ၏။

ထိုသူအား တွေ့မြင်လိုက်ရသောအခါ ကျူးဝေဝေ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

"ဟင် ... အစ် ... အစ်ကိုယဲ့မင်း ..."

သူမ၏အသံမှာ တုန်ယင်လိုက်လဲစွာ ထွက်ပေါ်လာသည်။

ရုတ်တရက် ...

သူမသည် ရုပ်အလောင်းအား ငေးစိုက်ကြည့်ရင်း မယုံကြည်

နိုင်စွာ ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ဘူး ... လုံးဝမဖြစ်နိုင်ဘူး ... ငါ့အစ်ကိုက ထိပ်သီး သိုင်းပညာအဆင့်ရှိတဲ့သူ တစ်ယောက်ပဲ ... အလွယ်တကူ သူများလုပ် ကြံလို့ရမှာမဟုတ်ဘူး ... ဒါ ... ဒါ ... ငါ့အစ်ကို လုံးဝမဖြစ်နိုင်ဘူး"

ကျူးဝေဝေသည် ယင်းသို့ တတွတ်တွတ်ရေရွတ်ရင်းမှ မျက် ဝန်းမှ မျက်ရည်များ တသွင်သွင်စီးကျလာလေတော့သည်။

ထိုအချိန်တွင် ...

ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ အနီးသို့ ရောက်ရှိလာကြသည်။

သူတို့သည် ကွပ်ပျစ်ပေါ်ရှိ ဝိညာဉ်ကင်းမဲ့နေသော အလောင်း ကိုကြည့်ရင်း မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားကြသည်။

ကျူးရှောင်လုံ၏မျက်လုံးများသည် ပုစွန်မျက်လုံးများကဲ့သို့ ပြူးသွား၏။

"ဟင် ... အစ်ကိုယဲ့မင်း ... "

ရုတ်တရက် ...

သူ၏စကားသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ထိုအခါ ...

ကျူးဝေဝေ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

သူမ၏မယုံကြည်နိုင်အောင်ဖြစ်ပေါ်ခံစားနေရသော ဝမ်း နည်းကြေကွဲမှုဝေဒနာကို ဦးနှောက်၏အသိတရားက ဆက်လက်ပြီး ငြင်းဆန်၍ မရတော့ချေ။ သူ့အစ်ကိုကား တမလွန်ဘဝသို့ ကူးပြောင်း ရောက်ရှိသွားလေပြီ။

ကျူးယဲ့မင်းသည် အမှန်တကယ်ပင် သေဆုံးသွားလေပြီ။

ကျူးဝေဝေ၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များတသွင်သွင် စီးဆင်းလာလေတော့သည်။

သူမသည် မတီတတ်ရပ်နေရာမှ ကျူးယဲ့မင်း၏ ရုပ်အလောင်း ဘေးသို့ ဒူးထောက်ထိုင်ချလိုက်လေ၏။

ကျူးဝေဝေသည် အစ်ကိုဖြစ်သူ၏ရုပ်အလောင်းအား ဦးညွှတ် ဂါရဝပြုကာ ...

"အစ်ကိုယဲ့မင်း ... အစ်ကိုယဲ့မင်းကို ဂါရဝပြုပါတယ် ... အစ် ကိုသေဆုံးသွားပြီဆိုတာ ... ညီမလေး မယုံကြည်လို့ မရတော့ပါဘူး အစ်ကိုရယ် ... "

သူမက ယင်းသို့ပြောရင်းမှ သည်းထန်စွာ ငိုကြွေးလေတော့ ၏။

ထိုစဉ် ...

နယ်စားကြီးကျူးထိုက်ဖုန်းသည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ကျူးယဲ့မင်းရုပ်အလောင်းထားရှိရာ ခုတင်ဆီသို့ လျှောက်လာသည်။

ထို့နောက် ...

သူသည် ခုတင်အနီးတွင် ခြေလှမ်းရပ်လိုက်သည်။

နယ်စားကြီးကျူးထိုက်ဖုန်းသည် သားဖြစ်သူ ကျူးယဲ့မင်း၏ ရုပ်အလောင်းအား စူးစိုက်ကြည့်လိုက်၏။

သူ၏မျက်ဝန်းအစုံတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင် များ ပေါ်လွင်နေသည်။

သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် သားဖြစ်သူအား ငေးစိုက် ကြည့်နေသည်။

ကျူးယဲ့မင်း၏မျက်နှာသည် ဖြူဖွေးသန့်စင်၍ ယောကျ်ားပီသ ချောမောလှပေ၏။

ချောမောခန့်ညားသော သူ၏ရုပ်သွင်က နှစ်ရှိုက်စွာ အိပ်မောကျနေသူတစ်ယောက်နှင့် တူနေသည်။

သားဖြစ်သူ၏ ရုပ်အလောင်းကိုကြည့်ကာ ကျူးထိုက်ဖုန်း၏ ရင်ထဲ၌ အပူမီးတောက်က ကြီးသထက် ကြီးလာသည်။

အတန်ကြာမှ ...

ကျူးထိုက်ဖုန်း၏စကားသံသည် ဝမ်းနည်းကြေကွဲစွာ ထွက်ပေါ်လာသည်။

"အဖြစ်ဆိုးလိုက်ကာ ငါသားရယ် ... ဒါပေမယ့် ငါသားကတိ တည်ပါတယ် ... ကိုယ့်နိုင်ငံ ကိုယ်လူမျိုးအတွက် အသက်စွန့်တာဝန် ထမ်းဆောင်ခဲ့တယ် ... ဘရားခံကို မဖမ်းဆီးနိုင်ခဲ့ရင် ကိုယ့်နိုင်ငံကို အသက်ရှင်လျက်နဲ့ ဘယ်တော့မှ ပြန်မလာဘူး ... ရန်သူနဲ့ သူသေ ကိုယ်သေ အသက်သေသည်အထိ အရှုံးမပေးဘဲ တိုက်ခိုက်မယ်ဆိုတဲ့ ငါသားတာဝန်ကျေပါတယ် ... မင်းရဲ့ ရဲစွမ်းသတ္တိကို အဖေ ... ဂုဏ် ဂုဏ်ယူပါတယ် ... "

သူ၏စကားသံမှာ လှိုက်လှိုက်လဲလဲရှိလှပေသည်။

ထို့အတူ ...

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာလည်း အစ်ကိုဖြစ်သူ ကျူးယဲ့မင်း၏ ရုပ်အလောင်းကိုကြည့်ရင်း မျက်ရည်များ ဝိုင်းရစ်လာကြသည်။

ရဲစွမ်းသတ္တိရှိ၍ သိုင်းပညာထက်မြက်လှသော ကျူးယဲ့သည် ရန်သူလက်ချက်ဖြင့် သေဆုံးရပြီ မဟုတ်ပါလား။

ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့မှာလည်း ကျူးယဲ့မင်းအတွက် ဝမ်းနည်းကြေကွဲနေကြသည်။

ကျူးယဲ့မင်းသည် မိမိတို့ ရာဇဝတ်နိုမ်နင်းရေးအဖွဲ့အတွက် မရှိမဖြစ် လိုအပ်သော ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်၏။ သူတို့အပေါ် တာဝန်တိတိကျကျထမ်းဆောင်စေသလို ကြင်နာမှုလည်းရှိခဲ့သည်။

ထို့အပြင် ...

အလွန်ပျော်ရွှင်စွာနေတတ်၍ တာဝန်ဝတ္တရားကို လျှင်မြန်ဖျတ်လတ်စွာ ထမ်းဆောင်လေ့ရှိသော ကျူးယဲ့မင်းတစ်ယောက် မိမိတို့၏ ရာဇဝတ်မှုထောက်လှမ်းရေးအဖွဲ့မှ ထာဝရကျောခိုင်းထွက်ခွာသွားခြင်းအတွက် သူတို့ရင်ထဲ၌ နှမြောတသ၍ မဆုံးဖြစ်နေကြရသည်။

သူတို့၏ရင်ထဲ၌လည်း နယ်စားကြီးကျူးထိုက်ဖုန်း၏မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းနေသည်။

ငြိမ်သက်တိတ်ဆိတ်နေသော အခန်းတစ်ခုလုံး ကြေကွဲစွာငိုရှိက်သံများကသာ ပဲ့တင်ထပ်ကြီးစိုးနေသည်။

ထိုအချိန်တွင် ...

ဥပမိရုပ် ခန့်ညား၍ တည်ကြည်ခန့်ညားသောရုပ်သွင်ရှိသည့် အသက်ငါးဆယ်ကျော်ခန့်ရှိမည့် အဘိုးအိုနှစ်ယောက်သည် ချွေခန်းထဲသို့ ဝင်ရောက်လာကြသည်။

ထိုအဘိုးအိုနှစ်ယောက်သည် နယ်စားကြီးကျူးထိုက်ဖုန်းအား ဦးညွတ်ဂါရဝပြုလိုက်၏။

"နယ်စားကြီး၊ ကျူး၊ ခေါ်တယ်ဆိုလို့ ... လာခဲ့တာပါ ခင်ဗျာ"

အဘိုးအိုနှစ်ယောက်သည် ယင်းသို့ပြောနေသော်လည်း မျက်

လုံးများက နယ်စားကြီးကျူးထိုက်ဖုန်း၏ မျက်နှာပေါ်တွင် မရှိချေ

သူတို့၏ မျက်လုံးများသည် ကျွန်ခုတင်နှစ်လုံးပေါ်မှ ပိတ်ဖြူ လွှမ်းထားသော ရုပ်အလောင်းများပေါ်သို့ ကျရောက်နေကြ၏။

နယ်စားကြီးကျူးထိုက်ဖုန်းသည် ထိုအဘိုးအိုနှစ်ယောက်အား စေ့စေ့ကြည့်ရင်း မေးလိုက်၏။

"ခင်ဗျားတို့က စီးကျူးကျင်ရဲ့ လျူယုဖန်တို့ရဲ့ ဖခင်တွေပါ နော် ... "

ထိုအခါ ...

အဘိုးအိုတစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျုပ်က စီးကျူးကျင်းရဲ့အဖေ စီးချင့်စန်းပါ... သူကတော့ လျူယုဖန်ရဲ့အဖေ လျူဟောက်ကျိုပါ ... နယ်စားကြီး 'ကျူး' ... "

သူသည် ယင်းသို့ပြောပြီး အနီးရှိအဘိုးအို၏အမည်ကိုပါ ဖြော ပြလိုက်၏။

နယ်စားကြီးကျူးထိုက်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက် သည်။

အတန်ကြာမှ ...

သူသည် အဘိုးအိုနှစ်ယောက်အား ကြေကွဲစွာ စိုက်ကြည့် လိုက်လေ၏။

"ခင်ဗျားတို့ရဲ့ သားနှစ်ယောက်ဟာ သူတို့ရာဇဝတ်မှုနှိမ်နင်း ရေးအဖွဲ့က ပေးအပ်တဲ့ အထူးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်းနဲ့ ပဲ ကွယ်လွန်သွားကြပါပြီ ... "

နယ်စားကြီးကျူးထိုက်ဖုန်း၏စကားသံမှာ တုန်ယင်နေသည်။

သူ၏စကားကို ကြားလိုက်ရသောအခါ စီးချင့်စန်းနှင့် လျူ ဟောက်ကျို၏ ခန္ဓာကိုယ်မှာ ဟိခနဲ တုန်ခါသွားသည်။ သူတို့ခမျာ ကျောက်ရုပ်ကြီးများလိုဖြစ်သွားသည်။ မမျှော်လင့်သော သတင်းသည် သူတို့အား ဤသို့တဒင်္ဂကျောက်ရုပ်ဖြစ်သွားစေသည်။

သူတို့၏မျက်နှာများမှာလည်း သွေးဆုတ်ဖြူရော်သွားကြ သည်။ အတန်ကြာမှ ...

သူတို့သည် ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

"ကျူပ်တို့နားလည်ပါပြီ ... နယ်စားကြီး 'ကျူး' ... "

သူတို့၏မျက်လုံးအိမ်၌ မျက်ရည်များ စီးကျလာကြလေ၏။

အဘယ်သူသည် မိမိ၏သားသေဆုံးပြီဟူသော သတင်းကို ကြားလိုက်ရပြီးနောက် ပူဆွေးသောကမကျရောက်ပါမည်နည်း။

ထို့နောက် ...

သူတို့သည် စီးကျူးကျင်းနှင့် လျူယုဖန်တို့၏ အလောင်းရှိရာ သို့ လျင်မြန်စွာ လျှောက်သွားရင်း ပိတ်ဖြူစများကို ကိုယ်စီဖွင့်ကြည့် လိုက်ကြ၏။ ထိုအခါ ...

အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော စီးကျူးကျင်းနှင့် လျူယု ဖန်တို့၏ ရုပ်အလောင်းများအား သေချာစွာ မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ...

စီးချင့်စန်းနှင့် လျူဟောက်ကျိုတို့မှာ သားဖြစ်သူများ အတွက် မချိတင်ကဲ ဝမ်းနည်းစွာ ငိုကြွေးကြလေတော့သည်။

ထိုငိုကြွေးသံများကိုကြားရသောအခါ နယ်စားကြီးကျူးထိုက် ဖုန်း၏ရင်ထဲ၌လည်း သားဖြစ်သူ ကျူးယဲ့မင်းအတွက် ပို၍ဝမ်းနည်း ကြေကွဲသွားသည်။

အတန်ကြာမှ ...

နယ်စားကြီးကျူးထိုက်ဖုန်းသည် သူတို့အား ကြိုးစားပြီးပြလိုက်၏။ ဂုဏ်ယူစကားများလည်း ပြောသည်။

"ခင်ဗျားတို့သားတွေဟာ သူတို့ရဲ့တာဝန်ဝတ္တရားကို စွမ်းစွမ်းတမံ ထမ်းဆောင်ရင်း အသက်ကိုပေးဆပ်သွားတဲ့ ကျူပ်တို့နိုင်ငံရဲ့ မျိုးချစ်သူရဲကောင်းတွေပါ ... ကျူပ်က သူတို့အတွက် လေးစားစွာ ဂုဏ်ယူပါတယ် ခင်ဗျာ ... "

စီးချင်စန်းနှင့် လျူဟောက်ကျိုတို့သည် ခေါင်းတညိတ်ညိတ်ဖြင့် ငိုရှိုက်နေသည်။

နယ်စားကြီးကျူးထိုက်ဖုန်းက စကားဆက်လိုက်၏။

"ကဲ ... ခင်ဗျားတို့အိမ်ဂေဟာမှာ စွာပနကိစ္စပြုလုပ်ဖို့ ပြင်ဆင်ကြပါတော့ ... "

စီးချင်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... သဘောပေါက်ပါပြီဗျာ ... ဒါဆိုရင် ... ကျူပ်တို့လည်း သားရဲ့စွာပနအခမ်းအနားကို ဆက်လက်ပြီး ဆောင်ရွက်ရမှာမို့ ပြန်ခွင့်ပြုပါဦး နယ်စားကြီး'ကျူး' ... "

လျူဟောက်ကျိုကလည်း ဝင်ရောက်ပြောဆိုလိုက်၏။

"ကျူပ်ကိုလည်းပြန်ခွင့်ပြုပါဦးဗျာ ... အခုလိုခေါ်ပြီး အကြောင်းကြားတဲ့အတွက် နယ်စားကြီးကို ကျေးဇူးအထူးတင်ပါတယ် ... နို့မဟုတ်ရင် ... ကျူပ်သားလေးရဲ့ ရုပ်အလောင်းကိုတောင် မြင်ခွင့်ရမှာမဟုတ်ပါဘူး ... "

နယ်စားကြီးကျူးထိုက်ဖုန်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ ... ကျူပ်ရဲ့သားလည်း သူ့သူငယ်ချင်းတွေ

အတူတူ သေဆုံးသွားရတာဆိုတော့ ... ကျူပ်လည်း စွာပနကိစ္စကို စီစဉ်ဆောင်ရွက်ရဦးမှာပါ .. "

ထို့နောက် ...

စီးချင်စန်းနှင့် လျူဟောက်ကျိုတို့သည် ပြိုင်တူဦးညွှတ်ဂါရဝပြုလိုက်ပြီး ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

ည၌ခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော် ...

ထိုတိတ်ဆိတ်ငြိမ်သက်ခြင်းကို ကျူးဝေဝေ၏ ငိုရှိုက်သံက ဖောက်ထွင်းဖြိုခွဲ၍ ထွက်ပေါ်လာသည်။

သူမသည် အစ်ကိုဖြစ်သူ ကျူးယဲ့မင်း၏ ရုပ်အလောင်းနံဘေးတွင် ဒူးထောက်ထိုင်၍ သည်းထန်စွာ ငိုကြွေးနေသည်။

နယ်စားကြီးကျူးထိုက်ဖုန်းသည် ငိုကြွေးနေသော သမီးဖြစ်သူကိုကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်လေ၏။ ထို့နောက် ...

သူသည် ဂေဟာမှူးဖန်ကွမ်းဟုန်ဘက်သို့လှည့်ကာ အမိန့်ပေးလိုက်လေ၏။

"ဂေဟာမှူးဖန် ... သူတို့အားလုံးကို ဝိတ်ဖြူနဲ့ ပတ်ပြီး အလောင်းစစ်ဆေးတဲ့နေရာကို သယ်ဖို့လုပ်ပါ ... "

ထိုအခါ ...

ဂေဟာမှူး ဖန်ကွမ်းဟုန်က ဦးညွှတ်ဂါရဝပြုလိုက်၏။

"ဟုတ်ကဲ့ပါ နယ်စားကြီး'ကျူး' ... အမိန့်အတိုင်းဆောင်ရွက်ပါ့မယ် ... "

သူသည် ထိုသို့ပြောပြီး ကျူးယဲ့မင်းတို့၏ ရုပ်အလောင်းရှိရာသို့ ချဉ်းကပ်သွားလေ၏။

ထို့နောက် ...

သူသည် အလောင်းသုံးလောင်းအား ဝိတ်စဖြူဖြင့် ရစ်ပတ်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ် တားဆီးသံတစ်သံ ထွက်ပေါ်လာလေ၏။

"ဂေဟာမှူး ... ခဏနေပါဦးရှင် ... "

ကျူးဝေဝေက တားဆီးဟန့်တားလိုက်ခြင်းဖြစ်ပါသည်။

သူမသည် ယင်းသို့ ဟန့်တားရင်း ကျူးယဲ့မင်း၏ရုပ်အလောင်းအား ဖက်တွယ်၍ ငိုရှိုက်နေပြန်သည်။ ထိုအခါ ...

နယ်စားကြီးကျူးထိုက်ဖုန်းက တည်ကြည်လေးနက်သော စကားသံထွက်ပေါ်လာသည်။

"သမီး ... ဒီအချိန်မှာ ငိုနေလို့ မပြီး ... ဆက်လက်ထမ်းဆောင်ရမယ့် တာဝန်ဝတ္တရားတွေက အများကြီးကျန်သေးတယ် ... ဂေဟာမှူး 'ဖန်' တာဝန်ဝတ္တရားကို ဆက်လက်ထမ်းဆောင်နိုင်ဖို့ အတွက် ... ဖယ်ပေးလိုက်ပါ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏ရင်ထဲ၌ ပိုမိုကြေကွဲသွားသည်။

သို့သော် ...

သူမသည် ခေါင်းညိတ်ပြလိုက်ပြီး အစ်ကိုဖြစ်သူအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

သူ့မနှင့်အတူ ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ကလည်း ကျူးယဲ့မင်း၊ စီးကျူကျင်းနှင့် လျူယုဖန်တို့ ရုပ်အလောင်းသုံးလောင်းအား ရိုသေလေးစားစွာ ဦးညွှတ်ဂါရဝပြုလိုက်ကြသည်။

ကျူးဝေဝေသည် ဦးညွှတ်ဂါရဝပြုပြီး အစ်ကိုဖြစ်သူ၏ ရုပ်အလောင်းအား သေချာမှာ စိုက်ကြည့်လိုက်၏။

ထို့နောက် ...

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ပြောကြားလိုက်၏။

"အစ်ကိုယဲ့မင်း ... အစ်ကိုယဲ့မင်းကို ရက်စက်စွာ သတ်ဖြတ်သွားတဲ့ လူကို ညီမလေးကိုယ်တိုင်စုံစမ်းဖော်ထုတ်ပြီး သုတ်သင်ပေးပါ့မယ် ... အဲဒီလူကို သတ်ပြီး အစ်ကိုယဲ့မင်းအတွက် ကလဲ့စားချေပေးပါ့မယ် ... အဲဒီအချိန်ကျရင် အစ်ကိုယဲ့မင်း တမလွန်ကနေ ကျေနပ်ဂုဏ်ယူပေးပါ ... "

ကျူးဝေဝေ၏ မကျေမချမ်း အော်ဟစ်သံသည် လေထဲသို့ ပျံလွင့်သွားလေ၏။

... ❀ ...

ဆယ်ရက် ...

ဆယ်ရက်ဟူသော အချိန်ကာလသည် လျင်မြန်စွာ ကုန်ဆုံးသွားပြီဖြစ်သည်။

ဤဆယ်ရက်အတွင်း နယ်စားကြီးကျူးထိုက်ဖုန်း၏ 'ကျူး' ဂေဟာတွင် အသုဘမီးပုံးများကို ထွန်းညှိချိတ်ဆွဲထားခဲ့၏။

အနက်ရောင်စာလုံးများဖြင့် ရေးသားထားသည့် ဈာပနအခမ်းအနားနဖူးစီးစာတန်းကို ရေးသားချိတ်ဆွဲခဲ့သည်။

မှန်ပါသည်။

ကျွဲယဲ့မင်း၏ စွာပနအခမ်းအနားကို ကျင်းပနေခြင်းပင် ဖြစ်ပါသည်။

တာဝန်ဝတ္တရားကို ထမ်းဆောင်ရင်း အသက်စွန့်သွားခဲ့သော 'ကျွဲယဲ့မင်း'၏ ရဲစွမ်းသတ္တိကို 'ကျွဲ'မျိုးနွယ်တစ်ခုလုံးက ချီးကျူးဂုဏ်ယူကြသည်။

ထို့အတူ ...

'ကျွဲယဲ့မင်း'ကဲ့သို့ ရဲစွမ်းသတ္တိပြည့်ဝသော ခေါင်းဆောင်ကောင်းတစ်ယောက်ဆုံးရှုံးသွားခဲ့ရသည့်အတွက် ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့မှ လွန်စွာဝမ်းနည်းကြေကွဲကြလေ၏။

အထူးသဖြင့် ...

နယ်စားကြီးကျွဲထိုက်ဖုန်းနှင့် ကျွဲဝေဝေတို့၏ 'ဝမ်းနည်းကြေကွဲမှု အပူမီးသည် မည်သူမျှ ငြိမ်းသတ်၍ ရနိုင်တော့မည် မဟုတ်ပါ ချေ။

အိမ်မက်မိမ်း

၁၁၆

အခန်း (၄၂)

ခရီးကြမ်း

နေမင်းကြီးသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့ ဂုပ်လျှိုးပျောက်ကွယ်တော့မည်ဖြစ်၏။

ဆည်းဆာရောင်ခြည်၏ အလင်းရောင်သည် ဝန်းကျင်တစ်ခုလုံးအား ရစ်သိုင်းလွှမ်းခြုံထားသည်။

အေးမြလတ်ဆတ်သော လေအေးသည် ညင်သာစွာ တိုက်ခတ်နေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွဲဂေဟာခြံဝင်း၏ အနောက်ဘက်ကုန်းမြင့်လေးပေါ်တွင် အသစ်စက်စက်အုတ်ဂူလေးတစ်လုံး တည်ရှိနေ၏။

ထိုအုတ်ဂူလေး၏ရှေ့တွင် အဖြူရောင်ကျောက်သားကမ္ဘည်းတိုင်က ခိုင်ခန့်စွာ တည်ရှိနေသည်။

ထိုအဖြူရောင်ကမ္ဘည်းတိုင်ပေါ်မှ အနက်ရောင်စာလုံးဖြင့် ရေးထိုးထားသည့် နာမည်မှာ 'ကျွဲယဲ့မင်း'ဟူ၍ ဖြစ်ပါသည်။

မှန်ပါသည်။

ဤအသစ်စက်စက်အုတ်ဂူလေး ဦ ကျူးယဲ့မင်း၏ ထာဝရ အိပ်စက်အနားယူရာနေရာလေးပင် ဖြစ်ပါသည်။

ကျူးယဲ့မင်း၏ ကမ္ဘည်းတိုင်ရှေ့တွင် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဒူးထောက်၍ ထိုင်နေသည်။

ထိုမိန်းကလေးသည် ကမ္ဘည်းတိုင်ရှေ့တွင် အမွေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိလိုက်၏။

ထို့နောက် ရွှေငွေစက္ကူများကို မီးရှို့သည်။

ထို့နောက် ကမ္ဘည်းတိုင်အား ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

"အစ်ကိုကျူးယဲ့မင်းကို ဂါရဝပြုပါတယ် ... "

သူမသည် ယင်းသို့ပြောပြီး ကမ္ဘည်းတိုင်လေးအား စူးစိုက်ကြည့်လိုက်၏။

"အစ်ကိုယဲ့မင်း ... အစ်ကိုယဲ့မင်း ဒီလိုသေဆုံးရတာ ညီမလေး ဝမ်းနည်းလို့ မဆုံးပါဘူး ... ညီမလေး အစ်ကို့ကို သတ်တဲ့လူကို ကလဲ့စားချေပေးပို့မယ် ... နောက်ပြီး အစ်ကိုထမ်းဆောင်လို့ မပြီးသေးတဲ့ တာဝန်ကိုလည်း ဆက်ပြီး ညီမလေးထမ်းဆောင်ပါ့မယ် ... အစ်ကို တမလွန်ဘဝမှာ ငြိမ်းချမ်းစွာနေပါ ... ညီမလေးအတွက် ရဲရွမ်းသတ္တိနဲ့ ခွန်အားတွေ ပေးပါ အစ်ကို ... "

မိန်းကလေးသည် ထိုသို့ပြောဆိုလိုက်ပြီးသောအခါ ထိုင်ရာမှ ဖြည်းလေးစွာ ထလိုက်သည်။

ထို့နောက် ...

တောင်ကုန်းမြင့်လေးအတိုင်း ပြန်လည်ဆင်းလာခဲ့လေတော့သည်။

ထိုမိန်းကလေးမှာ ကျူးယဲ့မင်း၏ညီမဖြစ်သူ ကျူးဝေဝေပင် ဖြစ်ပါသည်။

... ❀ ...

နံနက်ခင်း ...

နံနက်ခင်းနေရောင်ခြည်သည် ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံထား၏။

ရာဇဝတ်မှုခွဲမ်နင်းရေးအဖွဲ့ဌာနချုပ်သည်လည်း နံနက်ခင်း နေရောင်ခြည်အောက်တွင် ကျရောက်နေသည်။

ရာဇဝတ်မှုခွဲမ်နင်းရေးအဖွဲ့ဌာနမှူးနန်းကုန်းလွှိ၏အခန်းတွင် ဖြစ်သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဌာနမှူးနန်းကုန်းလွှိသည် သူ၏စားပွဲရှေ့တွင်ထိုင်နေသော ကျူးဝေဝေအား တည်ကြည်လေးနက်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

အတန်ကြာမှ ...

သူသည် တည်ကြည်လေးနက်သောလေသံဖြင့် မေးလိုက်လေ၏။

"ကျူးဝေဝေ ... မင်း သေသေချာချာဆုံးဖြတ်ပြီးပြီလား"

ထိုအခါ ...

ကျူးဝေဝေက တည်ငြိမ်စွာ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ... ဆုံးဖြတ်ပြီးပါပြီ ဌာန ... "

ဌာနမှူးနန်းကုန်းလွိသည် သူမအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ထိုင်ခုံပေါ်မှ ဖြည်းလေးစွာ ထရပ်လိုက်၏။

ထို့နောက် ...

သူသည် အခန်းကျဉ်းလေးထဲ၌ ခေါက်ကုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။

အတန်ကြာမှ ...

ဌာနမှူးနန်းကုန်းလွိက ကျူးဝေဝေအား စောင်းငဲ့ကြည့်လိုက်ပြီး ...

"အခု ... မင်းရင်ဆိုင်ရမယ့် တာဝန်ဟာ အရင်ကတာဝန်တွေထက် ကြီးလေးတယ် ... နောက်ပြီး တစ်ဖက်ရန်သူဟာ အလွန်ကြောက်စရာကောင်းတယ်ဆိုတာ မင်းနားလည်ပါမှာပါ ... မင်းအစ်ကိုဟာ မင်းထက်အတွေ့အကြုံလဲများ ... သိုင်းပညာလည်းတော်တယ်ဆိုတာကို မင်းလက်ခံပါတယ်နော် ... "

ကျူးဝေဝေက တိတ်ဆိတ်စွာ နားစွင့်နေသည်။

ဌာနမှူးနန်းကုန်းလွိက တည်ကြည်လေးနက်သောမျက်နှာထားဖြင့် စကားဆက်လိုက်သည်။

"နောက်ပြီး ... ရန်သူဟာ ပရိယာယ်ကြွယ်ဝတဲ့အပြင် သိုင်းပညာလည်း ကြောက်စရာကောင်းလောက်အောင် အဆင့်မြင့်မားတယ်ကွယ် ... "

ကျူးဝေဝေက ပြန်မေးလိုက်သည်။

"သူ့ရဲ့သိုင်းပညာဟာ ဒီလောက်တောင် အဆင့်မြင့်တယ်ဟုတ်လား ... ဌာနမှူး ... "

ဌာနမှူးနန်းကုန်းလွိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဘာဖြစ်လို့လဲဆိုတော့ အလောင်းစစ်ဆေးတဲ့ ပညာရှင်ကျို့ရှောင်ကျင်းတင်ပြလာတဲ့ အစီရင်ခံစာထဲမှာ ကျူးယဲ့မင်းဟာ ဦးခေါင်းခွံအက်ကွဲပြီး သေဆုံးရတယ်ဆိုတာ ပါလာတယ် ... ဒီအချက်ကို ကြည့်ရုံနဲ့ ရန်သူရဲ့သိုင်းပညာဟာ မခန့်မှန်းနိုင်လောက်အောင် မြင့်မားတယ်ဆိုတာ နားလည်နိုင်တယ် ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။ သူမသည် ထိတ်လန့်တကြားဖြင့် မေးလိုက်မိ၏။

"အစ် ... အစ်ကို ယဲ့မင်းဟာ ဦးခေါင်းခွံအက်ကွဲပြီး သေဆုံးတာ ဟုတ်လား ... "

ဌာနမှူးနန်းကုန်းလွိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဒါကြောင့် ကျွပ်အနေနဲ့ ကျွပ်တို့ဌာနထဲက အသင့်တော်ဆုံးလူကို အထပ်ထပ်စဉ်းစားပြီး ဟုန်ကျန်းနယ်ကို ရွေးချယ်စေလွှတ်ရမှာပါ ... ဘာကြောင့်လဲဆိုတော့ ကျူးယဲ့မင်းလို အလွန်သိုင်းပညာထက်မြက်ပြီး လိမ္မာပါးနပ်တဲ့ ကျွပ်တို့ရဲ့ ရာဇဝတ်မှုခုံမင်နင်းရေးအဖွဲ့ရဲ့ ခေါင်းဆောင်ကောင်းတစ်ယောက်တောင် ဆုံးရှုံးခဲ့ရတယ်ဆိုတော့ နောက်ထပ်လွှတ်မယ့်သူက အတော့်ကိုစိစစ်ရတော့မှာပါ ... "

ကျူးဝေဝေသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

ထို့နောက် ... သူမက ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မနားလည်ပါတယ် ဌာနမှူး ... ဘာပဲဖြစ်ဖြစ် ကျွန်မသွားပါရစေလို့ ထပ်မံခွင့်တောင်းပါတယ် ... "

ဌာနမှူးနန်းကုန်းလွိက ခေါင်းခါယမ်းလိုက်သည်။

"မင်းတစ်ယောက်တည်းသွားလို့ မဖြစ်ဘူး ... မင်းနဲ့အတူ

အဖော်လိုသေးတယ် ... နောက်ဆုံးတစ်ခုကို မွှင့်မွှင့်လင်းလင်းပြောရ
မယ်ဆိုရင် ... ဒီခရီးကို သွားမယ့်လူဟာ သေသူလို့ မိမိကိုယ်မိမိ
သဘောထားရမယ်ဆိုတာ ... မင်းမမေ့စေချင်ဘူး ... မင်းကို အဖော်
ပြုတဲ့ လူဟာလည်း သူ့ကိုယ်သူ သေလူလို့ သဘောထားရမယ်ဆိုတာ
ကျေပ်ထပ်မပြောလိုတော့ဘူး ... "

ကျူးဝေဝေသည် ပြုံးလိုက်၏။

သူ၏အပြုံးသည် နာကြည်းခံခက်သော အပြုံးဖြစ်သည်။

"ဒီအချက်ကို ကျွန်မစဉ်းစားထားပြီးပါပြီ ဌာနမှူး ... တာဝန်
ဝတ္တရားကို ထမ်းဆောင်ရင်း သေဆုံးသွားရမယ်ဆိုရင်လည်း ကျွန်မ
ကျေနပ်ပါတယ် ... ဒီတာဝန်ကို ကျွန်မရဲ့ အသက်နဲ့ရင်းပြီး ကျေပွန်စွာ
ထမ်းဆောင်သွားမှာပါ ... "

ထိုစကားကြောင့် ဌာနမှူးနန်းကုန်းလွိုသည် ကျူးဝေဝေ၏
တာဝန်ကျေရွက်ရာအပေါ် နားလည်သိရှိတတ်သည့် အသိစိတ်ဓာတ်များ
ကို ခီးကျူးဂုဏ်ယူသောအကြည့်ဖြင့် စိုက်ကြည့်နေမိသည်။

ထိုစဉ် ... ကျူးဝေဝေက စကားဆက်လိုက်သည်။

"နောက်ပြီး ... ကျွန်မနဲ့အတူ လိုက်မယ့်သူတွေလည်း ရှိပါ
တယ် ... ဒါကြောင့် ... ဒီတာဝန်ဝတ္တရားတွေကို ထမ်းဆောင်ခွင့်ပြုပါ
လို့ လေးစားစွာ ထပ်မံခွင့်တောင်းပါတယ် ဌာနမှူး ... "

ထိုစကားကြောင့် ဌာနမှူးနန်းကုန်းလွိုဏ်၏မျက်နှာမှာ တည်
ကြည်လေးနက်သွားသည်။

မည်သို့ဆိုစေ ... ဤမျှစိတ်အားထက်သန်နေသူတစ်ယောက်
အား သွားခွင့်မပြု၍ မဖြစ်ပါ။

ထို့ကြောင့် ...

ကျူးဝေဝေတို့လူစုအား ဟုန်ကျန်းနယ်သို့သွားရန် ခွင့်ပြုရ
ကော့မည် ဖြစ်ပါသည်။

နန်းကုန်းလွိုသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... နယ်စားကြီးကျူးထိုက်ဖုန်းရဲ့ သားသမီးတွေဟာ
ဖခင်ရဲ့ သူရဲကောင်းသွေး အမွေအနှစ်ကို အပြည့်အဝရယူပိုင်ဆိုင်ထား
ကြတာကိုး ... ကောင်းပြီလေ ... မင်းအလွန်စိတ်အားထက်သန်နေတဲ့
တာဝန်ကို ကျေပ်ထမ်းဆောင်ခွင့်ပြုပါတယ် ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏မျက်နှာမှာ ဝင်းလက်
တောက်ပသွားသည်။

သူမသည် ထိုင်ရာမှ ကပျာကယာထလိုက်ပြီး ဌာနမှူးနန်း
ကုန်းလွိုအား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်ဂါရဝပြုလိုက်၏။

"အခုလို ခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ် ဌာနမှူး ...
ဒါဆို ကျွန်မတို့ မနက်ဖြန် ခရီးထွက်ခွင့်ပြုပါနော် ... "

ဌာနမှူး နန်းကုန်းလွိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ... ဒါနဲ့ မင်းဘယ်သူတွေကို ခေါ်သွားမှာလဲ"

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်၏။

"ကျွန်မခေါ်တာ မဟုတ်ပါဘူး ... သူတို့ကိုက လိုက်ချင်နေ
ကြတာပါ ... ဌာနမှူးကို မမြင်ရရဲ့လို့ မမြော်တဲ့ ငြိမ်နေရတာပါ ... "

ဌာနမှူးနန်းကုန်းလွိုက ပြုံးလိုက်သည်။

"ကောင်းပြီလေ ... သူတို့ကို ခေါ်လိုက်ပါ ... "

ကျူးဝေဝေက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကောင်းပါပြီ ဌာနမှူး ... ကျွန်မ အခုပဲ သွားခေါ်လိုက်ပါ
ဦးမယ် ... "

သူမသည် စကားဆုံးသည်နှင့် အခန်းတံခါးအား တွန်း ဖွင့်၍ အပြင်သို့ လျှင်မြန်စွာထွက်ခွာသွားသည်။

မကြာမီပင် ... ကျူးဝေဝေ ပြန်ရောက်လာသည်။

သူမနှင့်အတူ ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွှင်ရှမ်းရင်တို့ ပါရှိလာကြသည်။

သူတို့အားလုံး အခန်းထဲသို့ ရောက်ရှိလာသောအခါ ဌာနမှူးနန်းကုန်းလွိအား ဂါရဝပြုလိုက်ကြသည်။

ထိုအခါ ... ဌာနမှူးနန်းကုန်းလွိက သူတို့အားလုံးကို မျက်လုံးဝှေ့ကြည့်လိုက်၏။

"မင်းတို့ ရုတနာသေတ္တာဟောက်ဆုံးမှ ... ကျိမ္မထိတို့လူစုနဲ့ ကျူးယဲ့မင်းတို့လူစု အသတ်ခံရမှုတွေကို ဖော်ထုတ်ဖို့ တာဝန်ယူခွင့် တယ်ဆိုတာ ဟုတ်သလား ... "

သူ၏စကားကို ကျူးရှောင်လုံတို့လူစုက ပြိုင်တူပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ် ... "

ဌာနမှူးနန်းကုန်းလွိက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... အစတုန်းကကော် ကျူပ်က လူဝစ်ပြီး သွက်မယ်လို့ စဉ်းစားထားပါတယ် ... ဒါပေမယ့် လောင်လာဆယ်တော့ ဘယ်သူကိုမှ မရွေးချယ်ရသေးဘူး ... အခုတော့ မင်းတို့က စီတ်အားထက်သန်တယ်ဆိုတော့ သွားခွင့်ပြုလိုက်ပါ့မယ် ... "

သူက ဓမ္မာန်း၍ စကားဆက်လိုက်သည်။

"အကယ်၍ အဲဒီတရားခံကို ဖမ်းဆွဲနေရာမှာ အင်အားလိုမယ်ဆိုရင် အမြန်ဆုံး စစ်ကူပြန်ခေါ်ပါ ... စီတ်ရှည်ရှည်နဲ့ စီတ်ကိုတည်ငြိမ်

အောင် ကြိုးစားရင်း တရားခံအမှန်ကို ဖော်ထုတ်ပါ ... ဆန္ဒမစောကြပါနဲ့ ... "

သူက ယင်းသို့ပြောရင်း ကျူးဝေဝေအား တစ်ချက်စိုက်ကြည့်၍ စကားဆက်လိုက်သည်။

"ကျူပ်တို့ တထျန်နိုဇင်မှာ ကွမ်ရှမ်းနယ်စားကြီးရဲ့ နာမည်ဟာ ဘယ်လောက်ကျော်ကြားတယ်ဆိုတာ မင်းသိမှာပါ ... သူဟာ ဘာကြောင့် ဒီလောက်နာမည်ကျော်ကြားရသလဲဆိုရင် ... သူရဲ့ ရဲရွှမ်းသတ္တိနဲ့ သိုင်းပညာတက်မြက်မှုကြောင့်ပဲဆိုတာ မင်းတို့အားလုံး သိပြီးဖြစ်မှာပါ ... ဒါပေမယ့် ကျူပ်က ထပ်မံပြီးပြည့်စုံအောင် ပြောပါရစေ"

သူက ယင်းသို့ပြောပြီး လူအားလုံးကို တစ်ချက်ဝှေ့ကြည့်၍ စကားဆက်လိုက်၏။

"နယ်စားကြီးကျူးတိုက်ဖုန်းဟာ တိုက်ပွဲတစ်ခုမှာ ရန်သူရဲ့ စခန်းကို ဖြိုဖျက်တဲ့နေရာမှာ အလွန်ခိုင်မာတဲ့ ခြံစည်းရိုးတစ်ခုကို ခေါ်သွားဖို့အတွက် အလွန်ခက်ခဲတဲ့ ပြဿနာကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရတယ် ... အဲဒီမှာတင် သူက အဲဒီခြံစည်းရိုးထဲကို အတင်းဝင်ရောက်ဆိုးဖောက်ပြီး ရှေ့က အသေစံပြီး ရဲရဲရင့်ရင့်ကို ဦးဆောင်တိုက်ခိုက်ခဲ့တယ် ... "

ကျူးရှောင်လုံတို့လူစုသည် သူ၏စကားကို စိတ်ပါဝင်စားစွာနားစွင့်နေကြသည်။ တို့နောက် ...

ဌာနမှူးနန်းကုန်းလွိက စကားဆက်လိုက်သည်။

"ဒါကြောင့် ... သူခန္ဓာကိုယ်မှာ ဒဏ်ရာတွေ မြင်မကောင်းအောင် ရှိခဲ့ပေမယ့် ရန်သူကို အသေဖန်းဆီးနိုင်ခဲ့တယ် ... ကိုက်ပွဲအောင်မြင်ခဲ့တာပေါ့ ... အဲဒီမှာတင် ဘုရင်မင်းမြတ်က သူတို့ ဖြိုစား

ရာထူးပေးအပ်ခဲ့တယ် ... အခုတော့ နယ်စားကြီးရာထူးအထိ ရာထူးတက်လာခဲ့တာပေါ့ကွယ် ... "

သူက ယင်းသို့ပြောပြီး ကျူးဝေဝေအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ပြောလိုက်လေ၏။

"ဒါကြောင့် ... မင်းတို့လည်း နယ်စားကြီးကျူးထိုက်ဖုန်းလို ဘုရင်မင်းမြတ်က အသိအမှတ်ပြုတဲ့ လူတော်လူကောင်းလေးတွေ အဖြစ် ဒီတရားခံကို အမြန်ဆုံးဖော်ထုတ်ပြီး အောင်မြင်စွာ ပြန်လာနိုင်ပါစေလို့ ကျွပ်ဆုတောင်းပါတယ် ... "

ထိုအခါ ... ကျူးဝေဝေတို့အားလုံး၏ ခန္ဓာကိုယ်အတွင်းမှ သွေးများ ဆူပွက်လာကြသည်။ သူတို့သည် ဌာနမှူးနန်းကုန်းလွိအား တစ်ပြိုင်တည်း ဦးညွှတ် ဂါရဝပြုလိုက်ကြ၏။

"စိတ်ချပါ ဌာနမှူး ... တရားခံကို ဖမ်းဆီးပြီး အမြန်ဆုံးပြန်လာခဲ့ပါ့မယ် ... တရားခံကို မဖမ်းဆီးနိုင်ရင်လည်း အားလုံးအသေခံခဲ့ကြမှာပါ ... "

သူတို့အားလုံး၏စကားသံမှာ အားမာန်ပြည့်ဝလှပေသည်။

ဌာနမှူးနန်းကုန်းလွိက သူတို့အားလုံးကိုကြည့်၍ အားရကျေနပ်စွာ ပြုံးလိုက်လေသည်။

"အင်း ... ညီညွတ်ခြင်းဟာ အင်အားပဲကွယ့် ... "

သူသည် လက်ဝှေ့ယမ်းပြပြီး ပြောလိုက်လေတော့၏။

"ကဲ ... မင်းတို့ မနက်ဖြန်ကစပြီး ခရီးထွက်နိုင်ပါပြီ ... "

... ...

နောက်တစ်နေ့နံနက် ...

ဝန်းကျင်တစ်ခုလုံး နေရောင်ခြည်က နွေးထွေးစွာ လွှမ်းခြုံထားသည်။

ကျူးဝေဝေ၊ လွင်ရှမ်းရင်၊ ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့သည် ခရီးထွက်ရန် ပြင်ဆင်ပြီးဖြစ်နေကြလေပြီ။

သူတို့သည် နယ်စားကြီးကျူးထိုက်ဖုန်းအား ဦးညွှတ်ဂါရဝပြုလိုက်၏။

နယ်စားကြီးကျူးထိုက်ဖုန်းသည် အလွန်ရင့်ကျက်သူဖြစ်၏။

"တရားခံကိုဖော်ထုတ်ပြီး အောင်မြင်စွာ ပြန်လာမယ့် မင်းတို့ကို ကျွပ်စောင့်မျှော်နေပါ့မယ် ... "

သူသည် လွန်စွာကျေနပ်ရသည်။

ကျူးဝေဝေက ဦးညွှတ်ဂါရဝပြုလိုက်သည်။

"စိတ်ချပါ ဖေဖေ ... ရန်သူကိုရင်ဆိုင်နေရတဲ့အချိန်မှာ ရန်သူအပေါ် သတိမလစ်ဘဲ ရင်ဆိုင်မှာပါ ... ကျွန်မတို့ပြန်လာတဲ့အခါ ရန်သူကိုပါ တစ်ပါတည်း ဖမ်းဆီးခေါ်ဆောင်လာမှာပါ ... ရန်သူကို မဖမ်းဆီးမိဘဲနဲ့ ပိုက်ဟူနယ်ကိုပြန်ပြီး ခြေမချပါဘူး ... ရန်သူနဲ့ နောက်ဆုံးတိုက်ခိုက်ရင်း အသက်သေသွားပါစေ ... ဖေဖေ ကျွန်မအတွက် ဂုဏ်ယူနေပါ ... "

သူမသည် ယင်းသို့ပြောပြီး ချာခနဲလှည့်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်လေ၏။

ကျွန်လူများကလည်း မြင်းပေါ်သို့ ကိုယ်စီခုန်တက်လိုက်ကြသည်။

ထို့နောက် ...

မြင်းငါးကောင်နှင့် လူငါးယောက်သည် 'ကျူး'ဂေဟာခြံဝင်းအတွင်းမှ မောင်းနှင်ထွက်ခွာသွားကြလေတော့သည်။

နယ်စားကြီးကျူးထိုက်ဖုန်းသည် ထွက်ခွာသွားပြီဖြစ်သော သမီးဖြစ်သူ ကျူးဝေဝေ၏ နောက်ကျောကိုငေးကြည့်ရင်း မျက်ဝန်းအိမ်မှ မျက်ရည်တစ်ပေါက်ကျသွားလေသည်။

ကျူးဝေဝေတို့သည် ခရီးပြင်းနှင်ကြလေ၏။

သူတို့သည် ဟုန်ကျန်းနယ်သို့ ရောက်ရှိရန်သာ စိတ်စောနေသည်။ ဤသို့ဖြင့် ငါးရက်ဟူသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွား၏။

ကျူးဝေဝေတို့လူစုသည် ဟုန်ကျန်းနယ်ထဲသို့ ရောက်ရှိလာပြီဖြစ်သည်။ သူတို့သည် ဟုန်ကျန်းနယ်၏ ကျော်ကြားသော မြို့ကြီးငါးမြို့ကို ဖြတ်ကျော်လာခဲ့ပြီးဖြစ်သည်။

ယခု ...

သူတို့သည် လို့ဟန်မြို့သို့ ခရီးဆက်လာကြခြင်းဖြစ်သည်။

လို့ဟန်မြို့သည် ဟုန်ကျန်းနယ်၏ စည်ကားသော မြို့ကြီးတစ်မြို့ဖြစ်၏။ ထို့ကြောင့် ...

ဤအမှုအတွက် သဲလွန်စတစ်စုံတစ်ခု မရရှိနိုင်ဟု မဆိုသာ။ ဤမျှစည်ကားသော လို့ဟန်မြို့ကြီးတွင် ကျိုမုထိတို့အုပ်အကြောင်းကို ကျူးယဲ့မင်းတို့လူစုက စုံစမ်းသွားမည်မှာ သေချာသည်။

သို့ဆိုလျှင် ... ကျူးယဲ့မင်းတို့လူစုအား သိကျွမ်းတွေ့မြင်မည့် လို့ဟန်မြို့သား အချို့လည်း ရှိမည်မှာ မလွဲစေကန်ပင်ဖြစ်သည်။

ထိုလူများအား သေချာစွာစုံစမ်းနိုင်လျှင် ကျူးယဲ့မင်းကိုယ်အကြောင်း သိရှိနိုင်ပေသည်။

ယင်းခကြာင့် ...

သူတို့လူစုသည် လို့ဟန်မြို့သို့ ခရီးဆက်လာကြသည်။

လို့ဟန်မြို့တွင် သူတို့လိုချင်သည့် သဲလွန်စကို ရရှိနိုင်ပါမည်လား။ ပိုက်ဟူနယ်ကဲ့သို့ ဝေးလံသီခေါင်လှသော အရပ်ဒေသမှ လာသူများသည် အလွယ်တကူ စုံစမ်းနိုင်ပါမည်လော။

ကျူးဝေဝေတို့လူစုသည် လို့ဟန်မြို့သို့ ခရီးဆက်လာကြ၏။

ယခုအချိန်တိ ရန်သူ၏အရိပ်အယောင်ကိုပင်မတွေ့မြင်ရသေးပါ။ သို့သော် ...

သူတို့အားလုံးသည် သတိမလွတ်ရဲပါ။ ရန်သူနယ်မြေအတွင်းသို့ ငါတို့ရောက်ရှိနေသည်ဟု သူတို့အမြဲသတိပေးနေရပါသည်။

ဟုန်ကျန်းနယ်ထဲသို့ စတင်ဝင်ရောက်မိသည်နှင့် သတိရှိရှိနှင့် ခရီးဆက်လာကြသည်။

သူတို့သည် လို့ဟန်မြို့သို့ မြင်းဖြင့် ခရီးနှင်လာကြလေ၏။

ကျူးစုဖန်က တောလမ်းကလေးအတိုင်း မြင်းကိုစီးနင်းလာရင်း ဝန်းကျင်အား တစ်ချက်အကဲခတ်လိုက်သည်။

"ဟုန်ကျန်းနယ်ဟာ အတော်သာယာတာပဲ ... "

သူ၏စကားကို ကျင်းဝမ်လင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် အစ်ကိုစုဖန် ... ကျွန်တော်စာပေတွေထဲမှာ ဖတ်ဖူးတာတော့ ဟုန်ကျန်းနယ်ဟာ ပိုက်ဟူနယ်ထက် သဘာဝအလှအပပိုပြီးပြည့်စုံတယ်တဲ့ ... ဒါပေမယ့် ဟုန်ကျန်းနယ်ရဲ့ ရာသီဥတုကတော့ အစဉ်အမြဲဆီးနှင်းတွေ ဝိုင်းနေပြီး ဆိုးရွားလွန်းတယ်လို့ ပြောကြတယ် ... အလွန်အေးခဲတဲ့ အရပ်ဒေသမှာ ပေါက်ရောက်တဲ့ နှင်းပန်းပွင့်တွေလည်း ဟုန်ကျန်းနယ်မှာ ပေါက်ရောက်ကြတယ် ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ရှင်ပြောတာ မှန်တယ် ... ကျွန်မ ချီဖန်တောင်မှာ သိုင်းပညာသွားသင်တုန်းကလည်း နှင်းပန်းပွင့်တွေကို မြင်တွေ့ခဲ့ရတယ် ကျွန်မက နှင်းပန်းပွင့်တွေကို တော်တော်ကြိုက်နှစ်သက်တာ ... ဒါကြောင့် ... ကျွန်မတို့ ဝိုက်ဟူနယ်ဟာလည်း နှင်းပန်းပင်တွေပေါက်ရောက်လို့ရအောင် အမြဲတမ်းဆီးနှင်းတွေကျနေရင် ကောင်းမှာပဲလို့ တွေးမိတယ် ... "

ထိုစကားကြောင့် ကျင်းဝမ်လင်မှာ အံ့သြသွားသည်။

သူသည် ကျူးဝေဝေ၏လှပသော မျက်နှာနုနုလေးအား တအံ့တသြဖြင့်ကြည့်ရင်း မေးလေ၏။

"မင်းက ချီဖန်တောင်မှာ သိုင်းပညာသင်ကြားဖူးတယ်ပေါ့လေ ... ဒီအကြောင်း ကျွပ်တို့ကို နယ်စားကြီးကျူးထိုက်ဖုန်းနဲ့ အစ်ကိုယဲ့မင်းက တစ်ခါမှ မပြောဖူးပါဘူး ... ဘာဖြစ်လို့ မပြောကြတာလဲ"

ထိုအခါ ...

ကျူးဝေဝေမှာ မည်သို့ပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

ဖခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူသည် ချီဖန်တောင်အကြောင်း မည်သူ့ကိုမျှ စကားစ၍ မပြောကြပါ။

ချီဖန်တောင်သည် ဟုန်ကျန်းနယ်နှင့် နယ်နမိတ်ထိဆက်နေ၏။ ထို့ကြောင့် ...

ချီဖန်တောင်သို့ ဝိုက်ဟူနယ်မှ လူများက လာရောက်ခြင်း မရှိဘဲ ဟုန်ကျန်းနယ်သားများသာ လာရောက်လေ့ရှိသည်။ ရာသီဥတုကလည်း ဟုန်ကျန်းနယ်၏ရာသီဥတုမျိုးဖြစ်နေသည်။

ဟုန်ကျန်းနယ်သားများသာ လာရောက်လေ့ရှိသော ချီ

တောင်တွင် သိုင်းပညာသင်ကြားခြင်းသည် မိမိ၏ဝိုက်ဟူနယ်သားတထွန်လူမျိုးများသိလျှင် ရှုံ့ချဖွယ်သာရှိ၏။

ထို့အပြင် ...

ချီဖန်တောင်တွင် သူမနှင့် ဟုန်ကျန်းနယ်သားယွမ်ယိုင်တို့ ချစ်ကြိုက်ခဲ့သည့်အကြောင်းကို ဝိုက်ဟူနယ်မှ လူများသိမည်စိုး၍ ဖခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့က မည်သူ့ကိုမျှ မပြောခြင်းဖြစ်သည်။

သို့အတွက် ...

ကျူးဝေဝေမှာ မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်နေခြင်းပင်။

ထိုစဉ် ...

ကျူးရှောင်လုံက အခြေအနေကို ထိန်းသည့်အနေနှင့် ကြားဝင်ပြောလိုက်သည်။

"ကျူးဝေဝေက စကားမပြောတတ်လို့ပါ ညီလေးဝမ်လင်ရာ ချီဖန်တောင်ကို သူမရောက်ဖူးပါဘူး ... ခရီးတစ်ခုသွားရင်း ချီဖန်တောင်နား၊က ဖြတ်ကျော်သွားရလို့ ချီဖန်တောင်ကို တွေ့မြင်ခဲ့ရတာပါ ... အဲဒီမှာ နှင်းပန်းပင်တွေ အများကြီးရှိတာလည်း သူမြင်ခဲ့တာပေါ့ ... "

သူ၏စကားကြောင့် ကျူးဝေဝေမျက်နှာလေးမှာ ညှိုးနွမ်းသွားသည်။

သူမနှင့် ဟုန်ကျန်းနယ်သားယွမ်ယိုင် မေတ္တာသက်ဝင်ချစ်ခင်ခဲ့ကြသည့် ဇာတ်လမ်းကို သူများသိမှာ ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့က စိုးရိမ်ကြသည်။

မည်သို့ပင်ဖြစ်စေ ...

သူမ၏ရင်ထဲမှ ချစ်ခြင်းမေတ္တာတရားသည် မည်သည့်အခါမျှ ပြောင်းလဲသွားမည် မဟုတ်ပေ။

ဤဟုန်ကျန်းနယ်ထဲတွင်ပင် နေထိုင်လျက်ရှိနေမည့် ယွမ်ယိုဝိုင်အား သူမပြန်လည်တွေ့ဆုံချင်နေမိသည်။

ယွမ်ယိုဝိုင်အား ဟုန်ကျန်းသားဆို၍ အခြားသူများက အတင်းလျှောင်လည်း သူမဂရုမစိုက်ပါ။

ယွမ်ယိုဝိုင်၏စစ်မှန်သော ချစ်ခြင်းတရားကို သူမယုံကြည်ပါသည်။

ထို့အပြင် ...

ရဲစွမ်းသတ္တိနှင့် ပြည့်စုံဖြိုး သိုင်းပညာထက်မြက်ကာ တရားမျှတမှုကို မြတ်နိုးသည့် ယွမ်ယိုဝိုင်၏စိတ်ဓာတ်ကို သူမလေးစားမိသည်။

ယခု ...

သူမတို့ လူစုသည် လို့ဟန်မြို့သို့ ခရီးဆက်နေခြင်းဖြစ်သည်။

တုန်ကျန်းနယ်ရှိ စည်ကားသော မြို့တစ်မြို့ကို ဖြတ်ကျော်သည့်အခါတိုင်း သူမသည် လူတစ်ယောက်ကို ဝေ့ဝဲရှာဖွေနေမိ၏။

ထိုသူမှာ ယွမ်ယိုဝိုင်ပင်ဖြစ်ပါသည်။

သူမချစ်သော ယွမ်ယိုဝိုင်သည် ဟုန်ကျန်းနယ်ထဲမှ မည်သည့်မြို့တွင် နေထိုင်သည်ကို သူမ မသိနိုင်ပါချေ။

အခန်း (၄၃)

သတင်းအဆက်

လို့ဟန်မြို့ ...

လို့ဟန်မြို့သည် စည်ကားသောမြို့ကြီးတစ်မြို့ဖြစ်၏။

ကျူးဝေဝေတို့လူစု လို့ဟန်မြို့သို့ရောက်ရှိသွားချိန်သည် နေမွန်းတည့်ချိန်ဖြစ်နေသည်။ ထို့ကြောင့် နှင်းအကျသက်သာခြင်းနှင့် ကြုံရသည်။

ထို့ကြောင့် ...

လို့ဟန်မြို့၏ မင်းလမ်းမကြီးပေါ်တွင် သွားလာလှုပ်ရှားနေကြသော မြို့သူမြို့သားများနှင့် ခရီးသွားများ စည်စည်ကားကားသွားသွားလာလာ လုပ်ခြင်းကို တွေ့မြင်နိုင်ခြင်းဖြစ်သည်။

လို့ဟန်မြို့သည် အစဉ်သဖြင့် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသောကြောင့် နေဝင်သည်နှင့် မြို့သူမြို့သားများသည် အိမ်ထဲမှ အိမ်ပြင်သို့မထွက်တော့ချေ။

မိမိတို့အိမ်ထဲတွင်သာ အနွေးဓာတ်ကိုရအောင် မီးလင်းဖို့ ဖိုထားကြ၏။

ထို့ကြောင့်လည်း ညနေစောင်းသည်နှင့် လို့ဟန်မြို့လေးရှိ မင်းလမ်းမကြီးပေါ်တွင် လူသူကင်းရှင်းတိတ်ဆိတ်သွားသည်။

ထို့အတူ ...

ခရီးသွားများသည်လည်း နီးစပ်ရာတည်းခိုခန်းများသို့ ဝင်ရောက်တည်းခိုကြရ၏။

သို့မဟုတ်ပါလျှင် ...

အရိုးကွဲမတတ် အေးစိမ့်မှုဒဏ်ကို ကာကွယ်နိုင်မည်မဟုတ်ချေ။ ယခုအခါ မွန်းတည့်ချိန်ပင်ရှိသေးသောကြောင့် လမ်းမပေါ်တွင် လူအများသွားလာနေကြခြင်းဖြစ်သည်။

ကျူးဝေဝေတို့လူစုသည် လို့ဟန်မြို့၏မင်းလမ်းမကြီးအတိုင်း မြင်းကို စီးနင်းလာခဲ့ကြသည်။

ထိုသို့ မြင်းစီးလာကြရင်း ကျူးစုဖန်က ပခုံးတစ်ချက်တွန့်ပြီး ပြောလိုက်သည်။

"ဗိုက်ဆာတယ်ဟေ့ ... စားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ ဝင်စားကြရအောင် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ရှေ့ဆိုင်မှာ နေ့လယ်စာ ဝင်စားကြတာပေါ့"

ထို့နောက် ...

သူတို့သည် ရှေ့မှသပ်ရပ်သန့်ရှင်းသော စားသောက်ဆိုင်လေးဆီသို့ ဦးတည်၍ မြင်းကိုစီးနင်းလာလေတော့သည်။

ဟွမ်းဟိုးစားသောက်ဆိုင် ...

အဖြူခဲဆိုင်းဘုတ်ပေါ်တွင် အနီရောင်စာလုံးဖြင့် ရေးထိုးထားသည်။

ကျူးရှောင်လုံတို့လူစုသည် ဟွမ်းဟိုးစားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာကြသည်။

သူတို့သည် ဟွမ်းဟိုးစားသောက်ဆိုင်ရှေ့သို့ရောက်သည်နှင့် မြင်းကို ရပ်လိုက်ပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ထိုအခါ ...

စားသောက်ဆိုင်ထဲမှ ဆိုင်လုလင်တစ်ယောက်ပြေးထွက်လာပြီး ... မြင်းဇက်ကြိုးများကို ဆွဲယူသွားလေ၏။

ကျူးရှောင်လုံတို့လူစုသည် စားသောက်ဆိုင်ထဲသို့ ဝင်လာကြသည်။

ဆိုင်ထဲသို့ ~~လှမ်း~~ဝင်လိုက်သည်နှင့် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော ဆိုင်လုလေးတစ်ယောက်က ပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြိုလိုက်လေ၏။

"ကြွပါခင်ဗျာ ... ကြွပါ ... ဟွမ်းဟိုးစားသောက်ဆိုင်ကကြိုဆိုပါတယ် ... "

ကျူးရှောင်လုံသည် ဆိုင်ထဲသို့ အကဲခတ်ကြည့်လိုက်သည်။

ဆိုင်ထဲတွင် စားပွဲဝိုင်းများ ၈နှစ်တကျခင်းကျင်းထားသည်။

စားပွဲဝိုင်းတစ်ဝိုင်းတွင်သာ စားသောက်သူများရှိနေသည်။

ကောင်တာတွင် အဖြူရောင်စာပေသမားဝတ်စုံဝတ်ဆင်ထားသူတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် ကောင်တာမှငွေများကို ရေတွက်နေလေသည်။

ကျူးရှောင်လုံတို့လူစုသည် ထိုကောင်တာနှင့် မနီးသည့် စားပွဲဝိုင်းတွင် ဝင်ရောက်ထိုင်ချလိုက်လေသည်။

ထို့နောက် ...

သူတို့သည် ဆိုင်လုလင်လေးအား ဟင်းလျာများ မှာယူကာ စားသောက်လိုက်ကြလေတော့သည်။

မကြာမီ ကျူးရှောင်လုံတို့လူစုမှာ စားသောက်ခြင်းအမှု ပြီးစီးသွားသည်။

သို့သော် ...

သူတို့သည် စားသောက်ဆိုင်ထဲမှ မထွက်သေးဘဲ ခေတ္တ အနားယူနေကြသည်။

ကျူးဝေဝေသည် ကောင်တာစားပွဲပေါ်တွင် တပ်ဆင်ထား သော သစ်သားဆိုင်းဘုတ်ငယ်လေးအား အမှတ်မထင်တွေ့မြင်လိုက် လေ၏။

ထိုသစ်သားဆိုင်းဘုတ်လေးပေါ်တွင် ...

"ဟွမ်းဟိုးစားသောက်ဆိုင် ... "

ဟု ရေးထိုးထားသည်။

ကျူးဝေဝေသည် ထိုစားသောက်ဆိုင်အမည်လေးကို ရေရွတ် ကြည့်မိလိုက်၏။

"ဟွမ်းဟိုး ... ဟွမ်းဟိုး ... တော်တော်အဓိပ္ပါယ်ပြည့်စုံပြီး လှပတဲ့ နာမည်လေးပဲ ... "

သူမ၏စကားကို ကျင်းဝမ်လင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... ဒီစားသောက်ဆိုင်ပိုင်ရှင်ကြည့်ရတာ စာပေ ပရိသတ်ရှိပြီး စာပေနဲ့စပ်တဲ့ စာပေသမားတစ်ယောက်လား မသိဘူး ဒီလိုလှပပြီး အဓိပ္ပါယ်ပြည့်ဝတဲ့နာမည်ကို ရွေးချယ်ထားတတ်တယ်"

သူတို့နှစ်ဦးပြောဆိုနေသော စကားများကိုနားထောင်၍ကျူး စုဖန်က ပြုံးလိုက်မိသည်။

"မင်းကိုနှစ်ယောက်ကတော့လေ ... တကယ်လိုက်ဖက်ပါ ပေတယ် ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏မျက်နှာမှာ နီရဲသွားလေ သည်။

"အင့်ကို့စုဖန်နော် ... စကားအကောင်းပြောနေတာကို လိုက် နောက်မနေနဲ့ ... "

ကျူးစုဖန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"အစ်ကိုက နောက်တာမဟုတ်ပါဘူး ညီမလေးရာ ... အမှန် တကယ်ပြောနေတာပါ ... ညီလေးဝမ်လင်နဲ့ ညီမလေးက သိုင်းပညာ ထက်မြက်တာချင်းရော ... စာပေဝါသနာပါတာချင်းရော တူတယ် ဒီလိုဝါသနာတူတဲ့သူနှစ်ယောက်ကို လိုက်ဖက်တယ်လို့ ပြောတာ စိတ် ဆိုးစရာမဟုတ်ပါဘူး ... "

ကျူးဝေဝေ ဘာမျှမပြောတော့ပေ။

သူမ၏မျက်နှာကို ကြည့်ရုံနှင့် စိတ်ဆိုးနေပြီဖြစ်ကြောင်း ကျင်းဝမ်လင်သိလိုက်သည်။

ထို့ကြောင့် ...

သူက ကျူးစုဖန်အား ဟန့်တားလိုက်၏။

"မနောက်ပါနဲ့ ... အစ်ကိုစုဖန် ... ကျူးဝေဝေ စိတ်ဆိုးနေပြီ ဗျ ... "

ကျူးစုဖန်သည် ကျင်းဝမ်လင်၏အမူအရာကိုကြည့်၍ပြုံးလိုက် မိသည်။

"ဟေ့ကောင် ... ဝမ်လင် ... စိတ်ဆိုးရင် ချော့လိုက်ပေါ့ကွ ဘာခက်တာ မှတ်လို့ ... မင်းလို အဝတဲ့ကောင်ကို ငါညီမပေးရမှာ နှ

မြောပါတယ်ကွာ ... ဒါပေမယ့် မင်းရဲ့ ရဲစွမ်းသတ္တိရှိမှုနဲ့ ရိုးသားမှုကို ငါတို့တင်မဟုတ်ဘူး ... ဦးလေးကျူးကပါ နှစ်သက်လက်ခံကြတာကွ ဒါကြောင့် ... ဦးလေးကျူးက မင်းကို သမက်တော်ချင်တာပေါ့ ... "

ထိုစကားကြောင့် ကျင်းဝမ်လင်၏မျက်နှာမှာ နီရဲသွားလေသည်။

သူသည် မျော်လင့်ချက်၏အရိပ်အယောင်များဖြင့် ပြည့်နှက်နေသော မျက်လုံးအစုံဖြင့် ကျူးဝေဝေအား လှမ်းကြည့်လိုက်မိ၏။

ကျူးဝေဝေက သူ့အားကြည့်မနေပါ။

သူမသည် တည်ငြိမ်စွာပင် ထိုင်နေသည်။

ကျင်းဝမ်လင်သည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။

သူ၏ရင်ခုန်သံများကို ကျူးဝေဝေတစ်ယောက် နားလည်လက်ခံပေးမည် မဟုတ်ပါချေ။ ထိုစဉ် ...

ကျူးဝေဝေ၏ဝမ်းနည်းကြေကွဲစွာ ပြောလိုက်သောစကားသံ ထွက်ပေါ်လာသည်။

"အစ်ကိုယဲ့မင်းဟာ စာပေပညာကို မြတ်နိုးတယ် ... သူဟာ အဆင့်မြင့် သိုင်းသမားတစ်ယောက်ဆိုပေမယ့် စာပေဝါသနာပါတဲ့ သိုင်းသမားတစ်ယောက်ပဲ ... ဒါကြောင့် စာပေပညာကို အားလပ်ချိန်တွေမှာ လေ့လာခဲ့တယ် ... အစ်ကို ကျူးယဲ့မင်းသာ ဒီလို့ဟန့်ပြို့ကို ဖြတ်ကျော်သွားခဲ့တာမှန်ရင် ဒီစားသောက်ဆိုင်လေးမှာ ဝင်ပြီး ... နားခိုစားသောက်ခဲ့မှာ အမှန်ပဲ ... "

သူမ၏စကားကြောင့် ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့ ဒီလိုအတတ်ပြောနိုင်ရတာလဲ ... "

ကျူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဘာဖြစ်လို့လဲဆိုတော့ ... ဟွမ်းဟိုးဆိုတဲ့နာမည်ကြောင့်ပေါ့ ... စာပေပညာအမြင်နဲ့ ပြောရရင် ဒီလောက်လှပပြီး အဓိပ္ပါယ်ပြည့်စုံတဲ့ နာမည်လေးကို သူသဘောကျမှာပါ ... ဒါကြောင့် သူဒီမှာ ဝင်ပြီး နားခိုစားသောက်ခဲ့တယ်ဆိုတာ ဗေဒင်မေးစရာမလိုဘဲ ညီမလေးသိတာပေါ့ ... "

လွင်ရှမ်းရင်မှာလည်း စဉ်းစားမရဖြစ်သွားသည်။

"ဒီဟွမ်းဟိုးဆိုတဲ့နာမည်က ဒီလိုလှပပြီး အစ်ကို့ကျူးယဲ့မင်းအပေါ် ဒီလောက်တောင် ဆွဲဆောင်မှုရှိသလား ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့ ... ကျွန်မဟာ သူ့ရဲ့ညီမဖြစ်လို့ စာပေပညာကို နှစ်သက်မြတ်နိုးတဲ့ အစ်ကိုယဲ့မင်းရဲ့ စိတ်ကို သူများထက်ပိုပြီး နားလည်ပါတယ် ... ကျွန်မတို့ ဒီဆိုင်မှာ စုံစမ်းကြည့်ရင်တောင် အစ်ကိုယဲ့မင်းတို့အကြောင်း သဲလွန်စရဦးမယ် ... "

သူမသည် ယင်းသို့ပြောပြီး သူတို့စားပွဲနှင့် မလှမ်းမကမ်းတွင် ရပ်နေသော အစိမ်းရောင်ဝတ်ဆင်ထားသည့် ဆိုင်လုလင်လေးအား လှမ်းခေါ်လိုက်သည်။

ထိုအခါ ...

ဆိုင်လုလင်လေးက သူတို့အနီးသို့ ပြေးလွှားရောက်ရှိလာ၏။

ကျူးဝေဝေက ထိုဆိုင်လုလင်လေးအား မော့ကြည့်ကာ ...

"မင်း နာမည် ဘယ်လိုခေါ်လဲ ... "

ဆိုင်လုလင်လေးက သွက်လက်စွာပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော့်နာမည် ပဲကွမ်းလို့ ခေါ်တယ် မမလေး ... "

ကျူးဝေဝေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"မမတို့က ခရီးသွားတွေပါ ... ဒီမြို့မှာ စုံစမ်းချင်တာလေး တစ်ခုရှိလို့ ... မင်းကတော့ စားသောက်ဆိုင်မှာ အလုပ်လုပ်တယ်ဆို တော့ ... လူပေါင်းစုံနဲ့ တွေ့ကြုံနေရတော့ ကျွန်တဲ့လူတွေထက် ပိုပြီး နှံ့စပ်မယ်လို့ မမထင်ပါတယ် ...

"ဟုတ်ကဲ့ ... ကျွန်တော့်ကို မေးချင်တာ မေးပါ ... ကျွန်တော်သိရင်တော့ ပြောပြမှာပါ ... "

"ဒီလိုပါ ... လွန်ခဲ့တဲ့ တစ်လ ... တစ်လခွဲလောက်က မင်းတို့ဆိုင်ကို လူသုံးယောက်လာဖူးလား ... သူတို့တွေက မြင်းကိုယ်စီနဲ့လေ ... တစ်ယောက်က အပြာရောင်ဝတ်ဆင်ထားတယ် တစ်ယောက်က အဝါရောင် ... နောက်တစ်ယောက်က မီးခိုး ရောင်ဝတ်ဆင်ထားကြတယ်လေ ... သူတို့သုံးယောက်လုံး ရုပ်ရည်ချောမောကြတယ်လေ"

ထိုစကားကြောင့် ပဲကွမ်းမှာ မျက်မှောင်ကုတ်သွားသည်။

သူ၏မျက်ဝန်းထဲတွင် သူတို့စားသောက်ဆိုင်တွင် အခန်းဌား ကာ တည်းခိုသွားကြသော ဧည့်သည်သုံးယောက်၏မျက်နှာများကို ပြန်လည်မြင်ယောင်လာမိသည်။

ထိုဧည့်သည်များ တည်းခိုရန်အတွက်အခန်းကို သူကိုယ်တိုင် ရှင်းလင်းပေးခဲ့ရသည် မဟုတ်ပါလော။ ထို့ကြောင့် ...

ပဲကွမ်းက ဦးခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်၏။

"သိတယ် ... သိတယ် ... အဲဒီဧည့်သည်သုံးယောက်က ကျွန်တော်တို့ဆိုင်မှာ စားသောက်တဲ့အပြင် အခန်းငှားပြီး တစ်ညတည်းခိုသွားသေးတယ် ... "

ကျူးဝေဝေမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"အခန်းငှားတယ် ဟုတ်လား ... မင်းတို့ဆိုင်က စားသောက်ဆိုင်ပဲ ... တည်းခိုခန်းမှ မဟုတ်တာ ... "

ပဲကွမ်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် ... ကျွန်တော်တို့ ဆိုင်က စားသောက်ဆိုင်ပါ ဘယ်ဧည့်သည်မှ တည်းခိုဖို့ လက်မခံပါဘူး ... ဒါပေမယ့် သူတို့သုံးယောက်က ကျွန်တော်တို့ဆိုင်မှာ နေ့လည်စာ ဝင်စားပြီးမြင်းလှည်းသမားတစ်စုအကြောင်း စုံစမ်းတယ် ... ကျွန်တော်က ... "

သူ၏စကားမဆုံးမီမှာပင် ကျူးရှောင်လုံက ကြားဝင်မေးလိုက်သည်။

"မြင်းလှည်းသမားတစ်စုအကြောင်း ဟုတ်လား ... "

"ဟုတ်ပါတယ် ... အဲဒီထဲက အပြာရောင်ဝတ်ဆင်ထားတဲ့ အစ်ကိုကြီးက ကျွန်တော့်ကိုမေးပါတယ် ... လွန်ခဲ့တဲ့ ဆယ်ရက်ကျော်က မြင်းရထားတစ်စီးနဲ့ မြင်းစီးသမားတစ်စု ဖြတ်သွားတာ တွေ့သလားတဲ့ ... ကျွန်တော်က ပြောလိုက်တယ် ကျွန်တော်တော့ မတွေ့လိုက်ဘူး ... အဲဒီမြင်းစီးသမားတွေ စားသောက်ကြတဲ့ စားသောက်ဆိုင်ကိုတော့သိတယ်လို့ ... မြင်းစီးသမားခေါင်းဆောင်က စားသောက်ဆိုင်ဝိုင်ရှင်ကို ငွေတုံးရှစ်တုံးပေးခဲ့တယ်လို့ ပြောလိုက်တယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်လုံးပြူးသွားကြသည်။

ပဲကွမ်းပြောနေသည့် မြင်းရထားတစ်စီးနှင့် မြင်းစီးသမားတစ်စုဆိုသည်မှာ ကျိုမုထိတို့လူစုဖြစ်မှန်း နားလည်လိုက်ပေ၏။

... ၄

သူတို့သည် မမျှော်လင့်ဘဲ ကျူးယဲ့မင်းတို့လူစုနှင့် ကိုမုထိတို့အဖွဲ့၏ သတင်းနှစ်ခုလုံးကို ခုံစမ်းမိပြီဖြစ်သည်။

ထို့ကြောင့် ...

ကျင်းဝမ်လင်က ကပျာကယာမေးလိုက်၏။

"အဲဒီစားသောက်ဆိုင်နာမည်က ဘာလဲ ... "

ပဲကွမ်းက ခေါင်းခါယမ်းလိုက်သည်။

"စားသောက်ဆိုင်နာမည်မရှိပါဘူး ... အရက်နဲ့ ခေါက်ဆွဲပြုတ်တွေရောင်းတဲ့ အဘတုကျိုတို့ဆိုင်ပါ ... တော်တော်ဆင်းရဲနွမ်းပါးပါတယ် ... အဲဒီဆိုင်ကို မြင်းစီးသမားတွေ ညဘက်ကြီးရောက်လာပြီး ခေါက်ဆွဲပြုတ် ဘဲသားပြုတ်တွေပဲ မှာစားသွားတယ် ... အရက်လုံးဝ မသောက်ကြဘူးတဲ့ ... မြင်းစီးသမားခေါင်းဆောင်က အဘတုကျိုကို သနားလို့ဆိုပြီး ငွေတုံးရွှစ်တုံးပေးသွားတယ် ... အဘတုကျိုကိုလည်း ဆိုင်အသစ်ပြင်ဆောက်ပြီး စားသောက်ဆိုင်ကြီးဖွင့်ဖို့ မှာသွားတယ် အခု မမလေးတို့ခုံစမ်းတဲ့ အစ်ကိုသုံးယောက်ကလည်း အဲဒီမြင်းစီးသမားလူစုအကြောင်းကို အဘတုကျိုဆီမှာ သွားစုံစမ်းကြတယ် ... "

သူ့စကားကြောင့် ကျူးယဲ့မင်းတို့လူစုသည် ကိုမုထိတို့အဖွဲ့အကြောင်းကို အပူတပြင်း စုံစမ်းခဲ့ကြောင်း သိသာလှသည်။ ကျူးယဲ့မင်းတို့သည် ဟုန်ကျန်းနယ်ထဲ၌ တကယ်အလုပ်လုပ်သွားခဲ့ကြသည်။

သို့ဆိုလျှင် ...

သူတို့သည်လည်း အဘတုကျိုဆိုသော အဘိုးအိုထံသို့ သွားရောက်၍ ကိုမုထိတို့လူစုအကြောင်းနှင့် ကျူးယဲ့မင်းတို့လူစုအကြောင်းကို စုံစမ်းမေးမြန်းရမည်ဖြစ်သည်။

ထို့ကြောင့် ...

ကျူးရှောင်လုံက ဆက်မေးလိုက်၏။

"အဲဒီအဘတုကျိုရဲ့ [illegible]က်ဆိုင်က ဘယ်နားမှာလဲ ... "

ပဲကွမ်းက အပြင်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"မင်းလမ်းမကြီးရဲ့ အစွန်ဆုံးမှာရှိပါတယ် ... အခု မြင်းစီးသမားခေါင်းဆောင်ပေးတဲ့ငွေတွေနဲ့ ဆိုင်အသစ်ပြင်ဆောက်ပြီးပါပြီ ဆိုင်အသစ်ဆောက်ပြီး ဟင်းလျာမျိုးစုံရောင်းတဲ့ စားသောက်ဆိုင်ကြီးဖွင့်ထားတယ် ... ဆိုင်နာမည်ကိုလည်း မြင်းသည်တော်လို့ ပေးထားတယ် ... ကျွန်တော့်သူငယ်ချင်း အဘတုကျိုရဲ့မြေးတုမ့ပြောတာကတော့ သူတို့ကို ငွေပေးခဲ့တဲ့ မြင်းစီးသမားကို ဂုဏ်ပြုတဲ့အနေနဲ့ မြင်းသည်တော်လို့ ဆိုင်နာမည်ကို သူ့အဘိုးက ပေးထားတာတဲ့ ... အဘတုကျိုဟာ ကျေးဇူးသိတတ်တဲ့ အဘိုးပါ ... "

ထိုစဉ် ...

ကောင်တာတွင် ထိုင်နေသော စာပေသမားဝတ်စုံဝတ်ဆင်ထားသူသည် သူတို့စားပွဲဆီသို့ တည်ငြိမ်စွာ လျှောက်လှမ်းလာလေ၏။

ထို့နောက် ...

သူသည် စားပွဲအနီးတွင်ရပ်ကာ ပဲကွမ်းအား စေ့စေ့ကြည့်လိုက်ပြီး မေးလိုက်၏။

"ပဲကွမ်း ... ဧည့်သည်တွေ မင်းကို ဘာမေးနေတာလဲ"

ထိုအခါ ...

ပဲကွမ်း ကြောက်ရွံ့ထိတ်လန့်ဟန်ဖြင့် ပြန်ဖြေလိုက်၏။

"လွန် ... လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်တော်တို့ဆိုင်မှာ ညအိပ်တည်းခိုသွားတဲ့ အစ်ကိုကြီးသုံးယောက်အကြောင်းကို စုံစမ်းနေတာပါ ... သခင်ကြီး ... "

ထိုစကားကြောင့် စာပေသမားဝတ်စုံဝတ်ဆင်ထားသော သူ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေသည်။

သူသည် ကျူးရှောင်လုံတို့ဘက်သို့လှည့်၍ ချီးသာစွာပြုံးလိုက်ပြီး ယဉ်ကျေးစွာ ပြောလေ၏။

"ကျွပ်က ဒီဆိုင်ရဲ့ ပိုင်ရှင်ပါ ... ဒါကြောင့် စုံစမ်းစရာရှိရင် ကျွပ်ကိုလည်း စုံစမ်းနိုင်ပါတယ် ခင်ဗျာ ... "

ကျူးရှောင်လုံက ပြုံး၍ ခေါင်းညိတ်လိုက်သည်။ သူတို့အတွက် အချိုပေါ် သကာလောင်းပြီ မဟုတ်ပါလား။

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ဗျာ ... ခုနက ပဲကွမ်းပြောပြလို့ ကျွပ်တို့သိချင်တာလေးတွေ သိလိုက်ရပါပြီ ... "

စာပေသမား ဝတ်စုံဝတ်ဆင်ထားသော ဆိုင်ပိုင်ရှင်က ကျူးရှောင်လုတို့လူစုအား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး မေးလိုက်လေ၏။

"ဒါနဲ့ ခင်ဗျားတို့ စုံစမ်းနေတာ ကျွပ်ဆိုင်မှာ ညအိပ်တည်းခိုသွားတဲ့ ကျူးယဲ့မင်းတို့ သုံးယောက်ကိုလား ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်ရှင် ... "

ဆိုင်ပိုင်ရှင်က ပြုံးလိုက်သည်။

"သူတို့က ကျွပ်ကိုပြောတော့ လိန်ကျန်းမြို့က လာတယ်လို့ ပြောတာပဲ ... ခင်ဗျားတို့ကကော လိန်ကျန်းကပဲလား ... "

သူ၏စကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်လုံးပြူးသွားကြ၏။

"ဘာ ... လိန်ကျန်းမြို့ဟုတ်လား ခင်ဗျာ ... "

ဆိုင်ပိုင်ရှင်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... ကျူးယဲ့မင်းက ကျွပ်ကို လိန်ကျန်းမြို့ကာတိလို့ပြောတယ် ... သူတို့သုံးယောက်က ကုန်သည်ပွဲစားလုပ်ကိုင်ကြတဲ့ ညီအစ်ကိုတွေပဲလို့ ကျွပ်ကို ပြောသွားတယ် ... ဒါနဲ့ ခင်ဗျားတို့ကြည့်ရတာ လိန်ကျန်းမြို့က မဖြစ်နိုင်ဘူး ... ဟုန်ကျန်းနယ်ထဲမှာနေဖြို့ လိန်ကျန်းမြို့တောင် မသိဘူးဆိုတော့ ခင်ဗျားတို့က ဟုန်ကျန်းနယ်သားတွေမဖြစ်နိုင်ဘူး ... ခင်ဗျားတို့ ဝိုက်ဟူနယ်က လူတွေလား"

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မည်သို့ပြန်ပြောရမှန်းမသိဖြစ်သွားသည်။ သူတို့၏အမူအရာသည် သံသယဖြစ်စရာ အမူအရာပင်။

ထိုစဉ် ...

ကျင်းဝမ်လင်သည် သူဖတ်ရှုဖူးသော စာအုပ်များထဲမှ ဟုန်ကျန်းနယ်အကြောင်းနှင့် ဟုန်ကျန်းနယ်ထဲမှ လိန်ကျန်းမြို့ဆိုသောမြို့လေးအကြောင်းကို ပြန်လည်သတိရလာမိ၏။

ထို့ကြောင့် ...

သူကပြုံး၍ ပြန်ခေါ်လိုက်သည်။

"ကျွပ်တို့က ဟုန်ကျန်းနယ် တောင်ပိုင်းက လိန်ကျန်းမြို့က မဟုတ်ပါဘူး ... ဟုန်ကျန်းနယ်မြောက်ပိုင်းက ပိုးဝယ်မြို့ကပါ ... "

သူသည် ဆိုင်ပိုင်ရှင်ယုံကြည်စေရန် ဟုန်ကျန်းနယ်၏တည်နေရာနှင့် မြို့များအကြောင်းကို စာအုပ်ထဲတွင် ဖတ်ဖူးသည့်အတိုင်း ပြောလိုက်လေ၏။

ထိုအခါ ...

ဆိုင်ပိုင်ရှင်က ယုံကြည်သွားဟန်ဖြင့် ပြောလေတော့၏။

"သြော် ... ခင်ဗျားတို့က ဝိုးဝယ်ကကိုး ... "

ကျင်းဝမ်လင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွပ်တို့က ဝိုးဝယ်ကပါ ... ကျွန်းယဲ့မင်းနဲ့ ကုန်သည်ချင်း သိကျွမ်းတာလောက်ပဲ ရှိပါတယ် ... သူ လိန်ကျန်းမြို့မှာနေတယ်ဆိုတာ ကျွပ်တို့မသိပါဘူး ... အခုစုံစမ်းတာကလည်း သူတို့ကို မတွေ့တာ ကြာလို့ပါ ... "

သူက ယင်းသို့လိမ်ညာပြောလိုက်သည်ကို ကျွန်းရှောင်လုံတို့လူစုကလည်း ရောရှိနေလိုက်ကြသည်။

ထို့နောက် ...

သူတို့အားလုံးသည် ထိုင်ရာမှထကာ ကောင်တာတွင် ငွေသွားရှင်းလိုက်၏။

ပြီးလျှင် မြင်းကိုယ်စီ စီးကာ မင်းလမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့လေတော့သည်။

ကျွန်းရှောင်လုံတို့လူစုသည် မင်းလမ်းမစွန်ဘက်သို့ မြင်းကို စီးနင်းလာကြ၏။

သူတို့သည် မြင်းသည်တော်စားသောက်ဆိုင်သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

မြင်းသည်တော်စားသောက်ဆိုင်သည် မင်းလမ်းမကြီး အစွန်ဘက်တွင် ရှိသည်ဟု ဆိုင်လုလင်လေးက သူတို့အား ပြောပြခဲ့၏။

သူတို့သည် အဘတုကျိုထံမှ ကျိမုထိတို့အဖွဲ့နှင့် ကျွန်းယဲ့မင်းတို့လူစုအကြောင်းကို စုံစမ်းမေးမြန်းရမည်ဖြစ်သည်။

ဆိုင်လုလင်လေး၏ ပြောပြချက်အရဆိုလျှင် ကျိမုထိတို့အဖွဲ့နှင့် ကျွန်းယဲ့မင်းတို့လူစု ဤလို့ဟန်မြို့မှ ဖြတ်သန်းသွားသည်မှာ သေ

ချာလှပေ၏။ ကျွန်းယဲ့မင်းတို့လူစုသည် ယိစစ်မြို့တော်သို့ပင် ရောက်ရှိခဲ့ဟန်တူ၏။

ထိုအကြောင်းရာများကို အဘတုကျိုဆိုသော အဘိုးအိုအားမေးမြန်းစုံစမ်းရမည်ဖြစ်သည်။ ဤသို့ဖြင့် ...

ကျွန်းရှောင်လုံတို့လူစုသည် မြင်းသည်တော်စားသောက်ဆိုင်ရှေ့သို့ ရောက်လာခဲ့လေတော့သည်။

'မြင်းသည်တော်' စားသောက်ဆိုင် ...

ကြေးဝါရောင်ဆိုင်းဘုတ်ပေါ်တွင် အမြှုရောင်စာလုံးဖြင့် ရေးသားထားသည်။ ဆိုင်းဘုတ်ကတော့ သားသားနားနားပင်။

ဆိုင်းဘုတ်ပြားလေးမှာ သစ်လွင်တောက်ပနေသည်။

ထို့အတူ မြင်းသည်တော်စားသောက်ဆိုင်သည်လည်း သစ်လွင်တောက်ပနေပါသလော။ မြင်းသည်တော်စားသောက်ဆိုင်မှာလည်း သစ်လွင်တောက်ပ၍ ထည်ဝါခန့်ညားလှပါသည်။

ကြည့်ရုံဖြင့် မကြာသေးမီကပင် ဆောက်လုပ်ပြီးစီးခဲ့သောဆိုင်ဖြစ်ကြောင်း သိနိုင်လေသည်။

ကျွန်းရှောင်လုံတို့လူစုသည် ဆိုင်ရှေ့တွင် မြင်းကိုရပ်လိုက်၏။

ထိုအခါ ...

ဆိုင်လုလင်လေးများက ပြေးထွက်လာပြီး မြင်းဇက်ကြိုးကို ဆွဲခေါ်သွားကြသည်။ ကျွန်းရှောင်လုံတို့လူစုသည် ဆိုင်ထဲသို့ လှမ်းဝင်လာခဲ့ကြသည်။

သစ်လွင်တောက်ပသော အဝတ်အစားများဝတ်ဆင်ထားသော ဆိုင်လုလင်တစ်ယောက်က သူတို့အား ပြုံးရွှင်သောမျက်နှာထားဖြင့် ကြိုဆိုလိုက်၏။

"ကြွပါဗျာ ... ကြွပါ ... "

ကျူးရှောင်လုံသည် ဆိုင်ထဲသို့ လှမ်းဝင်ရင်း အကဲခတ်ကြည့်လိုက်၏။ ဆိုင်ထဲတွင် စားပွဲငိုင်း ဆယ့်ငါးငိုင်းခန့်ခင်းကျင်းထားသည်။ အပြင်အဆင်မှာ သန့်ရှင်းသပ်ရပ်လှပေသည်။

ဆိုင်ထဲတွင် ကောင်တာတစ်ခုဖွင့်ထားပြီး ဆိုင်ရှေ့စားပွဲတွင် အဘိုးအိုတစ်ယောက်ထိုင်နေ၏။

အဘိုးအိုသည် အညိုရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိသူဖြစ်သည်။ ဤအဘိုးအိုသည် မည်သူဖြစ်သနည်း။ ကျူးရှောင်လုံ ခန့်မှန်းနိုင်ပါသည်။

ထိုအဘိုးအားကြည့်ရုံဖြင့် မြင်းသည်တော်စားသောက်ဆိုင်ပိုင်ရှင်အဘတုကျိုမှန်း သိလိုက်သည်။ ထို့ကြောင့် ...

သူသည် ကျူးဝေဝေတို့ဘက်သို့ မျက်ရိပ်ပြလိုက်ပြီး ရှေ့မှ စားပွဲဆီသို့ လျှောက်သွားလိုက်လေ၏။

ထိုအခါ ... ကျူးဝေဝေတို့ကလည်း သူ၏နောက်မှ လိုက်ပါလာခဲ့ကြလေသည်။

ကျူးရှောင်လုံသည် ကောင်တာရှေ့တွင် ရပ်လိုက်လေ၏။

သူက ရပ်တန့်လိုက်သည်နှင့် အဘိုးအိုက သူ့အားမော့ကြည့်လိုက်၏။

"တူမောင် ... ဘာများ အလိုရှိလို့ပါလဲ ... "

ကျူးရှောင်လုံက အဘိုးအိုအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

"ကျွန်တော်တို့က ခရီးသွားတွေပါ အဘ ... အဘက မြင်းသည်တော်စားသောက်ဆိုင်ပိုင်ရှင် အဘတုကျိုဆိုတာလား ခင်ဗျာ"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"အဘက မြင်းသည်တော်စားသောက်ဆိုင်ပိုင်ရှင် အဘတုကျိုပါပဲ ... "

သူသည် ယင်းသို့ပြောပြီး ကျူးရှောင်လုံအား စေ့စေ့ကြည့်လိုက်၏။

"တူမောင်က ကျူပ်ကိုတွေ့ချင်လို့လား ... ဘာကိစ္စများ ရှိလို့လဲ ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွန်တော်တို့အဘဆီက သိချင်တာလေးတွေ မေးချင်လို့ပါ ... အဘ ကျွန်တော်တို့ကို မေးခွင့်ပြုပါ ... "

အဘတုကျိုမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာများလဲကွယ် ... ကျူပ်သိတာဆိုရင်တော့ မကွယ်ဝှက်ပါဘူး ... သိသမျှ ပြောပြလိုက်တာပါပဲ ... တူမောင်တို့က ဘာများသိချင်လို့လဲ ... "

ကျူးရှောင်လုံက ...

"ဒီလိုပါ လွန်ခဲ့တဲ့ တစ်လကျော်လောက်က အဘတို့အရက်ဆိုင်လေးဆီကို ညဘက်ကြီးမြင်းစီးသမားတစ်စု ရောက်လာကြတယ်လို့ ကျွန်တော်တို့ကြားပါတယ် ... သူတို့မှာ မြင်းလှည်းတစ်စီးပါလာတယ်လေ ... အဲဒါ သူတို့ညတွင်းချင်း ခရီးဆက်သွားကြလားဆိုတာ သိချင်လို့ပါ ... "

ထိုစကားကြောင့် အဘတုကျို၏မျက်နှာမှာ ဝင်းလက်တောက်ပသွားသည်။ သူက အားရဝမ်းသာဟန်ဖြင့် ...

"ဟုတ်တာပေါ့ ... သူတို့လူစု ကျူပ်ရဲ့အရက်ဆိုင်လေးမှာ ခေါက်ဆွဲပြုတ်နဲ့ ဘဲသားပြုတ်တွေ မှာစားသွားကြတယ် ... နောက်ပြီး

ကျွန်ုပ်ကို ငွေတုံးရှစ်တုံးပေးပြီး ဆိုင်ကိုအသစ်ပြန်ဆောက်ဖို့ မှာကြားပြီး ညတွင်းချင်းပဲ ဆီးနှင်းလွှင်ပြင်ဘက်ဟု ခရီးဆက်သွားကြတယ် ဒါနဲ့ ... မင်းတို့က သူတို့ရဲ့ မိတ်ဆွေတွေလား ... "

ကျူးရှောင့်လုံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အဘ ... "

အဘတုကျို့၏မျက်နှာမှာ ပြုံးရွှင်သွားသည်။

"ဒါဆို ကျွန်ုပ်ဆိုင်မှာပဲ စားသောက်ကြပါဗျာ ... ကျွန်ုပ်က ငွေကြေးတစ်ပြားမှမယူဘဲ ကျွေးမှာပါ ... မင်းတို့ ခရီးဝေးကလာတဲ့ လူတွေ မဟုတ်လား ... ဒါဆိုလည်း ကျွန်ုပ်ဆိုင်မှာပဲ တည်းခိုသွားကြပါ ကျွန်ုပ်က အဲဒီမြင်းစီးသမားခေါင်းဆောင်ကို ပြန်မတွေ့ရတော့ဘူး ... ဒါကြောင့် သူ့ရဲ့ မိတ်ဆွေတွေကို အကူအညီပေးရတာကိုပဲ ကျေနပ်ရမှာပေါ့ ... "

ကျူးရှောင့်လုံတို့လူစုသည် အဘတုကျို့၏ကျေးဇူးတရား သိတတ်မှုကို ကြားသိရကာ လေးစားသွားကြသည်။

ထို့ကြောင့် ... ကျူးရှောင့်လုံက ခေါင်းခါယမ်းပြလိုက်ပြီး မေတ္တာရပ်ခံစကားပြောသည်။

"ကျွန်တော်တို့ စားသောက်ပြီးပါပြီ ... အဘက တည်းခိုခွင့် ပြုမယ်ဆိုရင်တော့ တည်းခိုချင်ပါတယ် ... ငွေကြေးအနေနဲ့တော့ လက်ခံပေးပါ အဘ ... "

အဘတုကျို့က ကပျာကယာ လက်ကာပြလိုက်သည်။

"ငွေကြေးတော့ လက်မခံပါရစေနဲ့ ... ကျွန်ုပ်က မြင်းစီးသမားတွေကို ကျေးဇူးဆပ်ချင်လွန်းလို့ပါ ... ဒါပေမယ့် သူ့ကို နာမည်လေးတောင် မသိရဘူး ... နောက်ထပ်လည်း တစ်ခါမှ မတွေ့တော့ဘူး

ဟိုတစ်လောကလည်း လူရွယ်လေးသုံးယောက် မြင်းစီးသမားတွေ အကြောင်း ကျွန်ုပ်ကိုလာမေးကြတယ် ... အဲဒီတုန်းက ကျွန်ုပ်က ဆိုင်အသစ်ပြင်မဆောက်ရသေးလို့ တည်းခိုဖို့ မဖိတ်ခေါ်လိုက်ရဘူး ... အခု မင်းတို့ကို ကျွန်ုပ်က တည်းခိုဖို့ ဖိတ်ခေါ်ပါတယ် ... "

အဘတုကျို့ပြောသောစကားအရလူရွယ်သုံးယောက်ဆိုသည်မှာ ကျူးယဲ့မင်းတို့သုံးယောက်ဖြစ်ကြောင်း ကျူးရှောင့်လုံတို့ အားလုံးနားလည်လိုက်ကြလေ၏။

ကျူးယဲ့မင်းတို့လူစုသည် ကျိမုထိတို့အဖွဲ့သတင်းကို စုံစမ်းရန် အလို့တော် ဟွမ်းဟိုးစားသောက်ဆိုင်တွင် ပြန်လည်တည်းခိုကြခြင်းဖြစ်သည်။

အဘတုကျို့၏စကားအရ သူသည် ကျိမုထိ၏အမည်နာမကို ပင် သိရှိဟန်မတူပေ။

မည်သူမဆို မိမိကျေးဇူးရှင်၏နာမည်ကို သိလိုကြပေသည်။

ထို့ကြောင့် ... ကျူးရှောင့်လုံက ပြောပြလိုက်လေ၏။

"အဘကို ကူညီခဲ့တဲ့ မြင်းစီးသမားခေါင်းဆောင်က ကျိမုထိလို့ ခေါ်ပါတယ် ... "

သူက ထိုသို့ပြောသောအခါ အဘတုကျို့က တတွတ်တွတ် ရေရွတ်လိုက်လေသည်။

"ကျိမုထိ ... ကျိမုထိ ... ဒီနာမည်ကိုတော့ ကျွန်ုပ်သေသည်အထိ မှတ်ထားပါ့မယ် ... အလွန်စိတ်သဘောထားဖြူစင်မြင့်မြတ်တဲ့ယောကျ်ားကောင်းတစ်ယောက်ပါကွယ် ... သူ့ကိုတွေ့ရင် ပြောလိုက်ကြပါ ... ကျွန်ုပ်ဆိုင်အသစ်ဆောက်ပြီးပြီလို့ ... လာ ကြိုရင် ကျွန်ုပ်ဆိုင်ကို ဝင်လာခဲ့ပါ ... ကျွန်ုပ်ကျေးဇူးဆပ်ချင်လို့ပါလို့ ပြောပေးပါကွယ် ...

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ စိတ်မကောင်းဖြစ်သွားကြသည်။

ကျိမ့ထိတို့လူစုမှာ အဘတုကျိုနှင့် တွေ့ဆုံကြပြီး မကြာမီမှာပင် ရန်သူ၏လက်ချက်ဖြင့် သေဆုံးခဲ့ရပြီ မဟုတ်ပါလော။

ဤအကြောင်းများကိုသာ အဘတုကျိုသိရှိခဲ့မည်ဆိုလျှင် မည်သို့နေမည်နည်း။

သို့သော် ... ထိုကိစ္စအား ပြောပြ၍ မဖြစ်ပါချေ။

ထို့အတူ ...

ကျိမ့ထိတို့လူစုသည် ဝိုက်ဟူနယ်သားများဖြစ်ကြောင်းကိုလည်း သိခွင့်ပေး၍ မဖြစ်ပါ။ ဤအချက်အားလုံး လျှို့ဝှက်ထားရမည်သာဖြစ်ပါသည်။

အဘတုကျို၏ စကားသံထွက်ပေါ်လာသည်။

"ဟေ့ ... တုမေ့ ... ခဏလာခဲ့ဦးကွ ..."

သူ၏စကားသံနှင့် မရွေးမနောင်းတွင် ဆိုင်အနောက်ဘက်မှ အသက်ဆယ့်ငါးနှစ်ခန့်ရှိသော လူငယ်တစ်ယောက် ပြေးထွက်လာသည်။ ထိုလူငယ်သည် သစ်လွင်တောက်ပသော အပြာရောင်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားလေ၏။

ထိုလူငယ်မှာ အဘတုကျို၏မြေး တုမေ့ပင် ဖြစ်ပါသည်။

အဘတုကျိုသည် မြေးဖြစ်သူအားကြည့်ကာ ပြောလိုက်၏။

"တုမေ့ ... ဒီက ခြည့်သည်တွေကို အိပ်ခန်းပြင်ဆင်ပေးလိုက်ပါ ... သူတို့ဟာ မြင်းစီးသမားလူစုရဲ့ အသိမိတ်ဆွေတွေပဲ ... ဒါကြောင့် ယဉ်ယဉ်ကျေးကျေးဆက်ဆံပြီး သူတို့လိုတာ အားလုံးလုပ်ပေးလိုက်ပါ ..."

ထိုအခါ ... တုမေ့က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ အဘတုကျို ..."

သူသည် ယင်းသို့ပြောပြီး ကျူးရှောင်လုံတို့အား ဂါရဝပြုလိုက်၏။

"အခန်းပြင်ဆင်ထားပြီးသား နှစ်ခန်းရှိပါတယ် ... ကျွန်တော့် နောက်ကို လိုက်ခဲ့ကြပါ ခင်ဗျာ ..."

ထို့နောက် ...

သူသည် အနောက်ဘက်ရှိအခန်းများဆီသို့ လျှောက်သွားလေ၏။ ကျူးရှောင်လုံတို့လူစုက သူ၏နောက်မှ လိုက်သွားကြလေတော့သည်။

မြင်းသည်တော်စားသောက်ဆိုင်၏အနောက်ဘက်တွင် ဖြစ်သည်။ ကျယ်ဝန်းသပ်ရပ်သည့် အခန်းနှစ်ခန်းပြုလုပ်ထားသည်။

အခန်းထဲတွင် ခုတင်များနှင့် အိပ်ရာခင်းအုံးများ ပြင်ဆင်ထား၏။

တုမေ့သည် ထိုအခန်းရှေ့တွင် ခြေလှမ်းရပ်လိုက်၏။

သူသည် ကျူးရှောင်လုံတို့ဘက်သို့လှည့်ကာ ပြောသည်။

"ဒီအခန်းနှစ်ခန်းပါ အစ်ကို ... အဆင်ပြေသလို တည်းခိုကြပါ ... လိုအပ်တာရှိရင် ကျွန်တော့်ကို ခေါ်လိုက်ပါ ..."

သူသည် ဦးညွှတ်အရိုအသေပြု၍ ပြန်လည်ထွက်ခွာသွားလေ၏။

ထိုအခါ ...

ကျူးရှောင်လုံက ကျူးဝေဝေနှင့် လူ ...းရင်တို့ဘက်သို့လှည့်ကာ အစီအစဉ်ကို ပြောပြလေ၏။

"ကဲ ... ညီမလေးနဲ့ လွင်ရှမ်းရင်က ညာဘက်အခန်းမှာအိပ်ပါ ... အစ်ကိုတို့နှစ်ယောက်နဲ့ ကျင်းဝမ်လင်တို့ကတော့ ဘယ်ဘက်အခန်းမှာ အိပ်မယ် ... ဘာပဲပြောပြော ... စားသောက်ဆိုင်မှာ တည်းခိုခွင့်ရတာ ပိုကောင်းတာပေါ့ ... တည်းခိုခန်းမှာ သွားတည်းရင် ကျွဲတို့ရောက်နေပြီဆိုတာ ရန်သူသိနိုင်တယ် ... ကဲ ... ညီမလေးတို့ အခန်းထဲဝင်တော့ ... မနက်ကျရင်တော့ စောစောထကြ ... ဆီးနှင်းလွင်ပြင်ကို ခရီးဆက်မယ် ... "

ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ပါ အစ်ကိုရှောင်လုံ ... "

ထို့နောက် ...

သူတို့နှစ်ယောက်သည် ညာဘက်အခန်းထဲသို့ ဝင်သွားကြသည်။

ထိုအခါ ...

ကျူးရှောင်လုံ၊ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့သည်လည်း ဘယ်ဘက်အခန်းထဲသို့ဝင်၍ အနားယူအိပ်စက်လိုက်လေတော့သည်။

... ...

အခန်း (၄၄)

မှတ်မိလွယ်သော ဖျက်ဝန်းတစ်ခု

နံနက်ခင်း ...

လို့ဟန်မြို့၏နံနက်ခင်းအချိန်သည် ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ဆီးနှင်းများဖြင့် ဝိတ်ဖုံးနေသည်။

ထို့ကြောင့် ...

နေရောင်ခြည်ကို ကောင်းစွာမတွေ့မြင်ရချေ။

နေမင်း၏အလင်းရောင်ကို ကောင်းစွာမရရှိသောကြောင့် ဆီးနှင်းလွင်ပြင်တွင် အစဉ်သဖြင့် ရေခဲနေတတ်လေသည်။

မြောက်ပြန်လေသည် ကြမ်းတမ်းစွာ တိုက်ခတ်နေ၏။

မြောက်ပြန်လေထဲတွင် ရေခဲစ ရေခဲမှုန်များ ရောထွေးပါဝင်နေသည်။ အရိုးကွဲမတတ် အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံးအား ကြီးစိုးနေသည်။

ယခု ...

လူငါးယောက်သည် မြင်းကိုယ်စီဖြင့် ဆီးနှင်းလွင်ပြင်ထဲတွင် ခက်ခဲစွာ ခရီးဆက်နေကြသည်။

သူတို့ငါးယောက်မှာ 'ကျူးရောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝန်လင်၊ ကျူးဝေဝေနှင့် လွင်ရှမ်းရင်'တို့ပင် ဖြစ်ကြသည်။

သူတို့သည် အေးခဲလွန်းသော ရာသီဥတုကို အံတုရှိ ခရီးဆက်နေခြင်းဖြစ်သည်။

သို့သော် ...

မိန်းကလေးနှစ်ယောက်ဖြစ်သည့် ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့မှာမူ အေးစိမ့်မှုဒဏ်ကို မခံစားနိုင်ဘဲဖြစ်နေသည်။

သူမတို့သည် ဆီးနှင်းလွင်ပြင်၏ အရိုးကွဲမတတ် အေးစိမ့်မှုဒဏ်ကို ကြောက်ရွံ့နေကြ၏။

ကျူးဝေဝေက ခိုက်ခိုက်တုန်အောင် ချမ်းနေပြီး ညည်းတွားလိုက်လေ၏။

"ဒီအချိန်မှာ မြင်းရထားတစ်စီးလောက်ရှိရင် ကောင်းမယ် မြင်းလှည်းအိမ်ထဲမှာဆိုရင် ဒီလောက်ချမ်းတော့မှာ မဟုတ်ဘူး ... နွေးနွေးထွေးထွေးရှိမှာပဲ ... "

သူမ၏စကားကြောင့် ကျူးစုဖန်မှာ မျက်မှောင်ကုတ်သွားသည်။

"ဒီလောက်ဝေးလံတဲ့ခရီးကို ဘယ်လိုလုပ်ပြီး မြင်းရထားကြီးယူဆောင်နိုင်မှာလဲ ... မြင်းတစ်ယောက် တစ်ကောင်တောင် ကြာတော့ တာဝန်ဝိုလာတယ် မဟုတ်လား ... "

သူ၏စကားကြောင့် ကျူးဝေဝေသည် ဘာမျှမပြောတော့ပေ။

ထိုစဉ် ...

ရုတ်တရက် အဝေးဆီမှ မြင်းခွာသံသဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ထိုမြင်းခွာသံကြောင့် ကျူးရောင်လုံတို့အားလုံးမှာ ပြေးလွှားနေသော မြင်းများ၏ဇက်ကြိုးကိုဆွဲကာ အရှိန်လျော့ချလိုက်လေသည်။

ထို့နောက် ... ရှေ့ခရီးကို သတိကြီးစွာဖြင့်ပင် ခရီးဆက်လာခဲ့ကြလေတော့သည်။

"ခွပ် ... ခွပ် ... ခွပ် ... "

"ခွပ် ... ခွပ် ... ခွပ် ... "

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မြင်းလှည်းဘီးလိမ့်သံများကို ကြားလိုက်ရသည်။

ကျူးရောင်လုံသည် ဝန်းကျင်တစ်ခုလုံးအား အကဲခတ်ကြည့်လိုက်၏။

ထိုမြင်းခွာသံများသည် သူတို့၏အရှေ့ဘက်မှ သွားနေသော အသံများဖြစ်သည်။

သို့သော် ...

ဝန်းကျင်တစ်ခုလုံး ထူထပ်သိပ်သည်းစွာ ကျဆင်းနေ၍ မည်သည့်အရာကိုမျှ သဲကွဲစွာ မတွေ့မြင်နိုင်ချေ။

ထို့ကြောင့် ...

သူတို့ယူစုသည် ဘတိကြီးစွာဖြင့် ရှေ့သို့ခရီးဆက်လာကြသည်။

ဤသို့ဖြင့် ...

သူတို့သည် ဆီးနှင်းလွင်ပြင်ထဲမှ ခရီးဆက်လာကြစဉ် ရုတ်တရက် ရှေ့မှသွားနေသော မြင်းရထားတစ်စီးနှင့် မြင်းစီးသမားများအား သဲကွဲစွာ တွေ့မြင်လာရသည်။

လွင်ရှမ်းရင်က လက်ညှိုးညွှန်ပြလိုက်သည်။

"ဟိုမှာ ... မြင်းရထားတစ်စီးပါလား ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူတို့လည်း ကျုပ်တို့လိုပဲ ခရီးသွားတွေ ထင်တယ် ... "

ထို့နောက် ...

သူတို့သည် ရှေ့သို့ဆက်၍ ခရီးဆက်ခဲ့ရာ မြင်းရထားအား မီလာကြသည်။

သူတို့သည် မြင်းများကို ထိုမြင်းရထားနှင့် ဘေးချင်းယှဉ်၍ စီးလာပြီး မြင်းရထားအား အကဲခတ်ကြည့်လိုက်ကြ၏။

မြင်းရထားကိုမြင်ရုံဖြင့် တန်ဖိုးကြီးမားလှကြောင်း သိနိုင်သည်။

ကျူးရှောင်လုံတို့လူစု အကဲခတ်နေစဉ်မှာပင် မြင်းရထား၏ ပြတင်းတံခါးပွင့်သွားပြီး အထဲမှ စူးရှတောက်ပလှသော မျက်လုံးတစ်ခု၏ အကြည့်ကို တွေ့မြင်လိုက်ရ၏။

ထိုလူ၏ အကြည့်မှာ ဆွဲဆောင်မှုရှိလှပေသည်။

ထိုလူသည် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး ဦးခေါင်းတွင် အဖြူရောင်ပဝါဖြင့် လွှမ်းခြုံထား၏။

သူ၏ဝတ်စားပြင်ဆင်ပုံကိုကြည့်ရုံဖြင့် ဟုန်ကျန်းနယ်မှ တထွန်လူမျိုးတစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်သည်။

ခန္ဓာကိုယ်ပိန်သွယ်၍ အရပ်မြင့်မားပြီး ချောမောခန့်ညားသော ရုပ်သွင်ရှိသူဖြစ်၏။

ထိုလူရွယ်သည် ကျူးရှောင်လုံတို့လူစုအား အကဲခတ်သလိုကြည့်လိုက်၏။

ရုတ်တရက် ...

သူ၏စူးရှတောက်ပသော မျက်လုံးအစုံသည် ကျူးဝေဝေအား တွေ့မြင်လိုက်ရသောအခါ ဝင်းလက်တောက်ပသွားသည်။

ထို့အတူ ...

ကျူးဝေဝေမှာလည်း စူးရှတောက်ပသည့် မျက်လုံးအစုံဖြင့် ရင်ဆိုင်လိုက်ရသောအခါ ရင်ထဲ၌ လှုပ်ရှားသွားသည်။

သူမအသက်သေဆုံးသွားသည်အထိ ထိုမျက်ဝန်းများကို မှတ်မိနေဦးမည်ဖြစ်သည်။

ထိုမျက်ဝန်းပိုင်ရှင်သည် သူမချစ်သော ယွမ်ယိဝိုင်ပင် မဟုတ်ပါလော။

သို့သော် ...

ယခု ထိုလူရွယ်မှာ ယွမ်ယိဝိုင်မဟုတ်ပါ။

ယွမ်ယိဝိုင်၏ ချောမောခန့်ညားသော ရုပ်သွင်သည် ထိုလူရွယ်၏မျက်နှာထက်ပို၍ ချောမောခန့်ညားမည်ဟု သူမထင်မိ၏။

သို့သော် ...

လူနှစ်ယောက်သည် ဤမျှ မျက်ဝန်းချင်းတူနိုင်ပါမည်လော။

ယွမ်ယိဝိုင်၏စူးရှတောက်ပလှသော မျက်ဝန်းများကို သူမမှတ်မိသည်။

ယခု ...

ထိုလူရွယ်၏ မျက်ဝန်းများနှင့် တစ်ထပ်တည်းဖြစ်သည်။

ကျူးဝေဝေသည် သက်ပြင်းတစ်ချက်ချလိုက်မိ၏။

သူမချစ်သော ယွမ်ယိဝိုင်သည် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ယခုမူ ...

သူမသည် ယွမ်ယိုဝိုင်နှင့် ပြန်မဆုံတွေ့ဘဲ ယွမ်ယိုဝိုင်၏မျက်ဝန်းအစုံနှင့် တစ်ထပ်တည်းတူညီနေသူတစ်ယောက်အား တွေ့မြင်နေရပြီ မဟုတ်ပါလား။

မြင်းရထားသည် ခပ်မှန်မှန်ဖြင့် ခရီးဆက်နေသည်။

ကျူးရှောင်လုံတို့လူစုသည်လည်း မြင်းရထားဘေးမှကပ်လျက် မြင်းကိုယ်စီ စီးနင်းလိုက်ပါလာ၏။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့သည် မြင်းရထားပေါ်မှ လူရွယ်အား တွေ့မြင်လိုက်ရသောအခါ မျက်မှောင်ကုတ်သွားကြသည်။

ထိုလူရွယ်၏မျက်ဝန်းအစုံကို သူတို့ရင်းနှီးစွာ တွေ့မြင်ဖူးသည် မဟုတ်ပါလော။

ရုတ်တရက် ကျူးစုဖန်၏ထိတ်လန့်တကြား အော်ဟစ်သံထွက်ပေါ်လာသည်။

"ယွမ်ယိုဝိုင် ... ယွမ်ယိုဝိုင် ... ဒါ ယွမ်ယိုဝိုင်ရဲ့မျက်လုံးတွေပဲ ... "

သူ၏စကားကြောင့် ကျူးရှောင်လုံ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားလေ၏။

ထိုမျက်လုံးများကို တွေ့လိုက်ရပြီး ကျူးယဲ့မင်းသည် ဆံပင်ဖြူသွားမလောက် စဉ်းစားခဲ့သည်။ သို့သော် ... သူစဉ်းစား၍ မရခဲ့ပါ။

အဘယ်ကြောင့်စဉ်းစား၍ မရပါသနည်း။ သူသည် သူဖခင်ကြီးကျူးထိုက်ဖုန်းနှင့်အတူ ယွမ်ယိုဝိုင်နှင့် ကျူးဝေဝေတို့ကို ခွဲစဉ်အခါကသာ တစ်ကြိမ်တည်း မြင်ဖူး၍ ဖြစ်ပါသည်။

ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့မှာမူ ယွမ်ယိုဝိုင်နှင့် နှစ်ပေါင်း

လများ နေထိုင်ခဲ့ကြသဖြင့် သူတို့သည် တစ်ခကာမျှင်း သိမြင်နိုင်ကြခြင်းဖြစ်သည်။

မှန်ပါသည်။

ထိုလူရွယ်၏မျက်လုံးများသည် ယွမ်ယိုဝိုင်၏မျက်လုံးအစုံနှင့် တစ်ပုံစံတည်းပင် မဟုတ်ပါလား။

သို့သော် ...

ထိုလူရွယ်၏ ရုပ်သွင်မှာမူ ယွမ်ယိုဝိုင်နှင့် မတူချေ။

သူတို့၏ အပြုအမူကိုကြည့်ကာ ကျင်းဝမ်လင် နားမလည်နိုင်ဘဲဖြစ်သွားသည်။

"ယွမ်ယိုဝိုင်ဆိုတာ ဘယ်သူလဲ အစ်ကို့ရောက်လုံ ... "

သူ၏အမေးကို ကျူးရှောင်လုံမှာ မည်သို့ဖြေရမှန်းမသိဖြစ်သွားသည်။

"ယွမ်ယိုဝိုင်ဆိုတာ ... "

ရုတ်တရက် ကျူးဝေဝေ၏ကြည့်လင်ပြတ်သားသော စကားသံထွက်ပေါ်လာသည်။

"ယွမ်ယိုဝိုင်ဆိုတာ ကျွန်မသိပ်ချစ်ရတဲ့ ချစ်သူပါ ... "

ထိုစကားကြောင့် ကျူးရှောင်လုံနှင့် ကျူးစုဖန်တို့၏ မျက်နှာမှာကွက်ခနဲ ပျက်သွားသည်။

ထို့အတူ ...

ကျင်းဝမ်လင်၏ခန္ဓာကိုယ်မှာလည်း ဆတ်ခနဲ တုန်ခါသွားသည်။

အတန်ကြာမှ ...

သူသည် ဣန္ဒြေဆည်ပြီး မေးလိုက်လေ၏။

"အခု ... သူက ဘယ်မှာလဲ ... "

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ဒါတော့ ... ကျွန်မလည်း မသိဘူး ... သူဟာ ဟုန်ကျွန်းနယ်ရဲ့ တစ်နေရာမှာရှိနေမယ်ဆိုတာကလွဲလို့ ကျွန်မ ဘာမှမသိပါဘူး"

ထို့နောက် ...

သူတို့ငါးယောက်သည် အတွေးကိုယ်စီဖြင့် ခရီးဆက်လာခဲ့လေသည်။ ကျင်းဝမ်လင်မှာမူ ရင်တွင်းဌ စိုကြီးတစ်ချောင်းအစိုက်ခံလိုက်ရသလိုဖြစ်သွား၏။

ထိုစဉ် ...

ကျယ်လောင်စွာ ဟန့်တားသံ ထွက်ပေါ်လာသည်။

"ရပ်လိုက် ... "

ထိုအသံကြောင့် ကျူးရှောင်လုံတို့လူစုသည် မြင်းရထားဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ထိုအသံသည် မြင်းရထားပေါ်မှ လူရွယ်က သူ၏မြင်းလှည်းမောင်းသမားအား အော်ဟစ်၍ ရပ်တန့်ခိုင်းလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ...

မြင်းရထားမှာ တုံ့ခနဲရပ်သွားသည်။

မြင်းရထားရပ်တန့်သွားသည်နှင့် မြင်းရထားပေါ်မှ လူရွယ်က ကျူးရှောင်လုံတို့လူစုဘက်သို့ လှည့်ကာ ...

"ဒီက မိတ်ဆွေတို့က ယိစစ်မြို့ကို သွားကြမှာလား ခင်ဗျာ"

သူ၏စကားသံက ချိုသာစွာ ထွက်ပေါ်လာသည်။

ထိုအခါ ...

ကျူးရှောင်လုံက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... ကျွန်ုပ်တို့က ယိစစ်မြို့ကို သွားကြမှာပါ"

ထိုလူရွယ်က ပြုံးရွှင်သော မျက်နှာထားဖြင့် ...

"ဩော် ... ဂစ်ခရီးတည်း သွားမယ့်သူတွေပဲ ... "

သူသည် ယင်းသို့ပြောလိုက်ပြီး အလွန်ချမ်းစိမ့်နေကြသော ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့နှစ်ယောက်အား မျက်လုံးဝေ့ကြည့်လိုက်၏။

"ဟို ... မိန်းကလေးနှစ်ယောက်က အတော်ချမ်းနေပုံရတယ် ... ဒီလိုလုပ်ပါလား ကျွန်ုပ်ရဲ့မြင်းရထားက ကျယ်ဝန်းပါတယ် မိန်းကလေးနှစ်ယောက်က ကျွန်ုပ်မြင်းရထားပေါ်က လိုက်ခဲ့ကြပါလား မြင်းရထားထဲမှာဆိုတော့ နွေးထွေးတာပေါ့ ... တစ်ခရီးတည်းသွားမယ့်သူတွေပဲ ... အချင်းချင်းကူညီရတာပေါ့ ... "

သူ၏စကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်မှောင်ကုတ်သွားကြသည်။

ကျင်းဝမ်လင်က အေးစိမ့်မှုဒဏ်ကို ခံနေရသော ကျူးဝေဝေအား ကရုဏာသက်စွာကြည့်လိုက်ပြီး ပြောလိုက်လေ၏။

"ဟုတ်တယ် အစ်ကိုရှောင်လုံ ... သူပြောတာ မှန်တယ် ဒီအတိုင်း မြင်းနဲ့ ခရီးဆက်နေမယ်ဆိုရင် ကျူးဝေဝေတို့ အအေးဓာတ်ခံနိုင်မှာ မဟုတ်ဘူး ... ဒီလူရဲ့ မြင်းရထားထဲမှာ စီးသွားရင်တော့ အအေးသက်သာမယ် ... ကျူးဝေဝေနဲ့ လွင်ရှမ်းရင်ကို မြင်းရထားနဲ့ ပေးလိုက် လိုက်မယ် ... "

ကျူးရှောင်လုံ၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"ဖြစ်ပါ့မလားကွ ... ဒီလူက ဘယ်သူမှန်းလဲ မသိဘဲနဲ့ ... မိန်းကလေးနှစ်ယောက်ကို သူ့မြင်းလှည်းပေါ်မှာ ခရီးဆက်ခိုင်းလို့ရ

မလား ... "

ထိုအခါ ...

ကျူးစုဖန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒါဆို ဒီလိုလုပ်လေ ... ကျွန်တော်ပါ မြင်းရထားပေါ်မှာ လိုက်စီးသွားမယ် ... အစ်ကိုရှောင်လုံနဲ့ ညီလေးကျင်းဝမ်လင်က မြင်းစီးပြီး အောက်ကလိုက်ခဲ့ပေါ့ ... ဒါ မကောင်းဘူးလား ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်၏။

"ဒါဆိုရင်လည်း ပြီးတာပဲ ... ကဲ ... ငါ အဲဒီလူကို ပြောလိုက်တော့မယ် ... "

သူသည်ယင်းသို့ပြောပြီး မြင်းရထားပေါ်ရှိ လူရွယ်ဘက်သို့ ပြန်လှည့်ကာ ...

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ ... မိတ်ဆွေရဲ့ အကူအညီကို လက်ခံပါတယ် ... ကျွပ်ညီမနှစ်ယောက်နဲ့ ညီလေးစုဖန်ကို မိတ်ဆွေရဲ့ မြင်းရထားပေါ်မှာ လိုက်ပါစီးနင်းခွင့်ပြုပါ ... "

သူက ယဉ်ကျေးစွာ ပြောလိုက်၏။

လူရွယ်က ခေါင်းညိတ်လိုက်၏။

"ရပါတယ်ဗျာ ... ရပါတယ် ... "

သူသည် ယင်းသို့ပြောပြီး မြင်းလှည်းနံဘေးမှ မြင်းစီးသမား တစ်ယောက်အား အမိန့်ပေးလိုက်လေ၏။

"ဟေ့ ... မြင်းလှည်းတံခါးကို ဖွင့်လိုက်စမ်း ... "

ထိုအခါ ...

မြင်းစီးသမားက ကပျာကယာပင် မြင်းရထားတံခါးကို ဖွင့်ပေးလိုက်သည်။

မြင်းလှည်းပေါ်မှ လူရွယ်က ကျူးရှောင်လုံတို့ဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကဲ ... တံခါးပွင့်ထားပြီးပါပြီ ... မြင်းလှည်းပေါ်တက်ခဲ့လို့ ရပါပြီ ... "

သူ၏စကားကြောင့် ကျူးစုဖန်၊ ကျူးဝေဝေနှင့် လွင်ရှမ်းရင် တို့သည် မြင်းပေါ်မှခုန်ဆင်းလိုက်ကြပြီး မြင်းလှည်းဆီသို့ လျှောက်သွားလိုက်၏။

ထို့နောက် ...

သူတို့သည် မြင်းရထားပေါ်သို့ တက်လာခဲ့ကြသည်။

သူတို့သုံးယောက် မြင်းရထားပေါ်သို့ရောက်သည်နှင့် မြင်းရထားမှာ ဆက်၍ထွက်ခွာလာခဲ့သည်။

ကျူးရှောင်လုံနှင့် ကျင်းဝမ်လင်တို့မှာမူ မြင်းအလွတ်သုံးကောင်ကို ဇက်ကြိုးမှဆွဲ၍ မြင်းရထားနောက်သို့ မြင်းကိုယ်စီ စီးနင်း၍ လိုက်ပါလာခဲ့လေတော့သည်။

မြင်းရထားသည် ရှေ့သို့မောင်းနှင်ခရီးဆက်နေ၏။

မြင်းရထားထဲတွင် ကျူးစုဖန်နှင့် မြင်းရထားပိုင်ရှင်လူရွယ်တို့က တစ်ဖက်ထိုင်ကြသည်။

သူတို့နှင့် မျက်နှာချင်းဆိုင်တွင် လွင်ရှမ်းရင်နှင့် ကျူးဝေဝေတို့က ထိုင်ကြလေသည်။

ထိုအဖြူရောင်ဝတ်ဆင်ထားသော လူရွယ်၏စူးရှတောက်ပသော မျက်လုံးအစုံသည် ကျူးဝေဝေထံသို့ မကြာခဏ အကြည့်ရောက်နေသည်။

ထို့ကြောင့် ...

ကျူးဝေဝေ၏ရင်မှာ အတိုင်းအဆမရှိ လှုပ်ရှားသွားသည်။

သူမသည် ထိုသူ၏မျက်ဝန်းအကြည့်ကို ရင်မဆိုင်နိုင်သဖြင့် ခေါင်းငုံ့ထားလေ၏။

ကျူးစုဖန်က ထိုအခြေအနေကို နားလည်သဖြင့် အဖြူရောင် ဝတ်ဆင်ထားသော လူရွယ်အား မေးလိုက်လေသည်။

"ဒါနဲ့ ညီလေးက ယွမ်မျိုးနွယ်လား ... "

သူ၏အမေးစကားကြောင့် လူရွယ်၏ခန္ဓာကိုယ်မှာ မသိမသာ တုန်ခါသွားသည်။

သူ၏မျက်လုံးအစုံမှာလည်း ပြူးကျယ်သွားသည်။

အတန်ကြာမှ ...

သူက ခေါင်းကိုခါယမ်းလိုက်သည်။

"ကျွပ်က 'ယွမ်'မျိုးနွယ်မဟုတ်ပါဘူး ... 'ဟန်'မျိုးနွယ်ပါ နာမည်အပြည့်အစုံက ဟန်ရိထန်လို့ ခေါ်ပါတယ် ... အစ်ကိုတို့နာမည် တွေကိုကော သိပါရစေ ... "

ထိုအခါ ...

ကျူးစုဖန်က ပြန်ဖြေလိုက်၏။

"ကျွပ်နာမည်က ကျူးစုဖန်ပါ ... သူကတော့ လွင်ရှမ်းရင် သူကတော့ ကျွပ်ညီမကျူးဝေဝေလို့ခေါ်ပါတယ် ... "

ဟန်ရိထန်ဆိုသော လူရွယ်က ကျူးဝေဝေအား စေ့စေ့ကြည့် ကာ ခိုးကျူးစကားပြောလေ၏။

"ဩော် ... ဒါက ခင်ဗျားညီမလား ... ခင်ဗျားတို့မောင်နှမ တွေက ရုပ်ရည်ချောမောကြတယ်နော် ... "

ထိုစကားကြောင့် ကျူးဝေဝေ၏မျက်နှာလေးမှာ ပန်းသွေး

ရောင် ယုက်သန်းသွားသည်။

ကျူးစုဖန်ကကျေနပ်စွာ ပြုံးလိုက်သည်။

"ခုနက ညီလေးဟန်နဲ့စကားပြောတဲ့သူက ကျွပ်တို့အစ်ကို ကျူးရှောင်လုံပါ ... နောက်တစ်ယောက်ကတော့ ကျင်းဝမ်လင်လို့ ခေါ်ပါတယ် ... "

ဟန်ရိထန်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ... ဒါနဲ့ ခုနက ခင်ဗျားတို့မေးတဲ့ 'ယွမ်'မျိုးနွယ်ဆိုတာ ဘာလဲခင်ဗျာ ... "

သူ၏စကားကြောင့် ကျူးစုဖန်မျက်နှာ ကွက်ခနဲပျက်သွား သည်။

"ဟို ... ယွမ်မျိုးနွယ်ဆိုတာ ကျွပ်တို့ရဲ့ မိတ်ဆွေတစ် ယောက်ပါ ... သူနာမည်က ယွမ်ယိုင်လို့ ခေါ်ပါတယ် ... သူရဲ့မျက် လုံးတွေက ညီလေးဟန်ရဲ့မျက်လုံးတွေနဲ့ တစ်ပုံစံတည်းတူညီနေလို့ မေးကြည့်တာပါ ... "

ဟန်ရိထန်က ပြုံးလိုက်သည်။

"ခင်ဗျားတို့မိတ်ဆွေနဲ့တူတယ်လို့ ကျွပ်ကိုပြောလို့ ဝမ်းသာပါ တယ်ဗျာ ... နေဦး ... ကျွပ်တို့ ယိစစ်မြို့တော်မှာ ယွမ်မျိုးနွယ်တွေရှိ ပါတယ် ... ခင်ဗျားတို့တွေ့ချင်တဲ့ ယွမ်ယိုင်ဆိုတဲ့လူကို ကျွပ်ရှာပေး ပါ့မယ် ... "

ထိုစကားကြောင့် ကျူးစုဖန်၏မျက်နှာ မည်းမှောင်သွား သည်။ သို့သော် ...

ကျူးဝေဝေ၏မျက်နှာလေးမှာ ဝင်းလက်တောက်ပသွား သည်။

သူမက ဝင်းလက်တောက်ပသောမျက်လုံးအစုံဖြင့် ဟန်ရိထဲ အား မော့ကြည့်လိုက်ပြီး ဝမ်းသာအားရပြောကြားလေတော့၏။

"ကျေးဇူးတင်ပါတယ်ရှင် ... ယွမ်ယိဝိုင်ကို တွေ့ရင်ပြောပေး ပါ ... ကျွန်မ ယီစစ်မြို့ကို ရောက်နေပြီလို့ပြောပေးပါ ... "

ဟန်ရိထန်၏ စူးရှတောက်ပသော မျက်ဝန်းအစုံတွင် ဆွေး ရိပ်များ ယှက်သန်းသွားသည်။

သူ၏မျက်နှာပေါ်တွင်လည်း ဝမ်းနည်းကြေကွဲသည့် အရိပ် အယောင်များ ပေါ်လွင်ထပ်ဖာပ်လာ၏။

သူသည် ဆွေးရိပ်များယှက်သန်းနေသော မျက်ဝန်းအစုံဖြင့် ကျူးဝေဝေအား စူးစိုက်ကြည့်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ယွမ်ယိဝိုင်ကို ကျွပ်တွေ့ရင် ပြောလိုက်ပါ့မယ် ကျူးဝေဝေဆိုတဲ့ မိန်းကလေးက မင်းကိုအရမ်းတွေ့ချင်နေတယ်လို့ ပြောပေးပါ့မယ် ... "

ဟန်ရိထန်က တည်ငြိမ်စွာ ပြောလိုက်လေ၏။

သူ၏စကားသံကို ကြားလိုက်ရသောအခါ ကျူးဝေဝေ၏ရင် ထဲ၌ လှုပ်ရှားသွားသည်။

သူမ၏စိတ်ထဲ၌ ထိုဟန်ရိထန်ဆိုသောသူမှာ ယွမ်ယိဝိုင်ဟု ပင် ထင်မှတ်နေမိသည်။ သို့သော် ...

ထိုသူမှာ ယွမ်ယိဝိုင်မဟုတ်ကြောင်း သူ၏မျက်နှာကို သူ မြင်တွေ့နေရသည်မဟုတ်ပါလော။

ထို့ကြောင့် ... သူမသည် မယုံကြည်၍ မရနိုင်တော့ပေ။

သူမတွေ့ချင်သော ယွမ်ယိဝိုင်သည် မည်သည့်နေရာတွင် ရှိ နေပါသနည်း။

မြင်းလှည်းသည် ဆီးနှင်းလွင်ပြင်ထဲတွင် ခရီးဆက်နေ၏။

မြင်းရထားအတွင်း၌ လူလေးယောက်လိုက်ပါလာကြသည်။

သူတို့သည် တိတ်ဆိတ်စွာပင် လိုက်ပါလာကြ၏။

အတန်ကြာမှ ...

ကျူးစုဖန်က တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေသည်။

"ဒါနဲ့ ... ညီလေးဟန်က ယီစစ်မြို့တော်မှာ နေတာလား"

ဟန်ရိထန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ... ကျွပ်က ယီစစ်မြို့မှာ နေတာပါ ... ဒါနဲ့ အစ်ကိုတို့က ခရီးသွားတွေထင်တယ် ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ကျွပ်တို့က ခရီးသွားတွေပါ ... "

ဟန်ရိထန်က တည်ကြည်လေးနက်သော မျက်နှာထားဖြင့်

"ဒါဆိုရင် ... ကျွပ်တို့မြို့တော်ရဲ့ 'တာဟူးပွဲတော်' ကျင်းပတော့ မှာမို့ ... ဟုန်ကျန်းနယ်တစ်နယ်လုံးက လူတွေက ယီစစ်မြို့တော်ကို လာရောက်ကြပြီး ... တာဟူးပွဲတော်ကို ဆင်နွှဲကြပါတယ် ... ဒါကြောင့် တည်းခိုခန်းတွေ စားသောက်ဆိုင်တွေမှာ လူတွေအပြည့်ပဲ ... "

ထိုအခါမှ ...

ကျူးစုဖန်တို့သုံးယောက်သည် ဟုန်ကျန်းနယ်မှ တထွန်လူ မျိုးများ၏ ရိုးရာဓလေ့ပွဲတော်ဖြစ်သော တာဟူးပွဲတော်အကြောင်းကို ဖြန်လည်သတိရလိုက်မိ၏။

သူတို့လူစု ယီစစ်မြို့သို့ရောက်ရှိလာသည့်အချိန်သည် တာဟူး ပွဲတော်ကျင်းပမည့်နေ့ရက်နှင့် နီးကပ်နေသည် မဟုတ်ပါလား။

ထို့ကြောင့် ...

အမြို့မြို့ အရွာရွာမှလူများသည် ဟုန်ကျန်းနယ်၏မြို့တော်ဖြစ်သော ယိစစ်မြို့သို့ လာရောက်၍ တာဟူးပွဲတော်ကို ကျင်းပဆင်နွဲကြမည်ဖြစ်သည်။

ထိုစဉ် ...

ဟန်ရိထန်က သူတို့အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဖော်ရွေစွာ ဖိတ်ခေါ်လိုက်သည်။

"တာဟူးပွဲတော်ကို လာဆင်နွဲတဲ့ အမြို့မြို့ အရွာရွာက ဧည့်သည်တွေက မနည်းဘူးဗျ ... တည်းခိုခန်းတွေအပြင် စားသောက်ဆိုင်တွေမှာပါ တည်းခိုကြရတယ် ... ဒါကြောင့် ခင်ဗျားတို့ တည်းခိုဖို့ အခန်းမရဘူးဆိုရင်တော့ ကျုပ်အိမ်ကို လာခဲ့ကြပေါ့ ... ကျုပ်အိမ်မှာပဲ တည်းခိုကြပါ ... "

ထိုအခါ ...

ကျူးစုဖန်က မေးလိုက်လေသည်။

"ဒါနဲ့ ... မင်းအိမ်က ယိစစ်မြို့ရဲ့ဘယ်နားမှာလဲကွ ... "

ဟန်ရိထန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်ရဲ့အိမ်က ယိစစ်မြို့ရဲ့ မြောက်ဘက်မှာရှိပါတယ် ... ယိစစ်မြို့ရဲ့ မြောက်ဘက်ကိုရောက်ရင် အနီရောင်အုတ်တံတိုင်းခတ်ထားတဲ့အိမ်က ကျုပ်အိမ်ပဲ ... ဘယ်သူ့ကိုမဆို ဟန်ရိထန်ရဲ့အိမ် ဘယ်မှာလဲလို့ မေးလိုက်လို့ရပါတယ် ... "

ကျူးစုဖန်က ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့တည်းခိုဖို့ အဆင်မပြေရင်တော့ မင်းအိမ်ကိုပဲ လာခဲ့ရမှာပေါ့ကွာ ... "

ဟန်ရိထန်က ခေါင်းညိတ်လိုက်၏။

"လာခဲ့ပါဗျာ ... ကျုပ်အမြဲတမ်းရှိပါတယ် ... "

ထို့နောက် ...

သူတို့သည် စကားစမြည်ပြောဆိုရင်း မြင်းလှည်းပေါ်မှ လိုက်ပါလာခဲ့ကြလေတော့သည်။

နေမင်းသည် အနောက်ဘိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်သည်။

အမှောင်ထုက ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးလာပြီဖြစ်သည်။

အအေးဓာတ်ကလည်း အရိုးကွဲမတတ်ပင် အေးစိမ့်လှ၏။

ယခု ...

မြင်းရထားသည် ဆီးနှင်းလွင်ပြင်အား ဖြတ်ကျော်လာနိုင်ခဲ့ပြီဖြစ်သည်။

ဆီးနှင်းလွင်ပြင်အား ဖြတ်ကျော်ပြီးသည်နှင့် ယိစစ်မြို့သို့ ရောက်ရှိလာခဲ့သည်။

ယိစစ်မြို့သည် ဟုန်ကျန်းနယ်၏ မြို့တော်ဖြစ်သည်။

ထို့ကြောင့် ...

အခြားသော မြို့ကြီးများထက် ကြီးမားကျယ်ဝန်း၍ အစည်ကားဆုံးမြို့တစ်မြို့ဖြစ်သည်။

ဟန်ရိထန်၏ မြင်းရထားသည် ယိစစ်မြို့၏ မင်းလမ်းမကြီးပေါ်သို့ ရောက်သည်နှင့် တံခွန်ရပ်သွားသည်။

သူသည် ကျူးစုဖန်ဘက်သို့လှည့်ကာပြောလိုက်၏။သူ့စကားမှာ အဆင်ပြေသည်။

"ငနောက်က မြင်းနဲ့ လိုက်လာတဲ့ ခင်ဗျားအစ်ကို ကျူးရှောင်

လုံနဲ့ ကျင်းဝမ်လင်ဆိုတဲ့လူကို ဒီနားမှာ စောင့်ကြရအောင် ... "

ကျူးစုဖန်က ခေါင်းညိတ်ပြလိုက်သည်။

မကြာမီ ...

နောက်မှ ပြေးလွှားလာသော မြင်းခွာသံများကို ကြားလိုက်ရသည်။

ကျူးစုဖန်သည် မြင်းရဲသား၏ ပြတင်းတံခါးကိုဖွင့်၍ နောက်သို့ လှမ်းကြည့်လိုက်၏။

ထိုအခါ ...

မြင်းကိုယ်စီစီးနင်း၍ မြင်းသုံးကောင်၏ ဇက်ကြိုးကိုဆွဲလာကြသော ကျူးရှောင်လုံနှင့် ကျင်းဝမ်လင်တို့အား တွေ့မြင်လိုက်ရသည်။ တစ်ဈေးအကြာတွင် ...

ကျူးရှောင်လုံနှင့် ကျင်းဝမ်လင်တို့သည် မြင်းကိုယ်စီ စီးနင်း၍ မြင်းရထားအနီးသို့ ရောက်ရှိလာကြလေ၏။

ကျူးစုဖန်သည် မြင်းရထားထဲသို့ ပြန်လှည့်၍ ဟန်ရိထန်အား ကျေးဇူးတင်စကားပြောလိုက်သည်။

"အခုလို မြင်းရထားနဲ့ လမ်းကြုံလိုက်ခွင့်ရတာ ကျေးဇူးတင်ပါတယ်ဗျာ ... ကဲ ... ကျွန်ုပ်တို့ အစ်ကိုရှောင်လုံလည်း ရောက်လာပြီမို့ သွားလိုက်ပါဦးမယ် ... "

ဟန်ရိထန်က ပြုံး၍လက်ကာပြလိုက်သည်။

"ရပါတယ်ဗျာ ... ကျေးဇူးတင်စရာမလိုပါဘူး ... လမ်းကြုံလို့ ကူညီတာပါဗျာ ... "

ကျူးစုဖန်သည် မြင်းရထားတံခါးကို ဖွင့်ကာ အောက်သို့ခုန်ဆင်းလိုက်၏။

ထိုအခါ ...

ကျူးဝေဝေမှာလည်း အောက်သို့ဆင်းရန် ထိုင်ရာမှ ထလိုက်သည်။

ထိုစဉ် ...

ဟန်ရိထန်၏စကားသံ ထွက်ပေါ်လာသည်။

"မိန်းကလေးကျူး ... မင်းတို့ ယိစစ်မြို့က မပြန်ခင် ကျွန်ုပ်အိမ်ကို လာလည်ပါဦးလို့ ဖိတ်ခေါ်ပါတယ် ... "

ထိုစကားကြောင့် ကျူးဝေဝေ၏ ရင်ထဲ၌ လှုပ်ရှားသွားသည်။

သူမသည် ညင်သာစွာ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ် ... ဟုတ်ကဲ့ရှင့် ... ကျွန်မကို ခွင့်ပြုပါဦး ... "

ဟန်ရိထန်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါမှ ...

ကျူးဝေဝေသည် မြင်းရထားပေါ်မှ ဆင်းလိုက်လေ၏။

ကျူးစုဖန်နှင့် လွင်ရှမ်းရင်တို့သည် သူတို့၏မြင်းများပေါ်သို့ ကိုယ်စီရောက်နေကြပြီဖြစ်သည်။

ကျူးဝေဝေသည် ကျင်းဝမ်လင်လှမ်းပေးသော သူ၏မြင်းဇက်ကြိုးကို လှမ်းယူကာမြင်းပေါ်သို့ ခုန်တက်လိုက်လေ၏။

ထိုအချိန်တွင် ...

ကျူးရှောင်လုံသည် သူ၏မြင်းကို မြင်းရထားအနီးသို့ စီးနင်းပြီး မြင်းရထား၏ ပြတင်းတံခါးပေါက်မှနေ၍ အထဲကိုကြည့်ကာ ကျေးဇူးတင်စကားပြောလိုက်လေ၏။

"အခုလို ကျွပ်ညီနဲ့ ညီမလေးတွေကို လမ်းကြုံလိုက်ခွင့်ပြုတာ ကျေးဇူးပဲ မိတ်ဆွေ ... "

ထိုအခါ ...

ဟန်ရိထန်က မြင်းလှည်းပြတင်းမှ ခေါင်းပြူထွက်လာပြီး ရည်မွန်စွာ မြောသည်။

"ရပါတယ်ဗျာ ... ကျေးဇူးတင်စရာ မလိုပါဘူး ... လမ်းကြုံလို့ ကူညီရတာပါ ... ကဲ ... ကျွန်ုပ်တို့ကို ခရီးဆက်ခွင့်ပြုပါဦး ... ကံကြိုရင် နောက်ထပ်ပြန်တွေ့ကြသေးတာပေါ့ ... "

သူသည် စကားဆုံးသည်နှင့် သူ၏မြင်းလှည်းပြတင်းတံခါးကို ပြန်ပိတ်လိုက်၏။

ထို့နောက် ...

မြင်းရထားသည် မင်းလမ်းမကြီးအတိုင်း ဆက်လက်မောင်းနှင်ထွက်ခွာသွားသည်။

ကျူးရှောင်ဂ' တို့လူစုမှာ ထွက်ခွာသွားပြီဖြစ်သော ဟန်ရိထန်၏မြင်းရထားကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

... ရှိပြီ ...

အခန်း (၄၅)

သူဖိတ်ခေါ်ချက်

ကျူးရှောင်လုံတို့လူစုသည် ထိုနေရာတွင်ပင် မြင်းကိုယ်စီဖြင့် ရပ်တန့်နေကြ၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း နှင်းများကျဆင်းပြီး တိတ်ဆိတ်နေသည်။

အတန်ကြာမှ ...

ကျူးရှောင်လုံက ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

"အင်း ... ဟုန်ကျန်းနယ်က တထျန်လူမျိုးတွေထဲမှာ စိတ်ရင်းကောင်းတဲ့ လူတွေလည်း ရှိသေးတာပဲ ... "

သူသည် ယင်းသို့ပြောပြီး ညီဖြစ်သူ ကျူးစုဖန်ဘက်သို့လှည့်ကာ ...

"သူနာမည် ဘယ်လိုခေါ်သလဲ ... "

ဟု မေးလိုက်၏။

ကျူးစုဖန်က သွက်လက်စွာ ပြန်ဖြေလိုက်သည်။

"ဟန်ရိထန်တဲ့ ... ကြည့်ရတာ သူဌေးသားထင်ပါတယ်"

ကျင်းဝမ်လင်က ကြားဝင်မေးလိုက်၏။

"သူက ယိစစ်မြို့ကပဲလား ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူက ယိစစ်မြို့မြောက်ဘက်ပိုင်းမှာ နေတာတဲ့ ... ဟန်ရိထန်က ပြောလိုက်သေးထယ် ... အခု ယိစစ်မြို့ထဲမှာ အမြို့မို့ အရွာရွာက ည့်သည်တွေက တာဟူးပွဲတော်ကို ဆင်နွှဲဖို့ ရောက်နေတယ်တဲ့ ... ဒါကြောင့် တည်းခိုခန်းတွေအပြင် စားသောက်ဆိုင်တွေမှာပါ တည်းခိုတဲ့ည့်သည်တွေနဲ့ ပြည့်နေတယ်တဲ့ ... တကယ်လို့ တည်းခိုဖို့ အခန်းမရဘူးဆိုရင် သူ့အိမ်ကို လာခဲ့ပါတဲ့ ... သူ့အိမ်မှာလည်း တည်းခိုလို့ ရပါတယ်လို့ ကျုပ်တို့ကို ပြောသွားတယ် ... "

ကျူးရှောင်လုံက ပြုံးလိုက်သည်။

"ဒါဆိုရင်လည်း အဆင်ပြေတာပေါ့ကွာ ... ဒါပေမယ့် မြို့ထဲမှာ အခန်းရှာကြည့်သေးတာပေါ့ ... အခန်းမရမှ သူ့ဆီသွားတာပေါ့ ဒါမှမဟုတ်ရင် သူလည်း တာဝန်ကြီးပါတယ် ... "

ကျင်းဝမ်လင်ကလည်း ထောက်ခံစကားဆိုလိုက်သည်။

"ဟုတ်တယ် ... အစ်ကိုရှောင်လုံပြောတာ မှန်တယ် ... မြို့ထဲမှာ အခန်းရှာကြတာပေါ့ ... "

ထို့နောက် ...

သူတို့ငါးယောက်သည် မင်းလမ်းမကြီးအတိုင်း မြင်းကို အသားကျစီးနင်း၍ ယိစစ်မြို့ထဲသို့ ဝင်လာခဲ့လေတော့သည်။

ယိစစ်မြို့ရှိ မင်းလမ်းမကြီးများပေါ်တွင် လူများဖြင့် စည်ကားနေသည်။ တာဟူးပွဲတော်ရက် နီးနေပြီဖြစ်၍ အမြို့မို့ အရွာရွာမှ လူများဖြင့် စည်ကားနေသည်။

မီးရောင်များဖြင့် လင်းထိန်နေသော စားသောက်ဆိုင်များနှင့် တည်းခိုခန်းများတွင် လူများ ပြည့် စည်ကားနေသည်။

ကျူးရှောင်လုံတို့သည် မင်းလမ်းမကြီးအတိုင်း မြင်းကို စီးနင်းလာရင်း တည်းခိုခန်းများတွင် အခန်းလိုက်ရှာနေသည်။

သို့သော် ...

တည်းခိုခန်းများတွင် တည်းခိုသူများဖြင့် ပြည့်နှက်နေကြသည်။

တည်းခိုခန်းများတွင်သာမက စားသောက်ဆိုင်များတွင်ပါ တည်းခိုသူည့်သည်များဖြင့် ပြည့်နေကြ၏။

ထို့ကြောင့် ...

ကျူးရှောင်လုံတို့လူစုသည် တည်းခိုရန် အခန်းမရဘဲ ဖြစ်နေသည်။

ကျူးရှောင်လုံမှာ စိတ်ပျက်လာသည်။

ဤမျှခရီးပင်ပန်းခဲ့ရသောကြောင့် နားခိုရာ တစ်နေရာတွင်အနားယူ အိပ်စက်လိုက်ချင်သည်။

သို့သော် ...

ယခုအချိန်ထိ တည်းခိုခန်းမရသေးပေ။ အချိန်ကြာလာသည်နှင့်အမျှ တည်းခိုခန်းရမည့် အခွင့်အရေးမှာ ပိုနည်းပါးသွားပေလိမ့်မည်။

ထိုစဉ် ...

ကျမ်းဝမ်လင်သည် ရှေ့မှတည်းခိုခန်းတစ်ခုအား လက်ညှိုးညွှန်ပြပြီး ပြောလိုက်လေ၏။

"ဟိုမှာ ... တည်းခိုခန်းတစ်ခုကျန်သေးတယ် ... ဒီတည်းခိုခန်းက နောက်ဆုံးတည်းခိုခန်းပဲ ... သူ့မှာ အခန်းမရတော့ဘူးဆိုရင်

တော့ ... ကျွပ်တို့ ဟန်ရိထန်ရဲ့ အိမ်ကိုပဲသွား၊ ရှိတော့တယ် ... "

ထို့နောက် ...

သူတို့သည် ထိုတည်းခိုခန်းလေးဆီသို့ မြင်းကိုစီးနင်းသွားလိုက်၏။

တည်းခိုခန်းလေးမှာ မီးရောင်များ ထိန်ထိန်လင်းနေသည်။

တည်းခိုခန်းရှေ့သို့ရောက်သောအခါ အဖြူရောင်ဆိုင်းဘုတ်ပြားတစ်ခု ချထားသည်ကို တွေ့မြင်ရသည်။

အဖြူရောင်ဆိုင်းဘုတ်ပြားပေါ်တွင် အနက်ရောင်စာလုံးဖြင့် ရေးသားထားသည်။

"အခန်းအားလုံး လူပြည့်ပြီ"

ထိုဆိုင်းဘုတ်ပြားအား တွေ့မြင်ရသောအခါ ကျူးရှောင်လုံတို့ လူစုမှာ စိတ်ပျက်သွားကြသည်။

ကျူးစုဖန်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒီလိုဆိုရင်တော့ ... ဟန်ရိထန် အိမ်မှာပဲသွားတည်းခိုရတော့မှာပေါ့ ... "

ကျူးရှောင်လုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ပြောသည်။

"အင်း ... သူများအိမ်မှာ သွားတည်းခိုရမှာ အားနာပါတယ်ကွာ ... "

ကျူးစုဖန်က ပြုံးလိုက်သည်။

"ဟန်ရိထန်က သူငွေးသားဖြစ်မှာပါ အစ်ကိုရှောင်လုံ ... အားနာစရာမလိုပါဘူးဗျာ ... သူကိုယ်တိုင်က လိုလိုလားလား ဖိတ်ခေါ်ထားတာပဲ ... ကျွန်တော်တို့က သွားတည်းရုံပဲဗျ ... သူဆီမှာသွားဟည်းတော့ ... ကျွန်တော်တို့လိုချင်တဲ့ သတင်းတွေကိုတောင် စုံစမ်း

လို့ရသေးတယ် ... "

သူ၏ စကားကို ကျင်းဝမ်းလင်က ထောက်ခံလိုက်သည်။

"ဟုတ်တယ် ... အစ်ကိုစုဖန်ပြောသလို ဟန်ရိထန်ဆီမှာ သွားတည်းခိုတာ အကောင်းဆုံးပဲ ... သူက ဒီနယ်ခံဆိုတော့ သူ့ဆီက သတင်းတချို့ကို စုံစမ်းလို့ရနိုင်ပါတယ် ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်သည်။

"ကဲ ... ဒါဆိုလည်း ဟန်ရိထန်ဆီသွားကြတာပေါ့ ... "

ထို့နောက် ...

သူတို့သည် မြင်းကိုမြောက်ဘက်အရပ်သို့ ဦးတည်၍ မောင်းနှင်လိုက်လေတော့သည်။

ယီစစ်မြို့၏ မြောက်ဘက်အရပ်ရှိ လမ်းမကြီးပေါ်တွင် လူသူကင်းရှင်းနေသည်။

ညဉ့်နက်နေပြီဖြစ်သောကြောင့် ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။ နှင်းများကလည်း ကျဆင်းနေသည်။

ယီစစ်မြို့၏ မြောက်ဘက်တွင် တည်းခိုခန်းများ စားသောက်ဆိုင်များ မရှိချေ။

ကြီးမားကျယ်ဝန်းလှသော ခြံဝင်းကြီးများသာ ရှိသည်။

ခြံဝင်းကြီးထဲတွင် ထည်ဝါခန့်ညားသော အိမ်ဂေဟာများကို တွေ့မြင်ရသည်။

မြင်ရုံဖြင့် သူဌေးသူကြွယ်များနေသော ရပ်ကွက်မှန်း သိသာနိုင်၏။

ကျူးရှောင်လုံတို့ လူစုသည် မင်းလမ်းမကြီးအတိုင်း မြင်းကို အသားကျစီးနင်းလာကြသည်။

ည၌နက်လုပြီဖြစ်၍ အအေးဓာတ် ...လည်း လွန်ကဲနေသည်။

ကျူးရှောင်လုံက ညီဖြစ်သူ ကျူးစုဖန်ဘက်သို့ လှည့်ကာမေးလိုက်၏။

"ညီလေးစုဖန် ... ဟန်ရိထန်က သူ့အိမ်က ဘယ်လိုပုံစံလို့ မင်းတို့ကို ပြောပြခဲ့လဲ ... "

ထိုအခါ ...

ကျူးစုဖန်က ခေါင်းခါယမ်းလိုက်သည်။

"အဲဒါတော့ မပြောလိုက်ဘူး အစ်ကိုရှောင်လုံ ... ဟန်ရိထန်လို့ မေးလိုက်ရင်ဘယ်သူမဆိုသိတယ်လို့ ပြောလိုက်တယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံမှာ စိတ်ပျက်သွားသည်။

သူသည် ကျူးစုဖန်အား စိတ်ပျက်လက်ပျက်ဖြင့် ကြည့်၍ အော်ငေါက်လိုက်လေ၏။

"မင်းတော်တော်ညံ့တဲ့ကောင်ပဲ ... ဒီလောက် ည၌နက်နေတာ ငါတို့က ဘယ်သူ့သွားမေးလို့ရမလဲ ... လမ်းမေါ်မှာ လူမပြောနဲ့ ခွေးတောင်မရှိဘူး ... ဒီလောက် ဆီးနှင်းတွေကျနေတာ ... ဘယ်သူ့ကို သွားမေးလို့ရမှာလဲ ... "

ထိုစဉ် ...

ကျူးစုဖန်က တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့် ...

"အေး ... သူက ပြောသေးတယ် ... သူ့အိမ်က အနီရောင် အုတ်တံတိုင်း ကာရံထားတယ်လို့ပြောတယ် ... အနီရောင် အုတ်တံတိုင်းခတ်ထားတဲ့ အိမ်ကိုရှာလိုက်ရင် လွယ်ပါတယ် ... "

သူ၏ စကားကြောင့် ကျူးရှောင်လုံက ဘာမျှမပြောတော့ပေ။

မြင်းကို မင်းလက်ကြီးအတိုင်း ဆက်လက်မောင်းနှင်လာခဲ့လေတော့သည်။

ည၌နက်လာသည်နှင့်အမျှ အအေးဓာတ်က ပို၍လွန်ကဲလာသည်။

ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော ဆီးနှင်းများသည် မိုးသီးမိုးပေါက်ပမာ အဆက်မပြတ်ကျဆင်းနေ၏။

အအေးဓာတ်မှာ အရိုးကွဲမတတ်ပင် အေးစိမ့်လှ၏။

ကျူးရှောင်လုံတို့ လူစုသည် ဆိုးဝါးလွန်းသော အအေးဓာတ်ကို ဂရုမစိုက်အားပေ။

သူတို့သည် မင်းလမ်းမကြီးအတိုင်း မြင်းကိုစီးနှင်လာကြ၏။

ထိုစဉ် ...

ရှေ့တွင် အနီရောင် အုတ်တံတိုင်းကြီး ကာရံထားသည့် ခြံဝင်းကျယ်ကြီးအား တွေ့မြင်လိုက်ရ၏။

အုတ်တံတိုင်းကြီးမှာ မြင့်မားလှသည်။

ကျူးရှောင်လုံမှာ ထိုခြံဝင်းကို လှမ်းကြည့်ရင်း မျက်မှောင်ကုတ်သွား၏။

"ညီလေးစုဖန် ... မင်းပြောတဲ့ အနီရောင်အုတ်တံတိုင်းခတ်ထားတဲ့ ခြံဝင်းဆိုတာ ... ဒီခြံဝင်းပဲဖြစ်မယ် ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... အစ်ကိုရှောင်လုံ ... ကျွန်တော်ပြောသားပဲ ဟန်ရိထန်ဆိုတာ သူဌေးသားပါဆို အခုကြည့်လေ ... ခြံဝင်းကြီးက ထည်ဝါခန့်ညားလိုက်တာ ... "

ကျူးဝေဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ဒီလောက် ချမ်းသာကြွယ်ဝတဲ့အိမ်မှာ တည်းခိုရမှာအား နာစရာပါပဲ ... "

ထိုစကားကြောင့် လွင်ရှမ်းရင်မှာ မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ ကျူးဝေဝေ"

ကျူးဝေဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

"သူတို့က တအားချမ်းသာတော့ ... မာနကြီးမှာပေါ့ ... "

ကျူးစုဖန်က ခေါင်းခါယမ်းလိုက်သည်။

"ငါပြောရဲတယ် ... ဟန်ရိထန်ဟာ မာနကြီးတဲ့လူမဟုတ်နိုင်ဘူး ... ဒီလောက် ချမ်းသာကြွယ်ဝပြီး သူတစ်ယောက်တည်း ခရီးသွားတာတောင် ငါတို့ကိုသူရဲ့မြင်းလှည်းနဲ့ တင်ခေါ်သွားသေးတယ်... သူဟာ ... သူဌေးသားဆိုပေမယ့် ... စိတ်သဘောထား မြင့်မြတ်တဲ့ လူတစ်ယောက်ပဲ ... "

ကျင်းဝမ်လင်သည် အနီရောင် အုတ်တံတိုင်းများ ကာရံထားသော ခြံဝင်းကျယ်ကြီးအား လှမ်းကြည့်လိုက်လေ၏။

ထို့နောက် ...

သူသည် ကျန်လူများဘက်သို့ လှည့်ကာ အရေးတကြီးပြောလိုက်လေ၏။

"ကဲ ... ကျွပ်တို့ ဟန်ရိထန်ရဲ့ ဂေဟာဆီကိုသွားကြရအောင် အပြင်မှာ သိပ်အေးနေပြီ ... "

ထို့နောက် သူတို့လူစုသည် ရှေ့တွင်ရှိနေသော အနီရောင် အုတ်တံတိုင်းခတ်ထားသည့် ခြံဝင်းဆီသို့ မြင်းကို စီးနှင်လာခဲ့လေတော့သည်။

ခြံဝင်းအုတ်တံတိုင်းကို အနီရောင်ဆေးခြယ်ထားခြင်းဖြစ်၏။

အနီရောင်မီးပုံးအိမ်ကလေးများကို ခြံဝင်းတံခါးရှေ့တွင် ချိတ်ဆွဲထားသည်။

ခြံဝင်းတံခါးမှာ ကြီးမားထူထဲလှသော အနီရောင်တံခါးနှစ်ချပ်ဖြစ်၏။

အနီရောင်တံခါးဘောင်ပေါ်တွင် ကြီးမားထူထဲလှသည့် ကြေးကွင်းကြီးရှိသည်။

ထိုကြေးကွင်းကြီးမှာ ကြေးဝါရောင်တောက်ပနေသည်။

ကျူးရှောင်လုံတို့ လူစုသည် အနီရောင်ခြံဝင်း၏ ခြံဝင်းတံခါးရှေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

ကျူးရှောင်လုံမှာ အနီရောင်ခြံဝင်းအား သေချာစွာ အကဲခတ်ကြည့်လိုက်၏။ သူသည် ထိုခြံဝင်းအား အကဲခတ်ကြည့်လိုက်သည်နှင့် စိတ်ထဲတွင် ထင့်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် ...

ဤခြံဝင်း၏ အပြင်အဆင်မှာ သူဌေးသူကြွယ်များနေထိုင်သော ခြံဝင်း၏ အပြင်အဆင်နှင့် မတူပေ။

မြို့စား၊ နယ်စားများနေထိုင်သော ဂေဟာခြံဝင်းများနှင့် တူနေသည်။ ထိုအချက်ကို တွေးမိသော ကျူးရှောင်လုံမှာ ဝေခွဲမရဖြစ်သွားသည်။

သူတို့တွေ့မြင်ခဲ့သော ဟန်ရိထန်ကိုသော လူရွယ်မှာ အသက်ငယ်ရွယ်သူ တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ... နယ်စား၊ မြို့စားမဖြစ်နိုင်ပေ။

သို့ဆိုလျှင် ...

နယ်စားမင်း၊ မြို့စားမင်း၏ သားများဖြစ်နေမည်လော။

ကျူးရှောင်လုံက ယင်းသို့စဉ်းစားနေစဉ် ညီဖြစ်သူ ကျူးစုဖန်၏ စကားသံထွက်ပေါ်လာလေသည်။

"ရာသီဥတု အတော်ဆိုးဝါးတာပဲ ... အေးလိုက်တာ အရိုးကွဲမတတ်ပဲ ... အိမ်ထဲမှာ နွေးနွေးထွေးထွေးနေရင် ကောင်းမှာပဲ ..."

လွင်ရှုမ်းရင်က သူ့အားမျက်စောင်းထိုးကြည့်လိုက်ပြီး ခပ်ဆတ်ဆတ် ပြောလိုက်၏။

"အဲဒါဆိုရင် ... တံခါးက ကြေးကွင်းကို မြန်မြန်ခေါက်လိုက်ပါလား ... စကားပြောနေတာကမှ ကြာဦးမယ် ..."

ထိုအခါ ... ကျူးစုဖန်က ရယ်ကျဲကျဲအပူအရာဖြင့် ...

"ဟုတ်သားပဲ ..."

သူသည် ယင်းသို့ပြောပြီး တံခါးမှ ကြိုးစကိုယူကာ ကြေးကွင်းကို ဆွဲလှုပ်လိုက်လေ၏။

"ဒေါင် ... ဒေါင် ... ဒေါင်"

ကြေးကွင်းခေါက်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုစဉ် ...

"ရပ်လိုက် ..."

ကျယ်လောင်သော ဟန့်တားသံတစ်သံထွက်ပေါ်လာသည်။

ဟန့်တားသံကြောင့် ကျူးရှောင်လုံတို့ လူစုမှာ မျက်မှောင်ကုတ်သွားကြ၏။

ထိုဟန့်တားသံမှာ တံခါးအပေါ်ဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကျူးရှောင်လုံတို့လူစုသည် တံခါးပေါ်သို့ စေ့စေ့ကြည့်လိုက်၏။

ထိုအခါ ...

တံခါးပေါ်တွင် ကင်းမျှော်စင်တစ်ခုရှိကြောင်း ယခုမှတွေ့မြင်ကြရတော့သည်။

သူတို့ သတိကင်းလွတ်ခဲ့သည်ပဲ။ ပတ်ဝန်းကျင်ကို သူတို့သေချာစွာမလေ့လာခဲ့ပေ။

ထိုအစောင့်များမှာ ရဲမက်ဝတ်စုံဝတ်ဆင်ထားကြသည်။

ထိုရဲမက်များအား တွေ့မြင်ရသောအခါ ကျူးစုဖန်နှင့် ကျင်းဝမ်လင်တို့မှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ဟင် ... ရဲမက်တွေပါလား ... ရဲမက်တွေက ဘယ်လိုလုပ်ပြီး ဟန်ရိထန်ရဲ့ဂေဟာမှာ ရောက်နေတာလဲ ..."

ကျူးစုဖန်က နားမလည်နိုင်ဘဲ ရေရွတ်လိုက်၏။

ကျင်းဝမ်လင်ကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် အစ်ကိုစုဖန် ... ရဲမက်တွေက သူ့ဌေးအိမ်မှာ ဘယ်လိုလုပ်ရောက်နေတာလဲ ..."

ထို့အတူ ...

ကျူးဝေဝေနှင့်လွင်ရှုမ်းရင်တို့မှာလည်း နားမလည်နိုင်ဘဲဖြစ်သွားကြသည်။ သူတို့သည် အံ့သြတကြီးဖြင့် ရဲမက်များအား မော့ကြည့်နေမိကြ၏။

ထိုစဉ် ...

ရဲမက်များ၏ ခေါင်းဆောင်ဖြစ်ဟန်တူသူက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် သူတို့အား ငုံ့ကြည့်လိုက်ပြီး ခပ်ထန်ထန် ပြောလိုက်လေ၏။

"ခင်ဗျားတို့ ဘယ်လိုလူတွေလဲ ... ဒီလောက်ညှဉ်နက်နေတာတောင် နယ်စားဂေဟာကို လာနှောက်ယှက်ဝံ့တယ် ..."

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်လုံးပြူးသွားသည်။

လွင်ရှမ်းရင်က ထိတ်လန့်တကြားဖြင့် ရေရွတ်လိုက်၏။

"နယ်စားဂေဟာဆိုပါလား ... "

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

သူသည် ကင်းမျှော်စင်ပေါ်မှ ရဲမက်ခေါင်းဆောင်အား မော့ကြည့်လိုက်ပြီး ပြန်မေးလိုက်၏။

"ဘာ ... ခင်ဗျားပြောတာ နယ်စားဂေဟာဟုတ်လား ... "

ထိုစကားကြောင့် ရဲမက်ခေါင်းဆောင်မှာ ဒေါသထွက်သွားသည်။

"ခင်ဗျားတို့ နားလည်မှုမရှိဘူးလား ... ဒီယိစစ်မြို့မှာဒီဂေဟာက နယ်စားမင်းပိုင်ဆိုင်တဲ့ဂေဟာဆိုတာ လူတိုင်းသိတယ်ဗျ ... မှားကြောင်ကြောင်လာမလုပ်နဲ့ ... သွားကြစမ်း ... ခင်ဗျားတို့ ဒုက္ခဖြစ်သွားမယ် ... "

ထိုအခါ ကျူးစုဖန်တို့မှာ ပို၍နားမလည်နိုင်ဘဲဖြစ်သွားသည်။

ကျူးစုဖန်က ဝေခွဲမရဟန်ဖြင့် ရေရွတ်မိသည်။

"ဟန်ရိထန်ကြည့်ရတာ သူဌေးသားတစ်ယောက်လိုပါ ... ဘယ်လိုလုပ်ပြီး ... နယ်စားမင်းဖြစ်သွားရတာလဲ ... "

လွင်ရှမ်းရင်ကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ဟန်ရိထန်က အသက်ငယ်ငယ်လေးပဲရှိသေးတာ ... ဘယ်လိုဖြစ်ပြီး နယ်စားမင်း ဖြစ်နိုင်ရမှာလဲ ... "

ကျူးရှောင်လုံက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ကျုပ်အထင်ပြောရရင် ... ဟန်ရိထန်ဆိုတာ နယ်စားမင်းရဲ့ ကိုယ်ရံကော်မှားလားမသိဘူး ... ဟုန်ကျန်းနယ်က နယ်စားမင်းတွေဟာ ... ယေရှယ်ပြီးထက်မြက်တဲ့ ကိုယ်ရံတော်တွေကို ခန့်အပ်ထားတယ်လို့ ... ကျုပ်ကြားဖူးတယ် ... "

ကျမ်းဝမ်လင်ကလည်း အနည်းငယ်စဉ်းစားလိုက်ပြီးမှ ...

"ဟုတ်တယ် အစ်ကိုရှောင်လုံ ... ကျွန်တော်လည်းစာထဲမှာဖတ်ဖူးတယ် ... ဟန်ရိထန်ဟာ နယ်စားမင်းရဲ့ ကိုယ်ရံတော်ဆိုရင် ဘယ်လိုလုပ်မလဲ အစ်ကိုရှောင်လုံ ... "

ထိုအခါ ...

ကျူးရှောင်လုံမှာ မည်သို့ပြန်ဖြေရမှန်းမသိဖြစ်သွားသည်။

ထိုစဉ် ... ကျူးဝေဝေက ကြားဝင်ပြောလိုက်သည်။

"ဟန်ရိထန်ဟာ ... နယ်စားမင်းရဲ့ကိုယ်ရံတော်ဆိုရင်လည်း ဘာမှစိုးရိမ်စရာမရှိပါဘူး ... သူတို့နယ်ထဲမှာ ဖြစ်ပွားခဲ့ပြီး ... သူတို့နယ်ခံလူမျိုးက ကျူးလွန်ခဲ့တဲ့အမှုအတွက် သူတို့မှာလည်း တာဝန်ရှိတာပဲ ... သူတို့ဆီကတောင် အကူညီရနိုင်မယ်လို့ ... ကျွန်မထင်ပါတယ် ... "

သူမ၏ စကားကြောင့် ကျူးရှောင်လုံနှင့် ကျင်းဝမ်လင်မှာ ပါးစပ်ပိတ်သွားသည်။ ထိုစဉ် ...

အစောင့်ရဲမက်၏ ရွှန်းရှကျယ်လောင်သော စကားသံတွက် ပေါ်လာပြန်သည်။

"ခင်ဗျားတို့ အခုထိမသွားကြသေးဘူးလား ... နယ်စားဂေဟာမှာ ရုတ်ရုတ်သဲသဲ လာလုပ်မယ်မကြံနဲ့ ... အကုန်လုံးသေသွားမယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံတို့ လူစုမှာရင်ထိတ်သွားသည်။

ကျူးရှောင်လုံက,ကယ်ကယာ မြန်ပြေလိုက်၏။

"ကျွပ်တို့ ဒီဂေဟာက ဟန်ရိုထန်ဆိုတဲ့ လူနဲ့လာတွေ့တာပါ ... သူက ကျွပ်တို့ကို ဖိတ်ခေါ်ထားလို့ပါ ... "

သူ၏ စကားကြောင့် အစောင့်ရဲမက်ခေါင်းဆောင်မှာ ဒေါသရောင်းရောင်းထွက်သွားသည်။

သူသည် ဒေါသတကြီးဖြင့် တက်တစ်ချက်ခေါက်လိုက်၏။

"တောက် ... ရိုင်းစိုင်းလိုက်တဲ့လူတွေ ... နယ်စားမင်း ဟန်ရိုထန်ကိုများ သာမန်လူကျနေတာပဲ ... ဟန်ရိုထန်ဆိုပြီး နာမည်ကို လာခေါ်တယ် ... နယ်စားမင်း ဟန်ရိုထန်ကို ဟုန်ကျန်းတစ်နယ်လုံးက ရိုသေလေးစားကြရတာဗျ ... ခင်ဗျားတို့ လူရမ်းကားတွေပဲ"

အစောင့်ရဲမက်၏ စကားကြောင့် ကျူးရှောင်လုံတို့ လူစုမှာ မျက်လုံးပြူးသွားသည်။

ယခု ... ကိုယ်ရံတော်ဟု သူတို့ထင်နေခဲ့သော ဟန်ရိုထန်မှာ ဟုန်နယ်ကျန်းတစ်နယ်လုံးအား အုပ်ချုပ်စိုးစံနေသော နယ်စားမင်းမဟုတ်ပါလား။ ဤသို့ဆိုလျှင်တော့ သူတို့ ရိုင်းရာကျနေပေပြီ။

ကျူးရှောင်လုံတို့လူစုမှာ မယုံကြည်နိုင်အောင်ဖြစ်သွားသည်။

ဤမျှ အသက်အရွယ်ငယ်ရွယ်သော လူရွယ်တစ်ယောက်သည် နယ်စားမင်းဆိုသော ရာထူးကို မည်ကဲ့သို့ပိုင်ဆိုင်ထားပါသနည်း။

ကျူးဝေဝေက စဉ်းစားမရဟန်ဖြင့် ကီးတိုးရေရွတ်မိလေ၏။

"ဟင် ... ဘယ်လိုလုပ်ပြီး ဒီလောက်ငယ်ရွယ်တဲ့ လူတစ်ယောက်က နယ်စားမင်းဖြစ်နေရတာလဲ ... "

လွှင်ရှုမ်းရင်ကလည်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... ကျွန်မတို့ သူရဲ့မြင်းရထားပေါ်မှာ စီးလာတုန်းက ... သူကိုအနီးကပ်မြင်ဖူးခဲ့တာပဲ ... သူမှာ နယ်စားမင်းတစ်ယောက်ရဲ့ အဆောင်အယောင်တွေလည်း မတွေ့ပါဘူး ... ကြည့်ရတာ သူဌေးသားတစ်ယောက်ပုံစံနဲ့ ... "

ကျူးစုဖန်ကလည်း စဉ်းစားမရဖြစ်နေမိသည်။

အတန်ကြာမှ ...

ကျူးရှောင်လုံက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်မိလေ၏။

"အင်း ... တစ်ခုခုဟော့ လွဲနေပြီထင်တယ် ... "

ထိုစဉ် ...

ကျယ်လောင်စွာ မြည်ဟည်းသံကြီးထွက်ပေါ်လာသည်။

ထိုအသံနှင့်အတူ အနီရောင်ထူထဲသော တံခြိုကြီးမှာ ပွင့်သွားသည်။

တံခါးပွင့်သည်နှင့် လက်နက်ကိုယ်စီကိုင်ဆောင်ထားသော ရဲမက်ငါးဆယ်ကျော်ခန့်သည် အသံမပြေးထွက်လာကြ၏။

ကျူးရှောင်လုံကိုလူစုမှာ လှဲတိတ်သွားသည်။

အစောင့်ရဲမက်များသည် မီးတုတ်များကိုင်ဆောင်ထားကြ၏။

သူတို့သည် ခြံဝင်းထဲမှာ ပြေးထွက်လာပြီး ကျူးရှောင်လုံတို့ငါးယောက်အား လှည့်ဖြန်းစွာ ဝိုင်းရံလိုက်ကြ၏။

သူတို့၏ လုံပ်ရှားမှုမှာ လျင်မြန်သွက်လက်လှသည်။

ကျူးဝေဝေနှင့်တကွ လူအားလုံး မျက်လုံးပြူးသွားကြသည်။

ယခု ...

သူမတို့ငါးယောက်သည် မမျှော်လင့်သော အခြေအနေနှင့် ရင်ဆိုင်နေရပြီ မဟုတ်ပါလား။

ထို့ကြောင့် ...

သူမသည် ကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"အစ်ကို ရှောင်လုံဘယ်လိုလုပ်မလဲ ... ရဲမက်အင်အားကများတယ် ... သူများ နယ်ထဲမှာ တိုက်ပွဲမဖြစ်စေနဲ့ ... အခုရဲမက်တွေက နယ်စားဂေဟာက လက်ရွေးစင်ရဲမက်တွေပဲ ... "

ကျူးဝေဝေသည် အစ်ကိုဖြစ်သူ ကျူးရှောင်လုံအား သတိပေးစကားပြောလိုက်၏။ ကျူးရှောင်လုံကား ခေါင်းဆောင်ပီသည်။ သွေးဆူစရာအဖြစ်အပျက်ကို သူမတုန့်လှုပ်ပေ။

သူသည် အစောင့်ရဲမက်များ၏ ခေါင်းဆောင်အား လှမ်းကြည့်လိုက်၏။ ရဲမက်ခေါင်းဆောင်မှာ သူတို့လူစုအား စူးစိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ... ကျူးရှောင်လုံက ထိုလူအားလှမ်းကြည့်လိုက်ပြီး ဣန္ဒြေရရ ပြောလိုက်၏။

"မိတ်ဆွေ ... ကျုပ်တို့က နယ်စားမင်း ဟန်ရိထန်ရဲ့မိတ်ဆွေတွေပါ ... "

ထိုအခါ ... အစောင့်ရဲမက်က နှာခေါင်းရှုံ့လိုက်၏။

"ဘာ ... နယ်စားမင်းရဲ့ မိတ်ဆွေလည်း ... နယ်စားမင်းရဲ့မိတ်ဆွေတွေအားလုံးက ... နယ်စားမင်းကို ရိုရိုသေသေ ယဉ်ယဉ်ကျေးကျေးနဲ့ဆက်ဆံကြတယ် ... ခင်ဗျားတို့လို နယ်စားမင်းကို နယ်စားမင်းလို့မခေါ်ဘဲ နာမည်ခေါ်ပြီး ရိုင်းစိုင်းတဲ့လူတွေက နယ်စားမင်းရဲ့ မိတ်ဆွေဖြစ်ပါ့မလား ... "

သူ၏ စကားကြောင့် ကျူးရှောင်လုံသည် အမက်တွေ့သွား၏။ ကျူးစုဖန်က ကြားဝင်ပြောလိုက်သည်။

"ညီဦးဝိုင်းအချိန်က ... ခင်ဗျားတို့ နယ်စားမင်း 'ဟန်' အပြင်က မြင်းရထားနဲ့ပြန်လာတယ်မဟုတ်လား ... "

ရဲမက်ခေါင်းဆောင်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ... အဲဒါ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ ... သူဘာသာအပြင်က ပြန်လာတာပဲ ... "

ကျူးစုဖန်က ရှင်းပြလိုက်သည်။

"အဲဒီတုန်းက နယ်စားမင်း 'ဟန်' က ကျုပ်တို့ကိုပြောသွားတယ် ... မြို့ထဲမှာ တည်းခိုခန်းငှားမရရင် သူဂေဟာကိုလိုက်ခဲ့ပါ ... သူဂေဟာက အနီရောင်အုတ်တံတိုင်း ကာရံထားတယ်တဲ့ ... သူ့ဂေဟာမှာ လာတည်းခိုပါလို့ ပြောသွားလို့ပါ ... "

ထိုစကားကြောင့် ရဲမက်ခေါင်းဆောင်မှာ တွေဝေသွားသည်။

အတန်ကြာမှ ...

သူက မယုံကြည်ဟန်ဖြင့် ...

"ခင်ဗျားတို့ ကျုပ်တို့ကိုလာလိမ်နေတာမဟုတ်လား ... နယ်စားဂေဟာအထိတောင် လာလိမ်ရဲတယ်ဆိုတော့ ... အတော်သတ္တိရှိကြတာပေါ့ ... "

သူသည် ယင်းသို့ပြောပြီး သူ၏ရဲမက်များအား အမိန့်ပေးလိုက်၏။

"သူတို့ကိုဖမ်းလိုက် ... "

ရဲမက်ခေါင်းဆောင်၏ အမိန့်သံအဆုံးဌ ရဲမက်များသည် ဖမ်းဆီးရန် အသင့်ပြင်လိုက်ကြသည်။

ထိုအခါ ...

ကျူးရှောင်လုံတို့လူစုမှာ ရင်ထိတ်သွားသည်။

ဤမြို့ မှားပြားလှသော အစောင့်ရဲမက်များနှင့် တိုက်ခိုက်ရမည်ဆိုလျှင် မလွယ်ကူပေ။

ထို့အပြင် ...

ဤအစောင့်ရဲမက်များမှာ လက်ရွေးစင်များဖြစ်၍လည်း သိုင်းပညာ ထက်မြက်ပြီး အရည်အသွေးပြည့်ဝမှာ မြေကြီးလက်ခက် မလွဲပေ။

ထိုသို့တွေးလိုက်မိသည်နှင့် ကျူးရှောင်လုံတို့ လူစုသည် အန္တရာယ်မှာ ကြီးမားလှကြောင်း ရိပ်စားမိလိုက်၏။

ထိုစဉ် ...

"ရပ်လိုက် ..."

ကျယ်လောင်သော ဟန့်တားသံတစ်သံ ထွက်ပေါ်လာသည်။

ထိုဟန့်တားသံကို ကြားလိုက်ရသည်နှင့် ရဲမက်အားလုံးမှာ ရပ်တန့်သွားကြ၏။

ထို့နောက် ...

သူတို့အားလုံးသည် ကပျာကယာ မြေပြင်ပေါ်သို့ ဒူးထောက်၍ ဂါရဝပြုလိုက်ကြသည်။

သူတို့၏ အပြုအမူကြောင့် ကျူးရှောင်လုံတို့လူစုမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူတို့သည် အစောင့်ရဲမက်များ ဦးညွတ်ဂါရဝပြုရာ ဂေဟာတံခါးဘက်သို့ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ ...

မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်လုံးပြူးသွားကြ၏။

အဘယ်ကြောင့်ဆိုသော် ...

ရွှေဝါရောင်တောက်ပနေသော အဝတ်အစားများကို ဝတ်ဆင်ထားသည့် ဟန်ရိထန်အား တဘက်တွင် အဖြူရောင်ဝတ်ဆင်ထားသည့် ကိုယ်ရံတော် ငါးယောက်စီက ခြံရံ၍ လျှောက်လာသည်ကိုတွေ့မြင်လိုက်ရသောကြောင့်တည်း။

ဟန်ရိထန်သည် အမှန်တကယ်ပင် ဟုန်ကျန်းနယ်၏ နယ်စားမင်းဖြစ်နေပြီ မဟုတ်ပါလား။

အိမ်မက်ဝိပ်
စာဖတ်

အခန်း (၄၆)

ညီ့သည်နှင့် အိပ်ရှင်

လူများစွာရှိနေသော်လည်း အပ်ကျသံပင်မကြားရပေ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

အစောင့်ရဲမက်များသည် မြေပြင်ပေါ်တွင် ဒူးထောက်၍ ရှိသေစွာ ဂါရဝပြုနေကြသည်။

ရဲမက်ခေါင်းဆောင်မှာလည်း မြေပြင်ပေါ်တွင် ဒူးထောက် ဂါရဝပြုနေသည်။ ထိုအချိန်တွင် ...

ဟန်ရိထန်သည် တည်ငြိမ်သော ခြေလှမ်းအစုံဖြင့် သူတို့အနီးသို့ လျှောက်လှမ်းလာနေသည်။

သူ၏ မျက်နှာမှာ စောစောကတွေ့မြင်ခဲ့သည်ထက်ပင် ဟည်ကြည်ခန့်ညားနေသည်။

ဟန်ရိထန်သည် အနီးသို့ရောက်လာသည်နှင့် ရဲမက်ခေါင်းဆောင်အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"လုဟို ... မင်းဘာဖြစ်လို့ ကျုပ်ဇနီးသည်တွေကို မလေးမစားဆက်ဆံရတာလဲ ... "

ထိုအခါ ...

ရဲမက်ခေါင်းဆောင်လုဟိုဆိုသူ၏ မျက်နှာမှာကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အယောင်များပေါ်လွင်လာသည်။

အတန်ကြာမှ ...

သူက ဦးညွတ်ဂါရဝပြုပြီး တုန်တုန်ရီရီပြောလိုက်လေ၏။

"သူတို့က နယ်စားမင်းကို မရိုမသေဆက်ဆံလို့ပါ ... "

ဟန်ရိထန်က ခေါင်းခါယမ်းလိုက်သည်။

"ဒါက ကျုပ်တို့ကိစ္စပါ ... ဒီလိုမလေးမစား ဆက်ဆံလိုက်တာ ကျုပ်ကိုစော်ကားတာနဲ့အတူတူပဲ ... "

ရဲမက်ခေါင်းဆောင်သည် ဘာမျှမပြောတော့ပေ။ သူသည် မြေကြီးနှင့် နဖူးကို အကြိမ်ကြိမ်ဆောင့်လိုက်လေ၏။

"ခွင့်လွှတ်ပါခင်ဗျာ ... ခွင့်လွှတ်ပါ ... "

ဟန်ရိထန်က လက်ဝှေ့ယမ်းပြလိုက်သည်။

"မင်းမှာ ဘာအပြစ်ရှိသလဲဆိုတာသိလား ... သူတို့ကို သေသေချာချာမေးမြန်းရမယ် ... သူတို့ပြောတာ ဟုတ်မဟုတ်မှန်မမှန် စစ်ဆေးစုံစမ်းရမယ် ... မှားရင်ဖမ်း မှန်ရင်လွှတ်ပေါ့ ... မင်းတို့က အခု ဘာမှစစ်ဆေးမေးမြန်းစုံစမ်းခြင်းမရှိဘဲ ငါ့ကို မရိုသေမလေးစားမှုနဲ့ ... ဖမ်းမယ်ဆိုတော့ မင်းတို့အလုပ်က ဘာအလုပ်လဲ ... ဒီတစ်ခါတော့ ငါခွင့်လွှတ်လိုက်မယ် ... ကဲ ... မင်းတို့ သွားနိုင်ပြီ ... "

သူ၏ စကားဆုံးသည်နှင့် လုဟိုနှင့် ကျန်သောရဲမက်များသည် နယ်စားမင်း ဟန်ရိထန်အား ဦးညွတ်ဂါရဝပြုပြီး ဂေဟာခြံဝင်းထဲသို့ ပြန်ဝင်သွားကြလေ၏။

ထိုအခါမှ ...

ဟန်ရိထန်က ကျူးရှောင်လုံတို့ဘက်သို့ လှည့်လိုက်သည်။

သူသည် ကျူးရှောင်လုံတို့လူစုအား, အားတုံ့အားနာဖြင့် ပြုံးပြပြီး ရှင်းပြလိုက်သည်။

"အခုလို ဖြစ်သွားတဲ့အတွက် အားနာပါတယ်ဗျာ ... ကျုပ်က ကျုပ်ရဲ့ ရဲမက်တွေကို ဒဏ်သည်တွေလာလိမ့်မယ်လို့ မမှာထားမိဘူး အဲဒါကျုပ်အမှားပါ ... သူတို့ကလည်း တာဝန်ဆိုရင် အသက်နဲ့ရင်းပြီး ကျေပွန်အောင်ထမ်းရွက်မယ့်လူတွေဆိုတော့ ... ခင်ဗျားတို့ပြောတာကို မယုံကြည်ဘဲဖြစ်နေတာပါဗျာ ... "

ကျူးရှောင်လုံက ခေါင်းညိတ်ပြလိုက်သည်။

"ရပါတယ် နယ်စားမင်း 'ဟန်' ... ဒါပေမယ့် ... ဟန်ရိထန်ဆိုတဲ့ လူယေလေးဟာ ... ဟုန်ကျန်းနယ်ကို အုပ်ချုပ်နေတဲ့ နယ်စားမင်းဆိုတာတော့ ကျုပ်တို့ကိုပြောပြသင့်တာပေါ့ ... "

သူ၏စကားကြောင့် ဟန်ရိထန်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... ကျုပ်က နယ်စားမင်း ဟန်ရိထန်လို့ပြောလိုက်ရင် ခင်ဗျားတို့ ကျုပ်ကိုရိုန်သွားကြမယ်လေ ... ကျုပ်ကကျုပ်ကို လေးစားနေစရာမလိုဘဲ ... မိတ်ဆွေလိုသဘောထားတဲ့ မိတ်ဆွေမျိုးကို လိုချင်တယ် ... အခုတော့ ... ဟုန်ကျန်းနယ်မှာ လူတိုင်းကကျုပ်ကို တရိတသေတလေးတစား ဆက်ဆံဖို့ပဲသိကြတယ် ... ကျုပ်ကို ... ဘယ်သူကမှ သူငယ်ချင်းမိတ်ဆွေလို တရင်းတနှီးမဆက်ဆံရဲဘူး ... ဒါကြောင့် ကျုပ်က မိတ်ဆွေစစ်ကိုလိုချင်လို့ ... ကျုပ်ဟာ နယ်စားမင်းဆိုတာ မပြောလိုက်တာပါ ... "

ထိုစကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ ဟန်ရိထန်၏

စိတ်ဓာတ်ကို လေးစားသွားသည်။

ထို့ကြောင့် ...

ကျူးရှောင်လုံ ... ချီးကျူးစကားဆိုလိုက်သည်။

"နယ်စားမင်းရဲ့ ပွင့်လင်းဖော်ရွေတဲ့ စိတ်ဓာတ်ကို ကျုပ်လေးစားပါတယ်ဗျာ ... "

ဟန်ရိထန်က လက်ကာပြလိုက်၏။

"ကျုပ်ကို နယ်စားမင်းလို့မခေါ်ပါနဲ့ဗျာ ... ညီလေးဟန်လို့ခေါ်ရင် ရပါတယ် ... ကျုပ်နဲ့ခင်ဗျားတို့ရဲ့ ခင်မင်မှုမှာ ... ကျုပ်ကို နယ်စားမင်းဆိုတဲ့အသိကို မမှတ်ထားပါနဲ့ ... ကျုပ်ကို သာမန်လူတစ်ယောက်လို့ပဲ သတ်မှတ်ထားပါ ... "

ကျူးစုဖန်ကလည်း ပြုံး၍ခေါင်းညိတ်လိုက်၏။

"ညီလေးဟန်ရဲ့ ရိုးသားဖြူစင်တဲ့ စိတ်ဓာတ်ကို ကျုပ်လေးစားပါတယ်ဗျာ ... "

ဟန်ရိထန်က အားလုံးကို တစ်ချက်ငဲ့ကြည့်လိုက်ပြီး ...

"ဒီဟုန်ကျန်းနယ်က တထွန်လူမျိုးအားလုံးဟာ ... ကျုပ်ကို ဟုန်ကျန်းနယ်စားမင်းဆိုတာသိကြပါတယ် ... ခင်ဗျားတို့နဲ့စတွေ့တော့ ... ခင်ဗျားတို့က ကျုပ်ကိုသိပုံမရဘူး ... ဘာဖြစ်လို့လဲဆိုတော့ ကျုပ်သွားတဲ့လမ်းတိုင်းမှာ ... မြို့သူမြို့သားတွေဟာ ဂါရဝပြုနှုတ်ဆက်ကြတယ် ... ခင်ဗျားတို့ကတော့ ကျုပ်ကိုဂါရဝမပြုတဲ့အပြင် ကျုပ်ရဲ့မြင်းလှည်းကိုပါ ကျောက်တက်သွားကြတယ် ... အဲဒီထဲက ခင်ဗျားတို့ဟာ ဟုန်ကျန်းနယ်သား မဟုတ်ဘူးဆိုတာ ကျုပ်သိလိုက်ပါတယ် ... "

သူ၏ စကားကြောင့် ကျူးရှောင်လုံတို့လူစုမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

သူတို့သည် ဝိုက်ဟူနယ်သားများဖြစ်သည်ကို လိမ္မာပါးနပ်သော နယ်စားမင်း ဟန်ရိုထန်တစ်ယောက်သိရှိသွားပြီ ဖဟုတ်ပါလား။

ထို့ကြောင့် ...

သူတို့သည် ရင်ထိတ်သွားကြ၏။

ထိုစဉ် ...

နယ်စားမင်း ဟန်ရိထန်၏ စကားသံထွက်ပေါ်လာသည်။

"ခင်ဗျားတို့က ဝိုက်ဟူနယ်က လာကြတာလား ... ကျွန်ုပ်ကို ဘာမှ ကြောက်စရာမလိုပါဘူးဗျာ ... ကျွန်ုပ်က ခင်ဗျားတို့ကို မိတ်ဆွေအဖြစ် ခင်မင်ပြီးသားပါ ... "

ကျင်းဝမ်လင်က ဦးညွတ်ဂါရဝပြုလိုက်၏။

"အခုလို ... ကျွန်ုပ်တို့အပေါ် နားလည်မှုရှိရှိနဲ့ ခင်မင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ ... "

သူသည် ဝိုက်ဟူနယ်သားများဆိုသည်ကို ဝန်မခံဘဲ လိမ္မာစွာပြောကြားလိုက်၏။

နယ်စားမင်း ဟန်ရိထန်က ကျူးရှောင်လုံတို့လူစုအား တစ်ချက်ကြည့် ပြောလိုက်လေ၏။

"ကဲ ... အပြင်မှာ သိပ်အေးတယ်ဗျ ... ဂေဟာထဲကိုဝင်ကြရအောင် ... "

သူသည် ရှေ့မှဦးဆောင်ပြီး ခြံဝင်းအတွင်းသို့ လှမ်းဝင်သွားလေတော့၏။

ထိုအခါ ...

ကျူးရှောင်လုံတို့လူစုကလည်း မြင်းပေါ်မှဆင်းကာ မြင်းဇက်ကြိုးကိုဆွဲ၍ ခြံဝင်းထဲသို့ လှမ်းဝင်လာခဲ့သည်။

ခြံဝင်းထဲသို့ရောက်လျှင် ရဲမက်များက သူတို့မြင်းဇက်ကြိုးများကို ဆွဲယူသွားပြီး မြင်းစောင်းတန်းဆီသို့ ဆွဲခေါ်သွားလေ၏။

ကျူးရှောင်လုံတို့ငါးယောက်မှာမူ နယ်စားမင်းဟန်ရိထန်၏နောက်မှ ဂေဟာထဲသို့ လိုက်ဝင်သွားကြလေတော့သည်။

နယ်စားဂေဟာမှာ ထည်ဝါခန့်ညားလှသည်။

အဆောက်အအုံများလည်း ကြီးမားကျယ်ဝန်းလှသည်။

မီးရောင်များကလည်း ထိန်ထိန်ညီးနေသည်။

ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်၊ ကျူးဝေဝေနှင့် လွင်ရှမ်းရင်တို့သည် နယ်စားမင်း ဟန်ရိထန်နောက်မှ ဂေဟာထဲသို့ လှမ်းဝင်လိုက်ကြ၏။

ထိုအခါ ...

အလွန်ကြီးကျယ်ခမ်းနားသော စင်မြင့်ကြီးတစ်ခုကို စတင်မြင်တွေ့လိုက်ရသည်။

ထိုစင်မြင့်၏ အပေါ်ဆုံးထပ်ရှိ နံရံပေါ်တွင် ငွေရောင်နှင်းပန်းပွင့်ကြီးကို ပုံဖော်၍ပြုလုပ်ထားသည်ကို တွေ့မြင်ရလေသည်။

ထိုနှင်းပန်းပွင့်ကြီးအား တွေ့မြင်ရသောအခါ ကျူးဝေဝေ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေ၏။

သူ၏ ရင်အစုံမှာလည်း ပြင်းထန်စွာလှုပ်ရှားသွားသည်။

ထိုနှင်းပန်းပွင့်များအား သူမနှစ်သက်မြတ်နိုးခဲ့ရဖူးသည်။

ထို့အတူ ...

နှင်းပန်းပွင့်များနှင့်အတူ သူမသိပ်ချစ်ခဲ့ရသော ယွမ်ယိဝိုင်အား လွမ်းဆွတ်သတိရလိုက်မိသည်။

ထို့အပြင် ...

နယ်စားဂေဟာ နံရံပေါ်တွင် နှင်းပန်းပွင့်ပုံကို တကူးတက ထွင်းထုပြုလုပ်ထားသည့်အတွက်လည်း သူမအံ့သြနေမိသည်။

ထို့ကြောင့် ...

ကျူးဝေဝေသည် နယ်စားမင်း ဟန်ရိထန်ဘက်သို့လှည့်ကာ မေးလိုက်လေ၏။

"နယ်စားမင်းဟန် နံရံပေါ်မှာ ဘာဖြစ်လို့ နှင်းပန်းပွင့်ပုံတွေ ထားရတာလဲ ... "

ထိုအခါ ...

နယ်စားမင်း ဟန်ရိထန်က ပြုံးလိုက်သည်။

"ကျုပ်က နှင်းပန်းပွင့်တွေကို ပြတ်နိုးတတ်လို့ပါ ...ဒါကြောင့် ကျုပ်ဂေဟာမှာ နှင်းပန်းပွင့်ပုံတွေဖော်ထားတာပါ ... ဂေဟာခြံဝင်းထဲမှာတော့ နှင်းပန်းပင်တွေစိုက်ထားတယ် ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ ရင်ထဲတွင် လှုပ်ရှားသွားသည်။

နယ်စားမင်း ဟန်ရိထန်သည်လည်း သူမလိုပင် နှင်းပန်းပွင့်များကို မြတ်နိုးတတ်သူပင်မဟုတ်ပါလား။

သူမ မြတ်နိုးတတ်သော နှင်းပန်းပွင့်များကို ခွဲးဆွတ်ပေးတတ်သူ ယွမ်ယိဝိုင်တစ်ယောက် မည်သည့်နေရာတွင် ရောက်ရှိနေပါသနည်း။

နယ်စားမင်း ဟန်ရိထန်နှင့် ယွမ်ယိဝိုင်တို့သည် စိတ်နေသဘောထားချင်း တူညီကြ၏။

သို့သော် ...

ဘဝအခြေအနေချင်းကမူ ကွာခြားကြသည်။

ယွမ်ယိဝိုင်သည် မိဘမဲ့ကလေးတစ်ယောက်ဖြစ်သည့်အပြင်

ဆင်းရဲနွမ်းပါးလွန်းလှ၏။

နယ်စားမင်း ဟန်ရိထန်ကမူ အသက်ငယ်ရွယ်သော်လည်း စည်းစိမ်ဥစ္စာပြည့်စုံ၍ ရာထူးကြီးမားသူဖြစ်နေသည်။

ထို့အပြင် ...

နယ်စားမင်းဆိုသော ရာထူးအရှိန်အဝါက ကြီးမားလွန်း၍ လူတိုင်းက ရိသေလေးစားကြသည်။

သူမ ထိုသို့စဉ်းစားနေစဉ်မှာပင် နယ်စားမင်း ဟန်ရိထန်၏ စကားသံ ထွက်ပေါ်လာသည်။

"ဒါနဲ့ ... မိန်းကလေးကျူးက နှင်းပန်းပွင့်တွေကို ကြိုက်လို့လား ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ကဲ့ ... ကျွန်မကနှင်းပန်းပွင့်တွေကို မြတ်နိုးတတ်ပါတယ် ... "

နယ်စားမင်း ဟန်ရိထန်က ပြုံးလိုက်သည်။

"မိန်းကလေးကျူး ကြိုက်နှစ်သက်တယ်ဆိုရင် ... ကျုပ် ဒီနှင်းပန်းပွင့်ပုံကို ပြုလုပ်ထားရကျိုးနပ်ပါပြီဗျာ ... "

ထိုစကားကြောင့် ကျူးဝေဝေ၏ ရင်ထဲ၌ ပြင်းထန်စွာလှုပ်ရှားသွားသည်။

သူမသည် နယ်စားမင်း ဟန်ရိထန်အား မော့ကြည့်လိုက်မိ၏။

နယ်စားမင်းဟန်ရိထန်ကလည်း သူမအားစိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ...

ကျူးဝေဝေမှာ ကပျာကယာခေါင်းငုံ့လိုက်ရသည်။

ထိုအချိန်တွင် ...

နယ်စားမင်း ဟန်ရိထန်က ကျူးရှောင်လုံတို့အား ဝေ့ကြည့်လိုက်ပြီး ...

"ကဲ ... အစ်ကိုတို့လည်း ဗိုက်ဆာရောပေါ့ ... အပေါ်ခန်းထဲရောက်မှ တစ်ခုခုစားကြတာပေါ့ဗျာ ... "

သူက ယင်းသို့ပြောရင်း စင်မြင့်အပေါ်ဘက်ဆီသို့ လှေကားမှ တစ်ဆင့် တက်သွားလေသည်။

ထို့နောက် ...

အပေါ်ဆုံးလှေကားအလယ်ရှိ နံရံပေါ်မှာ ခလုတ်တစ်ခုကို ဆွဲချလိုက်၏။

"ဂျိမ်း ... "

ရုတ်တရက် ...

နံရံဘေးနှစ်ဘက် ကွဲထွက်ကာ ရှည်လျားကျဉ်းမြောင်းသော လမ်းသွယ်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ထိုအခါ ...

ကျူးဝေဝေမှာ မျက်လုံးပြူးသွားသည်။

သူသည် ကျူးရှောင်လုံအား အဓိပ္ပါယ်ပါသော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်လေ၏။

ကျူးရှောင်လုံက သူမအား မသိမသာခေါင်းညိတ်ပြလိုက်သည်။

သူတို့နှစ်ဦး၏ စိတ်ထဲ၌ နယ်စားမင်း ဟန်ရိထန်၏ အတွင်းစိတ်ဓာတ်ကို စိတ်ဝင်စားသွားကြသည်။

အစောင့်အထပ်ထပ်ချထားပါလျက် အဘယ်ကြောင့် ဤမှ

လျှို့ဝှက်သောနေရာကို တည်ဆောက်ထားရပါသနည်းဟု စဉ်းစားမရဘဲဖြစ်နေမိကြသည်။

ထိုအချိန်တွင် ...

နယ်စားမင်း ဟန်ရိထန်သည် ရှေ့မှ အပေါက်ထဲသို့ဝင်ရောက်သွားရာ ကျူးရှောင်လုံတို့လူစုကလည်း သူ၏နောက်မှ လိုက်ပါသွားသည်။

မကြမီမှာပင် ...

သူတို့သည် အလွန်ကျယ်ဝန်းသော ခန်းမကျယ်ကြီးထဲသို့ ရောက်ရှိလာကြ၏။

ခန်းမ၏ နံရံပေါ်တွင် နှင်းပန်းပွင့်တစ်ပွင့်၏ ပုံကိုဖော်ထားလေသည်။

ခန်းမထဲ၌ စားပွဲရှည်ကြီးတစ်ခုရှိပြီး ကုလားထိုင်များ အပြည့်ခင်းထားသည်။

စားပွဲပေါ်တွင် ဟင်းလျာပန်းကန်များအား လှပစွာပြင်ဆင်ထားသည်။

ထိုအပြင် ...

ပန်းကန်လုံးများနှင့်တူများကိုလည်း စနစ်တကျထားရှိသည်။

နယ်စားမင်း ဟန်ရိထန်က ကျူးရှောင်လုံတို့ဘက်သို့ လှည့်ကာ ပြောလိုက်၏။

"ကဲ ... အစ်ကိုရှောင်လုံတို့ စိတ်တိုင်းကျသုံးဆောင်ကြပါ... ခရုဝေးက လာခဲ့ရတော့ ပင်ပန်းနေမှာပေါ့ ... အတော်လည်း ဗိုက်ဆာနေပြီထင်တယ် ... "

သူ၏ စကားကို ကျူးရှောင်လုံက အလိုက်သင့်ခေါင်းညိတ်

ရင်းမှ ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည်။

ကျန်လူများကလည်း ကုလားထိုင်အသီးသီး၌ ဝင်ရောက်ထိုင်ချလိုက်ကြ၏။

ထိုစဉ် ...

နယ်စားမင်း ဟန်ရိထန်က လက်ခုပ်တစ်ချက်တီးလိုက်သည်။

ထိုအခါ ...

သူတို့ဝင်လာသော လမ်းသွယ်ကလေးထဲမှာ အဖြူရောင် ဝတ်စုံဝတ်ဆင်ထားသည့် မိန်းကလေးငါးယောက် ထွက်လာခဲ့သည်။

ထိုမိန်းကလေးငါးယောက်သည် ကျူးရှောင်လုံတို့လူစုထိုင် နေရာသို့ လျှောက်လာကြပြီး သူတို့ရှေ့ရှိ ပန်းကန်လုံးအသီးသီးကိုလှန်လိုက်၏။

ထို့နောက် ...

ထိုပန်းကန်လုံးထဲသို့ ကြွေလုံတစ်ခုအတွင်းရှိ ခေါက်ဆွဲပြုတ်များကို ခပ်ထည့်ပေးလေသည်။

သူမတို့၏ လှုပ်ရှားမှုမှာ သွက်လက်၍ ရှုမျှရည်များကလည်း ချောမောလှပလွန်းလှသည်။

အထူးသဖြင့် ...

ကျူးရှောင်လုံ၏ ပန်းကန်ဆီသို့ ခေါက်ဆွဲပြုတ်ထည့်ပေးနေသော မိန်းကလေးသည် အသက်ဆယ့်ရှစ်နှစ်ခန့်သာ ရှိမည်ဖြစ်သည်။

ချောမောလှပသော ရုပ်ရည်နှင့် အချိုးအဆစ်သွယ်လျသော ခန္ဓာကိုယ်ကို မိုင်ဆိုင်ထားသော မိန်းကလေးများဖြစ်ကြသည်။

ထို့ကြောင့် ...

မိန်းကလေးများအား စိတ်မဝင်စားတတ်သော ကျူးရှောင်

လုံ၏ ရင်ထဲ၌ ထိုမိန်းကလေးအား ကြည်နှူးတစ်ချက်လှုပ်ရှားသွားမိသည်။

ထို့အတူ ...

ကျူးဝေဝေကလည်း ထိုမိန်းကလေးများအား ကြည်နှူးရင်ထဲ၌ လှုပ်ရှားမိ၏။

"ဟင် ... နယ်စားမင်းရဲ့ဂေဟာမှာ ချောမောလှတဲ့ မိန်းကလေးတွေ များလှချည်လား ... သူ ... သူတို့က ဘယ်ကရောက်နေကြတာလဲ ..."

သူမတစ်ယောက်တည်း စိတ်ထဲမှရေရွတ်ရင်း ရင်ထဲ၌လှုပ်ရှားနေမိသည်။

ထို့နောက် ...

သူမသည် ခေါက်ဆွဲပြုတ်များကို စားသောက်လိုက်၏။

နယ်စားမင်း ဟန်ရိထန်ကလည်း သူတို့နှင့်အတူ ခေါက်ဆွဲပြုတ်များကို ဝင်၍အားပါးတရစားသောက်သည်။

ကျူးရှောင်လုံ၊ ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့မှာလည်း ဗိုက်အလွန်ဆာနေကြပြီဖြစ်သည်။

ထို့ကြောင့် ...

သူတို့သည် ခေါက်ဆွဲပြုတ်များကို အားပါးတရစားသောက်လိုက်ကြလေတော့သည်။

ကျူးရှောင်လုံတို့လူစုသည် စားသောက်၍ ပြီးစီးသွားကြလေသည်။

သူတို့အားလုံးစားသောက်ပြီးသောအခါ မိန်းကလေးများက ပန်းကန်မျာ[illegible]ကို ပြန်လည်သိမ်းဆည်းသွားကြသည်။

မကြာမီမှာပင် ...

သူမတို့ ငါးယောက်ပြန်လည်ရောက်ရှိလာကြ၏။

သူမတို့၏ လက်ထဲတွင်အရက်အိုးများနှင့် အရက်ခွက်ထည့်ထားသော ဗန်းကလေးများ ပါရှိလာကြ၏။

သူတို့က စားပွဲပေါ်သို့ အရက်အိုးများ တင်ပေးလိုက်သည်။

ထိုအခါ ...

နယ်စားမင်း ဟန်ရိထန်က ထိုင်ရာမှထရပ်လိုက်လေသည်။

"ကဲ ... အစ်ကိုရှောင်လုံတို့အားလုံး အားပါးတရသောက်ကြပါ ... ဒါ ... ဟုန်ကျွန်းနယ်ရဲ့ အကောင်းဆုံး နှစ်ချို့ဝါးရွက်စိမ်းအရက်ပါ ... "

သူက ယင်းသို့ပြောလိုက်သောအခါ မိန်းကလေးများက ခွက်ထဲသို့ အရက်များ ကိုယ်စီငှဲ့ထည့်ပေးကြလေ၏။

ကျူးရှောင်လုံတို့လူစုမှာ ငြင်းပယ်ရမည်ကို အားနာသွားသည်။ သူတို့သည် အရက်မသောက်လိုပါ။ သို့သော် အလွန်အေးမြနေသဖြင့် အရက်သောက်ရန်လည်း လိုအပ်ပါသည်။

ရုတ်တရက် ...

ကျူးရှောင်လုံ၏ဘေးတွင် ငှဲ့ပေးနေသော မိန်းကလေး၏ အရက်ခွက်သည် အနည်းငယ်လျှံကျလာကာ ကျူးရှောင်လုံ အဝတ်အစားများပေါ်သို့ ပေကျံသွားလေ၏။

ထိုအခါ ...

မိန်းကလေးက ပျာပျာသလဲဖြင့် သူမ၏ပဝါစဖြင့် ကျူးရှောင်လုံ၏ အင်္ကျီအား သုတ်ပေးရင်းတောင်းပန်စကားကို ဆိုလိုက်၏။

"ကျွန်မ တောင်းပန်ပါတယ်ရှင် ... မတော်လို့ဖြစ်သွားတာပါ

ရှင် ... ခွင့်လွှတ်ပါနော် ... "

ကျူးရှောင်လုံမှာ အားတုံ့အားနာဖြစ်သွားလေသည်။

"ဟာ ... ရပါတယ်ဗျာ ... ကိစ္စမရှိပါဘူး ... "

သူက ယင်းသို့ပြောရင်းမှ မိန်းကလေး၏ ပခါးကိုကိုင်ဆောင်၍ သုတ်ပေးနေသောလက်အား ဖမ်းဆုပ်ကိုင်၍ ဖယ်ရှားလိုက်၏။

ထိုအချိန်တွင် ... နယ်စားမင်း ဟန်ရိထန်က အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး ...

"ကဲ ... အားလုံး ကျုပ်နဲ့မိတ်ဆွေဖြစ် တစ်ခွက်လောက် သောက်ပေးကြပါ ... "

သူသည် ယင်းသို့ပြောပြီး အရက်ခွက်အားမော့ချလိုက်၏။

ထို့ကြောင့် ...

ကျူးရှောင်လုံတို့လူစုမှာလည်း အားတုံ့အားနာဖြင့် အရက်တစ်ခွက်စီသောက်လိုက်ရလေသည်။

နယ်စားမင်း ဟန်ရိထန်သည် ကျူးရှောင်လုံနံဘေးမှ မိန်းကလေးအား လှမ်းကြည့်လိုက်ပြီး ...

"ကဲ ... စီးရှမ်းရှမ်း ... သူတို့အတွက်အခန်းနေရာတွေပြပေးထားလိုက်ပါ ... ည၌နက်လှပြီ သူတို့လည်း အိပ်ချင်ပြီပေါ့ ... "

သူသည် ယင်းသို့ပြောပြီး အခန်းနံရံဆီသို့ လျှောက်သွားလိုက်ပြီး နံရံပေါ်မှခလုတ်အား ဆွဲချလိုက်၏။

"ကျွီ ... "

အခန်းလျှို့ဝှက်တံခါးပွင့်ထွက်သွားလေသည်။

ထိုတံခါးပေါက်မှ နယ်စားမင်း ဟန်ရိထန်က ပြန်ထွက်သွားသည်။

ထို့နောက် ...

စီးရှမ်းရှမ်းဆိုသော မိန်းကလေးက သူတို့အားလုံးအား တစ်ယောက်တစ်ခန်းစီ လိုက်လံပို့ဆောင်ပေးလေသည်။

ကျူးရှောင်လုံတို့ငါးယောက်မှာ ခရီးပင်ပန်းလွန်း၍ အနားယူအိပ်စက်လိုက်လေတော့သည်။

သူတို့မှာ အလွန်ခရီးပန်းလာသူများဖြစ်၍ နောက်တစ်နေ့နေအတော်မြင့်မှ နိုးလာကြသည်။

သူတို့ အိပ်ရာမှနိုးသောအခါ နေမွန်းတည့်တော့မည်ဖြစ်သည်။

ထို့ကြောင့် ...

ကိုယ်လက်သန့်စင်ကာ နံနက်စာကို စားလိုက်ကြသည်။

နံနက်စာစားပြီးသောအခါ၌လည်း ဝိမိအခန်းတွင် ပြန်၍ အနားယူလိုက်ကြ၏။

ယနေ့အဖို့ မည်သည့်သတင်းမျှ မစုံစမ်းနိုင်တော့ပါ။

အဘယ်ကြောင့်ဆိုသော် ...

သူတို့အားလုံး ခရီးဝေးကို လာခဲ့ကြရသောကြောင့်ပင်တည်း။

ကျူးဝေဝေသည် သူမ၏ အခန်းထဲတွင် တိတ်ဆိတ်စွာထိုင်နေသည်။

သူမသည် အခန်းပြတင်းတံခါးမှနေ၍ အပြင်ဘက်သို့ငေးမျော်ကြည့်နေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး ဆီးနှင်းများက ဧရပဝါတစ်ထည်ကဲ့သို့ လွှမ်းခြုံထားသည်။

ထို့ကြောင့် ...

ပန်းဥယျာဉ်လေးအား ဝိုးတဝါးမြင်ရလေသည်။

သို့သော် ...

ခြံဝင်းထဲတွင်လှပစွာ ပွင့်မှူးသော နှင်းပန်းပင်ကြီးများအားတွေ့မြင်နေရသည်။

ကျူးဝေဝေမှာ နှင်းပန်းများအား တွေ့မြင်ရသောအခါ လိုချင်သွားမိသည်။

ယင်းကြောင့် သူမသည် ခြံဝင်းထဲသို့ဆင်း၍ နှင်းပန်းပွင့်ခူးရန် စဉ်းစားလိုက်မိသည်။

သူမက ယင်းသို့စဉ်းစားမိသောအခါ အခန်းတံခါးပွင့်သောခလုတ်အား ဆွဲဖွင့်လိုက်လေ၏။

"ကျွီ ... "

အခန်းတံခါးဖွင့်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ကျူးဝေဝေသည် အခန်းထဲမှ ထွက်လာပြီး အခန်းကြီးတစ်ခုလုံးအား မျက်လုံးဝေ့၍ ရှာဖွေကြည့်လိုက်သည်။

အပြင်တွင် လူသူအရိပ်အယောင်ပင် မတွေ့မြင်ရပေ။

မိမိအခန်းနံရံပေါ်ရှိ ခလုတ်ကဲ့သို့ တဘက်မျက်နှာချင်းဆိုင် အခန်းနံရံပေါ်၌ ခလုတ်တစ်ခုအား တွေ့မြင်လိုက်ရ၏။

ထိုအခန်းနံရံပေါ်တွင် နှင်းပန်းပွင့်ကြီးပုံဖော်ထားလေသည်။

နှင်းပန်းပွင့်၏ အလယ်တွင် အဖြူရောင်စိန်ပွင့်ကြီးတစ်လုံးတပ်ဆင်ထားသည်။

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါ ... ဘယ်သူ့အခန်းပါလိမ့် ... "

သူမသည် ယင်းသို့တစ်ကိုယ်တည်း ရေရွတ်ရင်း ထိုအခန်းဆီသို့ လျှောက်သွားလိုက်၏။

ထို့နောက် ...

နှင်းပန်းပွင့်ပေါ်မှ စိန်ပွင့်ကြီးအား ဖိကြည့်လိုက်၏။

ထိုစဉ် ...

"ကျီ ... "

ရုတ်တရက် နှင်းပန်းပွင့်ကြီးမှာ ကွဲထွက်သွားပြီး တံခါးပွင့်သွားလေသည်။

ကျူးဝေဝေမှာ အံ့သြသွားလေသည်။

သူမသည် အံ့သြတွေဝေစွာဖြင့် ရပ်ကြည့်နေမိ၏။

မိမိကနှင်းပန်းပွင့်ပေါ်မှ စိန်ပွင့်ကြီးအား ဖိနှိပ်လိုက်ရုံဖြင့် တံခါးပွင့်သွားခြင်းမှာ စိန်ပွင့်ကြီးမှာ လျှို့ဝှက်ခလုတ်တပ်ဆင်ထားသောကြောင့် ဖြစ်မည်။

သူမက ယင်းသို့တွေးနေစဉ်မှာပင် နယ်စားမင်း ဟန်ရိုထန်၏ စကားသံထွက်ပေါ်လာသည်။

"မိန်းကလေးကျူး ... အထဲဝင်ချင်ရင် ဝင်ခဲ့ပါ ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ အံ့သြသွားလေသည်။

"ဟင် ... ဒါနယ်စားမင်း 'ဟန်'ရဲ့အခန်းပါလား ... "

သူမသည် ယင်းသို့ရေရွတ်ရင်း အခန်းထဲသို့ လှမ်းဝင်ကြည့်လိုက်၏။

ထိုအခါ ...

အခန်းတံခါးက အလိုအလျောက်ပြန်လည်ပိတ်သွားလေသည်။

ကျူးဝေဝေသည် အခန်းတစ်ခုလုံးအား မျက်လုံးဝေ့၍ကြည့်လိုက်လေ၏။

အခန်းထဲ၌ ပ[illegible]ရာဝင်များထိန်ထိန်လင်းနေသည်။

နယ်စားမင်း ဟန်ရိုထန်သည် ကျောက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍သူမအား စူးစိုက်စွာကြည့်နေသည်ကို တွေ့မြင်ရသည်။

ကျူးဝေဝေက သူ့ဆီသို့ဖြည်းလေးစွာ လျှောက်သွားသည်။

ထိုအခါ ...

နယ်စားမင်း ဟန်ရိုထန်သည် သူ့ရှေ့ရှိကုလားထိုင်တစ်လုံးအား ညွှန်ပြလိုက်၏။

"မိန်းကလေးကျူး ... ထိုင်ပါ"

ကျူးဝေဝေက ခေါင်းညိတ်၍ ကုလားထိုင်ဆီသို့ ဝင်ထိုင်လိုက်သည်။

သူမက နယ်စားမင်း ဟန်ရိုထန်အား အံ့သြစွာကြည့်ရင်းမေးလိုက်မိလေ၏။

"ဒါနဲ့ ... ကျွန်မလာတာ နယ်စားမင်း ဘယ်လိုလုပ်သိသလဲ"

သူမ၏ စကားကြောင့် နယ်စားမင်းဟန်ရိုထန်က ပြုံးလိုက်လေသည်။

သူက နှင်းပန်းပွင့်ပုံသဏ္ဌာန် တံခါးဝဆီသို့ လက်ညှိုးညွှန်ပြလိုက်လေ၏။

"ဟိုမှာလေ ... နှင်းပန်းပွင့်ရဲ့ အလယ်ကစိန်ပွင့်ကြီးက အခန်းအပြင်က ဘယ်သူလှုပ်ရှားမှုကိုမဆို မြင်နေရအောင် ပြုလုပ်ထားတာလေ ... "

ကျူးဝေဝေက ယခုမှ လှမ်းကြည့်လိုက်သည်။

မှန်ပေသည်။

နှင်းပန်းပွင့်အလယ်မှ စိန်ပွင့်ကြီးသည် အခန်းအပြင်ရှိအရာ

အားလုံးကို ဝိပြင်ထင်ရှားစွာ မြင်တွေ့နေရသည်။

နယ်ဘားမင်း ဟန်ရိထန်ကမူ သူမအားလှမ်းကြည့်လိုက်ပြီး မေးလိုက်၏။

"ဒါနဲ့ ... မိန်းကလေးကျူးတို့ရဲ့အဖွဲ့မှာ အစ်ကိုကျူးရှောင်လုံက ခေါင်းဆောင်လား ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... သူက ကျွန်မတို့အဖွဲ့ထဲမှာ အသက်အကြီးဆုံးနဲ့ အတွေ့အကြုံအရှိဆုံးပါပဲ ... ဒါကြောင့် ... သူက အဖွဲ့ခေါင်းဆောင်ပေါ့ ... "

နယ်စားမင်း ဟန်ရိထန်မှာ မျက်မှောင်ကုတ်သွားသည်။

"မိန်းကလေးကျူးတို့အဖွဲ့က ပိုက်ဟူနယ်ကနေ ဟုန်ကျန်းနယ်ကို ခရီးပြင်းနှင်းလာရတာ ဘာကိစ္စများရှိလို့လဲ ... "

ထိုစကားကြောင့် ကျူးဝေဝေစိုးရိမ်သွားလေ၏။

သူမတို့သည် ရတနာသေတ္တာအား လုယက်၍ ကျိုမုထိတို့အဖွဲ့အား လုပ်ကြံသတ်ဖြတ်သွားသူနှင့် ကျူးယဲ့မင်းတို့လူစုအား သတ်ဖြတ်သွားသူ တရားခံအား လာရောက်စုံစမ်းဖော်ထုတ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ...

သူမတို့၏လာရင်းကိစ္စမှာ အလွန်အရေးကြီးသဖြင့် လျှို့ဝှက်ရပေမည်။

သို့မှသာ ...

ရန်သူက သူမတို့လူစုအား ရိပ်စားမိမည်မဟုတ်ချေ။

သို့သော် ...

ယခုမေးမြန်းသူမှာ နယ်စားမင်း ဟန်ရိထန်ဖြစ်နေသည်။

နယ်စားမင်း ဟန်ရိထန်အား ထိုကိစ္စကိုပြောလိုက်လျှင် သူထံမှ အကူအညီပင်ရကောင်း ရလိမ့်မည်ဟု ကျူးဝေဝေတွေးလိုက်မိ၏။

ထို့ကြောင့် ...

သူမသည် နယ်စားမင်း ဟန်ရိထန်အား ထိုကိစ္စကို ပြောပြရန် ဆုံးဖြတ်လိုက်လေသည်။

ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် ကျူးဝေဝေက ပြောပြလိုက်လေ၏။

"ဒီလိုပါ ... ကျွန်မတို့ တထျန်နိုင်ငံ ဘုရင်မင်းမြတ်က စီးလျှန်နိုင်ငံဘုရင်မင်းမြတ်ကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် ရတနာသေတ္တာလက်ဆောင်ကိုပေးပို့တယ် ... အဲဒီရတနာသေတ္တာကို ဘုရင့်လက်ရွေးစင် သိုင်းသမားကျိမုထိဦးဆောင်တဲ့ ဘုရင့်လက်ရွေးစင်စစ်သည်တော် ဆယ်ယောက်က ဒီဟုန်ကျန်းနယ်ကနေပြီး ဖြတ်ကျော်သယ်ဆောင်သွားကြပါတယ် ... "

သူမ၏ စကားကို နယ်စားမင်း ဟန်ရိထန်က စိတ်ပါဝင်စားစွာ နားစွင့်နေသည်။

ကျူးဝေဝေက စကားဆက်လိုက်ပြန်၏။

"သူတို့ဟာ ... ဆီးနှင်းလွင်ပြင်ကိုအရောက်မှာ မသမာသူတစ်စုရဲ့ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရတယ် ... အဲဒီ မသမာသူတွေဟာ ကျိမုထိတို့လူစုကိုသတ်ပြီး ... ရတနာသေတ္တာကို ယူဆောင်သွားကြတယ် ... အလောင်းတွေကိုတော့ ... ကျွန်မတို့ဆီကို ပြန်ပို့ပေးခဲ့တယ် ... "

နယ်စားမင်း ဟန်ရိထန်က ထိုသို့ကောက်ချက်ချလိုက်သည်။

"အင်း ... တော်တော်သိုင်းပညာအဆင့်မြင့်ပြီး တော်တော် ဝိရိသေသပ်တဲ့လူတွေပဲ ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... သူတို့ရဲ့ သိုင်းပညာဟာ ကျွန်မတို့ထက် အများကြီးဆင့်မြင့်မယ်လို့ ... ကျွန်မခန့်မှန်းထားပါတယ် ... ကျွန်မရဲ့ အစ်ကို ကျူးယဲ့မင်းနဲ့ သူရဲ့သူငယ်ချင်းနှစ်ယောက်လည်း ဒီဟုန်ကျွန်း နယ်ကိုလိုက်လာပြီး ... ဒီအမှုကို စုံစမ်းဖော်ထုတ်ရင်းနဲ့ လူယုတ်မာ ဒုစရိုက်သမားတွေရဲ့ လက်ချက်နဲ့ဆုံးပါးခဲ့ရပါတယ် ... "

သူမက ယင်းသို့ပြောရင်းမှ မျက်ရည်များရစ်ဝဲလာလေ၏။

ထိုအခါ ...

နယ်စားမင်း ဟန်ရိုထန်က,ကဗျာကယာ လက်ကာပြလိုက်၏။

"မိန်းကလေးကျူး ... မငိုပါနဲ့ဗျာ ... ခင်ဗျားရဲ့မျက်ရည်တွေကို မမြင်ရဲတဲ့လူတစ်ယောက် ဒီဟုန်ကျွန်းနယ်မှာ ရှိနေမှာပါ ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"နယ်စားမင်းနဲ့ ယွမ်ယိဝိုင် ဘယ်လိုတော်စပ်လဲ ... အခု ယွမ်ယိဝိုင်ဘယ်မှာလဲ ... "

နယ်စားမင်း ဟန်ရိုထန်က ခေါင်းခါယမ်းပြလိုက်၏။

"ဘယ်လိုမှ မတော်စပ်ပါဘူး ... ကျုပ်ကမွေးကတည်းက မွေးချင်းတစ်ယောက်တည်းပါ ... ညီအစ်ကိုမောင်နှမ,မရှိဘူး ... ယွမ်ယိဝိုင်ဆိုတဲ့လူကိုလည်း ခင်ဗျားပြောလို့သာကျုပ်သိရတာပါ ... သူဘယ်မှာနေတာလဲ ကျုပ်မသိပါဘူး ... "

သူ၏ စကားကြောင့် ကျူးဝေဝေမှာသက်ပြင်း တစ်ချက်ကိုချ

လိုက်မိလေ၏။

ထိုအခါ ...

နယ်စားမင်း ဟန်ရိုထန်က သူ့အားမော့ကြည့်ပြီး ပြောလိုက်လေ၏။

"ဒါနဲ့ ... ခုနစကားကို ပြန်ဆက်ပါဦး ... "

သူ၏ စကားကြောင့် ကျူးဝေဝေမှာ အစ်ကိုဖြစ်သူအသတ်ခံလိုက်ရသည်ကို ပြန်လည်သတိရလိုက်သည်။

ထိုသို့ သတိရလိုက်မိသည်နှင့် သူမမျက်နှာမှာ တင်းမာခက်ထန်သွားသည်။

သူမသည် အေးစက်ခက်ထန်သောလေသံဖြင့် ...

"အခု ... ကျွန်မတို့ အဲဒီအမှုအတွက် ဒီနေရာကိုလာခဲ့ကြတာပါ ... ဥပဒေကို မထီမဲ့မြင်ပြုလုပ်ပြီး ပြစ်မှုတွေ ... အမျိုးမျိုးကျူးလွန်နေတဲ့ ... ဒုစရိုက်သမားကို ကျွန်မရဲ့လက်နဲ့ သုတ်သင်ရှင်းလင်းဖို့ ရောက်လာတာပဲ ... "

ထိုစကားကြောင့် ဟန်ရိုထန်၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူ၏ မျက်နှာမှာလည်း ကွက်ခနဲပျက်သွားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမှုများကို ကျူးလွန်သူမှာ သူဖြစ်နေသည်မဟုတ်ပါလား။ ထိုစဉ် ...

"နယ်စားမင်း'ဟန်'က ဒီနယ်သားဆိုတော့ ... ဒီဟုန်ကျွန်းနယ်ကို ကျွမ်းကျင်မှာပေါ့နော် ... "

ထိုအခါ ...

နယ်စားမင်း ဟန်ရိုထန်က ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... ကျုပ်က ဒီနယ်မြေကို အကုန်လုံးကျွမ်းကျင်ပါတယ် ... ဆီးနှင်းလွင်ပြင်ထဲမှာ မျက်စိမှိတ်ပြီး ... လမ်းလျှောက်ရင်တောင် ကျုပ်က လမ်းပျောက်မှာမဟုတ်ဘူး ... "

ထိုစကားကြောင့် ကျူးဝေဝေလဲတဲ့၌ မျှော်လင့်ချက်များဖြစ်လာသည်။

"ဒီလိုဆိုတော့ ... အတော်ပဲပေါ့ ... ကျွန်မကိုကျေးဇူးပြုပြီး ဒီနယ်က အမှုအခင်းဖြစ်နိုင်မယ့် နေရာတွေကိုလိုက်ပြပေးပါရှင် ... "

သူမ၏ စကားကြောင့် နယ်စားမင်း ဟန်ရိထန်၏ မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သို့သော် ...

သူသည်ကဟာကယာ ဣန္ဒြေဆည်၍ ပြုံးလိုက်ပြီး ပြောပြလေ၏။

"ကျုပ်က ဒီနယ်မြေကို ကျွမ်းကျင်ပြီးသားပါ ... အမှုအခင်းဖြစ်နိုင်မယ့်နေရာတွေကို မင်းကိုလိုက်ပို့ပေးပါ့မယ် ... ကျွန်တဲ့ ဂွေးယောက်ကတော့ ... သူတို့နည်းသူတို့ဟန်နဲ့ စုံစမ်းကြပါစေ ... "

ကျူးဝေဝေက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် နယ်စားမင်း"

သူမက စကားဆုံးသည်နှင့် ထိုင်ရာမှထကာ ဦးညွှတ်ဂါရဝပြုလိုက်၏။

"ကျွန်မကို သွားခွင့်ပြုပါဦး ... နယ်စားမင်း ... "

နယ်စားမင်း ဟန်ရိထန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... မိန်းကလေးကျူး ... မနက်ဖြန်မနက်ကျမှ ခင်ဗျားကို မှုခင်းဖြစ်ပွားနိုင်မယ် ... နေရာတွေလိုက်ပြပေးပါ့မယ် ... "

သူက ယင်းသို့ပြောပြီး ထိုင်ရာမှထကာ နံရံဆီသို့ လျှောက်သွားပြီး နံရံပေါ်မှ ဓလုတ်တစ်ခုအား ဖိနှိပ်လိုက်၏။

ထိုအခါ ...

အခန်းတံခါးပွင့်သွားလေသည်။

အခန်းတံခါးပွင့်သွားသည်နှင့် ကျူးဝေဝေသည် အခန်းအပြင်သို့ ထွက်ခွာသွားလေတော့၏။

ထို့နောက် ...

ရုတ်ခြည်းပင် အခန်းတံခါးက ပြန်လည်ပိတ်သွားသည်။

နယ်စားမင်း ဟန်ရိထန်သည် နှင်းပန်းပွင့်အလယ်၌ စိန်ပွင့်ကြီးမှနေ၍ ကျူးဝေဝေ သူမ၏အခန်းထဲသို့ ဝင်သွားသည်အထိ ငေးမောစိုက်ကြည့်နေမိသည်။

သူ၏ မျက်ဝန်းအစုံထဲတွင် ဝမ်းနည်းကြေကွဲခြင်း အရိပ်အယောင်များ ပေါ်လွင်နေသည်။

ဘယ်သူမပြုမိမိမှုပင် မဟုတ်ပါလား။ ခွဉ်သီးဝင်စိုက်လျှင် ခွဉ်သီးစားရပေလိမ့်မည်။ ဤအမှုအတွက် ကျူးဝေဝေ စိတ်ကျေနပ်သည်အထိ ရှင်းပြရပေတော့မည်။

နယ်စားမင်း ဟန်ရိထန်သည် သက်ပြင်းတစ်ချက်ကို ချလိုက်လေတော့သည်။

... ရှိသေး ...

အခန်း (၄၇)

သတိရှိသူ

ညနေခင်း ... ။

ညနေနေခင်းဆိုသော်လည်း နေရောင်မရှိတော့ပါ။ နှင်းများသာ တဖွဲဖွဲကျဆင်းနေပါသည်။

ညနေစောင်းသည်နှင့် ကျူးရှောင်လုံတို့လုစုအား အဖြူရောင် ဝတ်ဆင်းထားသည့် မိန်းကလေးများက ညနေစာကို တည်ခင်းကျွေးမွေးကြသည်။

ညနေစာစားသောအခါ နယ်စားမင်း ဟန်ရိထန်အား မတွေ့မြင်ရချေ။ ထို့ကြောင့် ...

ကျူးရှောင်လုံက သူ့အနီးရှိ စီးရှမ်းရှမ်းအား မေးလိုက်လေသည်။

"နယ်စားမင်း'ဟန်'ကော ... ညစာ မစားဘူးလား ... "

စီးရှမ်းရှမ်းက တည်ငြိမ်စွာပြန်ပြောလိုက်၏။

"နယ်စားမင်း ကိစ္စတစ်ခုရှိလို့ အပြင်သွားတယ် ... အစ်ကိုတို့ပဲ စားကြပါလို့ ... ကျွန်မကိုမှာခဲ့ပါတယ် ... "

ထိုစကားကြောင့် ကျူးရှောင်လုံမှာ ဘာမျှမပြောတော့ပေ။ သူတို့လုစုသည် ညနေစာကို တိတ်ဆိတ်စွာစားသောက်လိုက်ကြ၏။

ကျူးရှောင်လုံသည် အနီးရှိ စီးရှမ်းရှမ်းအား တစ်ချက်ငဲ့ကြည့်လိုက်သည်။

ထိုအခါ ...

စီးရှမ်းရှမ်းကလည်း သူ့အားစိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ထို့ကြောင့် ...

ကျူးရှောင်လုံ၏ ရင်ထဲ၌ ပြင်းထန်စွာလှုပ်ရှားသွားလေသည်။

ထိုမိန်းကလေးသည် သူ့အားအဆွဲဆောင်နိုင်ဆုံး မိန်းကလေးတစ်ယောက်အဖြစ် ကျူးရှောင်လုံသတ်မှတ်လိုက်မိလေတော့သည်။

ဤသို့ပင် ညနေခင်းလွန်ပြီး ညချမ်းသို့ရောက်ရှိလေသည်။

သန်းခေါင်ယံအချိန်သို့ပင် ရောက်ရှိလာလေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

နယ်စားမင်း ဂေဟာတစ်ခုလုံး အိပ်မောကျနေပြီဖြစ်၏။

သို့သော် ...

ကျူးရှောင်လုံ၏ အခန်းမှာ မီးရောင်များထိန်လင်းနေသည်။

ယခုအချိန်ထိ ...

ကျူးရှောင်လုံမှာ အိပ်မပျော်နိုင်သေးပါ။

သူသည် အလွန်ကြီးမားသော တာဝန်ဝတ္တရားဖြင့် ဟုန်ကျန်းနယ်သို့ရောက်လာသောသူ ဖြစ်သဖြင့် ရင်ထဲ၌တရားခံအစစ်အား အမြန်

ဆုံးဖော်ထုတ်လိုသော ဆန္ဒရှိနေသည်။ ဤကိစ္စကြီးမှာ နယ်စားကြီး ကျူးထိုက်ဖုန်း၏ အသက်နှင့်စက်နေသဖြင့် သူအတွက်ပို၍ တာဝန်ကြီး နေခြင်းဖြစ်သည်။

ထို့ကြောင့် ...

သူက ခုတင်ပေါ်၌ လဲလျောင်းရင်းမှ ထွက်ခွာလာသောခရီး ကို ပြန်လည်စဉ်းစားနေမိလေ၏။

"အင်း ... ငါတို့ထွက်လာတဲ့ ခရီးစဉ်ကို ပြန်စဉ်းစားရင်တော့ မသက်စရာအထောက်အထားဘာဆိုဘာမှ မတွေ့ခဲ့ရဘူး ... ကျိမုထိ တို့လူစုဟာ ဆီးနှင်းလွင်ပြင်ထဲမှာ တိုက်ပွဲဖြစ်ပြီး သေဆုံးခဲ့တာဖြစ် မယ် ... ကျူးယဲ့မင်းကတော့ ဒီယိစစ်မြို့တော်မှာပဲ လုပ်ကြံခံလိုက်ရ တာပဲဖြစ်မယ် ... ဒီယိစစ်မြို့ဟာ မြို့တော်ဖြစ်တဲ့အတွက် တရားဥ လည်း မြို့ထဲမှာပဲရှိနေမှာပဲ ... "

သူသည် ယင်းသို့စဉ်းစားရင်းမှ ယိစစ်မြို့၌ မသက်စရာအခြေ အနေရှိမည့် နေရာများအား ဆက်လက်စဉ်းစားလိုက်ပြန်သည်။

"ယိစစ်မြို့မှာလည်း ... မသက်စရာဆိုလို့လည်း ငါဘယ်သူကို မှ မတွေ့နိုင်ခဲ့ဘူး ... တွေ့နိုင်ရအောင်လည်း ... ငါတို့ဒီမြို့ကိုရောက်လာ တာ ... နှစ်ရက်မပြည့်သေးဘူး ... နယ်စားမင်း ဟန်ရီထန်နဲ့ ခင်မင်ရင်း နှီးပြီး ... သူ့ဇေဟာကို လိုက်လာခဲ့ရတာကိုး ... "

ထိုသို့တွေးလိုက်မိသည်နှင့် ကျူးရှောင်လုံ၏ အတွေးထဲ၌ နယ်စားမင်း ဟန်ရီထန်ပုံရိပ်များကို ပြန်လည်မြင်ယောင်လာမိသည်။

နယ်စားမင်း ဟန်ရီထန်သည် အသက်အရွယ်ငယ်ရွယ်သူ တစ်ယောက်ဖြစ်၏။

ထို့ကြောင့် ...

သူ၏ သိုင်းပညာထက်မြက်မှုကြောင့် နယ်စားမင်းရာထူးကို ရရှိခဲ့ဟန်တူသည်။

သို့ဆိုလျှင် ...

နယ်စားမင်းဖြစ်နိုင်သည့် သိုင်းပညာမှာ ကြောက်ဓမန်းလိလိ ထက်မြက်လှပေမည်။

ထိုသို့ထက်မြက်မှသာ ဟုန်ကျန်းတစ်နယ်လုံးကို အုပ်ချုပ်နိုင် မည့် နယ်စားမင်းရာထူးကို ရနိုင်မည်ဖြစ်သည်။

"အင်း ... နယ်စားမင်း ဟန်ရီထန်ဟာ သိုင်းပညာအလွန် ထက်မြက်ပြီး လိမ္မာပါးနပ်ပုံရတယ် ... သူ့ရဲ့ဇေဟာထဲမှာလည်း ... လျှို့ဝှက်တဲ့ခါးတွေတပ်ဆင်ထားပြီး ... လျှို့ဝှက်ဓလုတ်တွေနဲ့ ဖွင့်စေ ငိတ်စေတယ် ... သူကိုမြင်နေရတာ ယွမ်ယိဝိုင်းကိုပြန်မြင်ရသလိုပဲ ... သူဟာ ယွမ်ယိဝိုင်းများ ဖြစ်နေမလား ... ဒါလည်းမဖြစ်နိုင်ပါဘူး ... ယွမ်ယိဝိုင်းဟာ ဆင်းရဲနွမ်းပါးပြီး ... ဒီလောက်လည်း ... သိုင်းပညာ ထက်မြက်ပုံမရပါဘူး ... ဘာပဲဖြစ်ဖြစ်လေ ဟန်ရီထန်ကို ငါတို့သတိ ထားရမယ် ... "

သူက ထိုသို့စဉ်းစားနေစဉ်မှာပင် ဂုတ်တရက်သူ၏ အခန်း ကဲခါးပွင့်သွားလေ၏။

တဆက်တည်းမှာပင် ...

အလွန်ရုပ်ရည်လှပ၍ ဓနုဂကိယ်အချိုးအဆစ် ပြေပြစ်လှ သော မိန်းကလေးတစ်ယောက် အခန်းထဲသို့ ဝင်လာလေ၏။

ထိုမိန်းကလေးသည် ဂိုးဟျောညဝတ်အင်္ကျီကို ဝတ်ဆင်ထား သည်။

သူမ၏ လမ်းလျှောက်ပုံမှာ ခဲ့နောင်းညင်သာ၍ ကျူးရှောင်

လုံ၏ နှလုံးသားကို ဆူပွက်စေသည်။

အဘယ်ကြောင့်ဆိုသော် ...

ပိုးသားအပျော့ကို ဝတ်ဆင်ထားသော သူမ၏ခြေလှမ်းတစ်လှမ်း,လှမ်းလိုက်တိုင်း ကျစ်လျစ်သွယ်တန်းသော မေငိတ်လေးများအား ထင်ရှားစွာ မြင်တွေ့နေရသောကြောင့်ဟုဆိုသည်။

ထိုမိန်းကလေးမှာ စီးရှမ်းရှမ်းပင်ဖြစ်သည်။

သူမသည် အရက်အိုးလေးတစ်လုံးကို လက်တစ်ဖက်က ကိုင်လျက် ကျန်လက်တစ်ဖက်မှ အရက်ခွက်နှစ်လုံးကိုင်ကာ ဝင်ရောက်လာခြင်းဖြစ်၏။

ကျူးရှောင်လုံမှာ အသက်ရှူရန် မေ့လျော့ပြီး ငေးကြည့်နေမိလေ၏။

သူ၏ မျက်လုံးအစုံက စီးရှမ်းရှမ်းအား စူးစိုက်ကြည့်နေမိသည်။

ထိုအခါ ...

စီးရှမ်းရှမ်းက လှုပ်ရွာပြုံးလိုက်သည်။

"ရှင်အိပ်မပျော်သေးဘူးလား ဟင် ... "

ကျူးရှောင်လုံက အိပ်ရာမှကပျာကယာထလိုက်၏။

ပြီးမှ ...

သူသည် ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ် ... ဒါနဲ့ မင်းက ဘာကိစ္စရှိလို့ ... ကျွပ်အခန်းထဲကို ဝင်လာတာလဲ ... "

သူ၏ စကားကြောင့် စီးရှမ်းရှမ်း၏ မျက်ခုံးလေးနှစ်ဖက်မှာ အပေါ်ဘက်သို့ မော့တက်သွား၏။

ထို့နောက် ...

သူမသည် ခန္ဓာကိုယ်အား လှုပ်ရှမ်း၍ ရယ်မောလိုက်ပြီး ခပ်သွက်သွက်ပြောလေ၏။

"ခစ် ... ခစ် ... ခစ် ... ရှင်ကလည်း စကားပြောတာ သူစိမ်းဆန်လိုက်တာရှင် ... ရှင်တို့နဲ့ကျွန်မတို့က ချည့်သည်နဲ့အိမ်ရှင်ပဲ ... စကားအဖြစ်ပြောရမယ်ဆိုရင် ... မိတ်ဆွေတွေပေါ့ရှင် ... ဟုတ်တယ်မဟုတ်လား ... "

သူမ၏ စကားသံမှာ ချိုသာလွန်းလှသည်။

ကျူးရှောင်လုံသည် သူမအား မျက်တောင်မခတ်စိုက်ကြည့်ရင်း မှင်တက်နေသူအလား ဖြစ်သွားမိသည်။

အတန်ကြာမှ ...

သူသည် သတိဝင်လာပြီး စဉ်းစားမိလိုက်၏။

"စီးရှမ်းရှမ်းဟာ ... အတော်လှတဲ့ မိန်းကလေးတစ်ယောက်ပါလား ... ဘာပဲဖြစ်ဖြစ် ... သူ့ရဲ့အမူအရာတွေက ချိုသာလွန်းတယ်... အသက်ကို ဉာဏ်စောင့်တယ်တဲ့ ... ငါသတိထားမှဖြစ်မယ် ... "

သူဤသို့တွေးမိလိုက်သောအခါ စီးရှမ်းရှမ်း၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိနေသည့် သူ့အကြည့်ကို မျက်နှာလွဲလိုက်၏။

ထိုအချိန်တွင် ...

စီးရှမ်းရှမ်းသည် သူ့ဆီသို့ အရက်တစ်ခွက်လှမ်းပေးသည်။

"ရော့ ... ရှင်လည်း ပျင်းနေမှာပဲ ... သောက်လိုက်ဦး ... "

သူမ၏ စကားသံက ချိုသာပျော့ပျောင်းလှသည်။

ကျူးရှောင်လုံသည် သတိရှိရှိနဲ့ အရက်ခွက်ကို လှမ်းယူလိုက်ပြီး စီးရှမ်းရှမ်းအား စူးစိုက်စွာအကဲခတ်ကြည့်လိုက်၏။

စီးရှမ်းရှမ်းမှာ နက်မှောင်သန်စွမ်းရှည်လျားသော ဆံကေသာများ ပိုင်ရှင်ဖြစ်သည်။

ယခု ...

သူမ၏ ရှည်လျားသော ဆံကေသာများအား အကုန်သိမ်းကာ ဆံထုံးထုံးဖွဲ့ထား၏။

သူမ၏ ဆံထုံး၌ လှပသောဆံထိုးလေးများထိုးစိုက်ထားလေသည်။

ယင်းဆံထိုးကလေးများမှာ စီးရှမ်းရှမ်း၏ ခန္ဓာကိုယ်လှပ်ရှားလိုက်တိုင်း ယိမ်းခွဲ့လှပ်ရှားနေလေ၏။

စီးရှမ်းရှမ်းက သူ့အားပြန်လည်၍ စူးစိုက်ကြည့်လိုက်ပြီး ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘယ်လိုလဲ ... ကြည့်လှချည်လားရှင် ... ဘာလဲ ... ကျွန်မက သိပ်လှနေလို့လား ... "

သူမ၏ စကားကိုကြားသောအခါမှ ကျူးရှောင်လုံမှာ သတိဝင်လာသည်။ သူသတိထားရင်း တစ်ချက်တစ်ချက် သတိလွတ်သွားသည်။

သူက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... မင်းသိပ်လှတယ် ... "

သူက ယင်းသို့ပြောရင်းမှ အရက်ခွက်ကို ဆိတ်ခနဲမော့ချလိုက်ပြီး စားစွဲပေါ်သို့ ပြန်တင်လိုက်လေ၏။

"ခစ် ... ခစ် ... ခစ်"

ရုတ်တရက် စီးရှမ်းရှမ်း၏ ရယ်မောသံနှင့်အတူ သူမ၏နှုးညံ့ပျော့ပျောင်းသောလှသော လက်ဖဝါးလေးနှစ်ဖက်က ကျူးရှော

၏ ခါးကိုလာရောက် သိမ်းဖက်လိုက်၏။ ကျူးရှောင်လုံသည် စီးရှမ်းရှမ်း၏ လက်ကိုဖယ်ထုတ်မည်ကြံလိုက်သော်လည်း တကယ်တမ်းမဖယ်မိပါချေ။

ထိုအခါ ...

ကျူးရှောင်လုံ၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲတောင့်တင်းသွားသည်။

တဆက်တည်းမှာပင် သူ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ သွေးများလှိုက်ဆူလာသည်ဟု ထင်လိုက်မိ၏။

ယခု ... ကျူးရှောင်လုံမှာ ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါ။

သူက စီးရှမ်းရှမ်း၏ ပခုံးနှစ်ဖက်အား ရင်ခွင်ထဲသို့ ကြမ်းတမ်းစွာ ဆွဲသွင်းလိုက်လေသည်။

စီးရှမ်းရှမ်းကလည်း သူ၏ကျောပြင်အား လက်ဖဝါးဖြင့် ညင်သာစွာ ပွတ်သပ်ပေးနေသည်။

ကျူးရှောင်လုံမှာ အသိတရားများကင်းလွတ်မတတ်ဖြစ်သွားချိန်တွင် ရုတ်တရက် သူမ၏ညာဘက်လက်ကလေးက ဦးခေါင်းပေါ်ရှိ ဆံထိုးတစ်ခုဆီသို့ ရောက်ရှိသွားသည်။

တစ်ဆက်တည်းမှာပင် ...

သူမက ကျူးရှောင်လုံ၏ လည်တိုင်ဆီသို့ ဆံထိုးကလေးဖြင့် အားကုန် ထိုးစိုက်ချလိုက်၏။

ရုတ်တရက်ကျူးရှောင်လုံသည် လည်ပင်းကို ရှောင်လိုက်ပြီး သူမအား ဖက်တွယ်ထားရာမှ အားကုန်တွန်းထုပ်လိုက်သည်။

"ဝုန်း ... "

စီးရှမ်းရှမ်း၏ ခန္ဓာကိုယ်က အဝေးသို့လွင့်စဉ်သွားသည်။

သို့သော် ...

သူမသည် ရုတ်ခြည်းပင် ပြန်လည်၍မတ်တတ်ထရပ်လိုက်၏။ သူမ၏ သိုင်းပညာကို ကျူးရှောင်လုံတွေ့ရှိသွားလေပြီ။

ကျူးရှောင်လုံမှာ တွေဝေမနေရဲတော့ပေ။

သူသည် စီးရှမ်းရှမ်းဆီသို့ ခုန်ဝင်ကာ လျှပ်တစ်ပြက် သူမ၏ ခန္ဓာကိုယ်ပေါ်မှ အရေးကြီးသော သွေးကြောနေရာ ခြောက်ခုကို ဝိတ်လိုက်သည်။

ထိုအခါ ...

စီးရှမ်းရှမ်း၏ ခန္ဓာကိုယ်မှာ ခွေပျော့ကျသွားလေ၏။

ယခု ...

သူမ၏ ညို့ယူဆွဲဆောင်လေ့ရှိသော မျက်လုံးများကာ ကြမ်းတမ်းခက်ထန်လှသော ကျားသစ်ရိုင်းမလေးတစ်ကောင်အလား ကြမ်းတမ်း ရိုင်းစိုင်းစွာ ကြည့်နေသည်။

ထိုအချိန်တွင် ...

ကျူးရှောင်လုံက သူမအားပြုံးပြလိုက်သည်။

"မင်းသိပ်လှပါတယ် ... ဒါပေမယ့် ... ကျုပ်ဟာ ရာဇဝတ်မှုနိမ့်နင်းရေးအဖွဲ့က လူတစ်ယောက်ဆိုတာ ... မင်းမသိဘူးဆိုတာ သေချာတယ် ... တို့အဖွဲ့ဝင်တွေဟာ ... ဒီလောက်မည့်ကြဘူးကွယ်..."

သူက ယင်းသို့ပြောပြီး စီးရှမ်းရှမ်းအား စေ့စေ့ကြည့်လိုက်၏။

"ကဲ ... မင်းဘာရည်ရွယ်ချက်နဲ့ ကျုပ်ကိုလုပ်ကြံတာလဲ ... ဘာရည်ရွယ်ချက်ဆိုတာထက် ဘယ်သူလုပ်ကြံခိုင်းလဲဆိုတာကို ကျုပ်သိချင်တယ် ... ဒီလောက်တော့ ... မင်းပြောပြနိုင်မယ်လို့ ထင်ပါတယ် ..."

စီးရှမ်းရှမ်းက သူ့အားမဲ့ပြုံး ပြုံး၍ကြည့်လိုက်သည်။

"ရှင်က ကျွန်မတို့ဟုန်ကျန်းနယ်က ... တထျန်လူမျိုးတွေကို အထင်သေးတာကိုး ..."

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ ..."

စီးရှမ်းရှမ်းက အေးစက်ခက်ထန်သော မျက်နှာထားဖြင့် ပြောလေ၏။

"ကျွန်မတို့ ဟုန်ကျန်းနယ်က တထျန်လူမျိုးတွေဟာ ... သတ္တိရှိတယ် ... ရဲရင့်တယ် ... ကိုယ့်လူမျိုးအတွက် အသက်ကိုအသေခံရဲတယ် ... ရှင်တို့ ပိုက်ဟူနယ်က တထျန်လူမျိုးတွေဆီမှာ ဘယ်တော့မှ ဒူးမထောက်ဘူး ... ရှင်မယုံရင်စမ်းကြည့်နိုင်တယ် ..."

ထိုအခါ ...

ကျူးရှောင်လုံက အားပါးတရရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... မင်းကို ကျုပ်ကသွေးကြောဝိတ်ပြီးမေးတာကို မင်းက မကျေမနပ်ဖြစ်နေတာကိုး ..."

စီးရှမ်းရှမ်းက ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်၏။

"ဟုတ်တယ် ... ဒီတစ်ခါ ရှင်မှန်သွားပြီ ..."

ကျူးရှောင်လုံက သူမအား စူးစိုက်စွာကြည့်လိုက်သည်။

"ကောင်းပြီ ... ဒါဆိုရင် ကျုပ်မင်းကိုသွေးကြောဖွင့်ပေးမယ် မင်းအမှန်အတိုင်းပြောပြနိုင်မလား ..."

စီးရှမ်းရှမ်းက ခေါင်းညိတ်ပြလိုက်သည်။

ထိုအခါ ... ကျူးရှောင်လုံက သူမ၏သွေးကြောများကို ပြန်လည်ဖွင့်ပေးလိုက်၏။

သွေးကြောမွှင့်ပေးလိုက်သည်နှင့် စီးရှုမ်းရှုမ်းသည် လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေတော့သည်။

သူမတို့က်ခိုင်လိုက်သည်။ ကျူးရှောင်လုံကို တိုက်ခိုက်ခြင်းမဟုတ်ပါ။

သူမ၏ ဦးခေါင်းပေါ်မှ ဆံထိုးကိုဆွဲဖြုတ်နတ်ယူလိုက်ပြီးနောက် သူမ၏ လည်တိုင်ဆီသို့ ထိုးသွင်းစိုက်ချခြင်းပင်ဖြစ်ပါတော့သည်။

ကျူးရှောင်လုံမှာ ရင်ထိတ်သွားည်။

သူက ဟန့်တားရန် စီးရှုမ်းရှုမ်း၏လက်အား ရိုက်ပုတ်ဖယ်ရှားလိုက်သော်လည်း အချိန်မမီတော့ပါချေ။

စီးရှုမ်းရှုမ်း၏ ခန္ဓာကိုယ်ကရုတ်ခြည်းပျော့ခွေကာ ကြမ်းပြင်ပေါ်သို့လဲကျသွားလေ၏။

တစ်ဆက်တည်းမှာပင် ...

သူမ၏ မျက်နှာတစ်ခုလုံး ညိုမည်းလာပြီး ခန္ဓာကိုယ်တစ်ခုလုံး ပုံ့နှံ့သွားသည်။ အဖြူရောင် မိန်းကလေးမှ အမည်းရောင် မိန်းကလေးအဖြစ်သို့ ပြောင်းလဲသွားလေ၏။

ကျူးရှောင်လုံမှာ အလွန်ထိတ်လန့်တုန်လှုပ်သွား၏။

"အင်း ... အတော်ကြောက်စရာကောင်းတဲ့ အဆိပ်ပါလား"

သူက ယင်းသို့တီးတိုးရေရွတ်လိုက်ပြီးနောက် နယ်စားမင်းဟန်ရီထန်အား သတိရလာမိသည်။

ကျူးရှောင်လုံမှာ မုန့်ပြုးပြုးလိုက်သည်။

"ဟန်ရီထန်ဟာ ... ဟုန်ကျန်းနယ်က နယ်စားမင်းဆိုတော့ ကျွန်ုပ်တို့ပိုက်ဟူနယ်က တထွန်လူမျိုးတွေကို အငြိုးနဲ့ကို ရုတ်ရုတ်

စက်စက်လှုပ်ကြံနေတာပဲ ... ကျွန်ုပ်တို့ ဘုရင်မင်းမြတ်ရဲ့ လက်ဆောင်ပဏ္ဏာဖြစ်တဲ့ ... ရတနာသေတ္တာကို လုယက်ပြီး ကျွန်ုပ်တို့နိုင်ငံနဲ့ စီးပွားနိုင်ငံအကြား အထင်အမြင်လွဲမှားပြီး ... စစ်မက်ဖြစ်ပွားအောင်လုပ်နေတဲ့ ... မင်းရဲ့အကြံကို ကျွန်ုပ်သိပါတယ် ... "

သူက ထိုသို့စဉ်းစားမိသောအခါ နယ်စားမင်း ဟန်ရီထန်၏ အခန်းဆီသို့သွားရန် အခန်းနံရံမှ ခလုတ်ရှိရာသို့ လျှောက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ် ...

"ချွမ်း ... "

ရုတ်တရက် ...

သူ့အခန်းတစ်ဘက်ပြတင်းပေါက်မှ မှန်များကွဲရှုံးနှင့်အတူ အခန်းတွင်းသို့ လူရိပ်တစ်ခု ခုန်ဝင်လာလေ၏။

ကျူးရှောင်လုံမှာ ရင်ထိတ်သွားပြီး ခန္ဓာကိုယ်ကို ချာခနဲလှည့်ကာကြည့်လိုက်၏။

"ဟင် ... "

ထိုအခါ ...

ကျူးရှောင်လုံမှာ မျက်လုံးပြူးသွားသည်။

ဘယ်ကြောင့်ဆိုသော် ...

ပြတင်းတံခါးမှန်အား ခွဲဖျက်ဝင်ရောက်လာသူမှာ အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး ငွေရောင်မျက်နှာဖုံးကို တပ်ဆင်ထားသောကြောင့်တည်း။

ထိုငွေရောင်မျက်နှာဖုံး တပ်ဆင်ထားသူသည် ရုတ်တရက် ကျူးရှောင်လုံ၏ ခန္ဓာကိုယ်ပေါ်သို့ ခုန်အုပ်လိုက်၏။

"ဝုန်း ... "

ထို့နောက် ပြင်းထန်စွာ တိုက်ခိုက်သည်။

ကျူးရှောင်လုံကလည်း ပြန်လည်ခုခံတိုက်ခိုက်ရလေ၏။

သိုင်းကွက်ဆယ်ကွက်ကျော်သည်အထိ မည်သူမျှ အသာစီး မရဘဲ ဖြစ်နေသည်။

ရုတ်တရက် ...

ဌေရောင်မျက်နှာဖုံးတပ်ဆင်ထားသူ၏ လက်ထဲမှ ဌေရောင် အလင်းတန်းတစ်ခု ကျူးရှောင်လုံ၏ လည်မျိုဆီသို့ ပစ်လွှင့်လာသည်။

ကျူးရှောင်လုံမှာ ရင်ထိတ်သွားသည်။

သူသည် ကဗျာကယာ ရှောင်တိမ်းလိုက်လေ၏။

ထို့ကြောင့် ...

ဌေရောင်အလင်းတန်းလေးသည် လွဲချော်ပြီး အောက်သို့ ကျသွားလေ၏။

"ချွမ် ... "

ဌေရောင်မျက်နှာဖုံး စွပ်ထားသူသည် အခြေအနေမဟန်မှန်း နားလည်သွားသည်။

သူသည် ခုန်ဝင်လာသော ပြတင်းတံခါးပေါက်မှပင် ပြန်လည် ခုန်ထွက်သွားလေတော့သည်။

ကျူးရှောင်လုံကလည်း ထိုအပေါက်မှပင် လိုက်လံခုန်ထွက် လိုက်သည်။

သို့သော် ...

သူအပြင်ဘက်သို့ ရောက်ရှိလာသောအခါ ဌေရောင်မျက်နှာ ဖုံးစွပ်တပ်ဆင်ထားသူ၏ အရိပ်အယောင်ကိုပင် မမြင်တွေ့ရတော့ချေ။

ကျူးရှောင်လုံမှာ သက်ပြင်းတစ်ချက်ချလိုက်ပြီး အခန်းထဲသို့ ပြန်လည်ဝင်ရောက်လိုက်လေ၏။

အခန်းထဲသို့ရောက်သောအခါ သူ၏မျက်လုံးအစုံမှာ ဝိုင်းစက် ပြူးကျယ်သွားသည်။

"ဟာ ... "

သူက တအံ့တသြဖြင့် ရေရွတ်လိုက်မိ၏။

အာယ်ကြောင့်ဆိုသော် ...

လဲကျသေဆုံးနေသော စီးရှမ်းရှမ်း၏ အလောင်းက အခန်းထဲ မှ ပျောက်ခြင်းမလှပျောက်ဆုံးသွားလေပြီ မဟုတ်ပါလား။

သူသည် အခန်းတံခါးဆီသို့ ဆတ်ခနဲလှမ်းကြည့်လိုက်၏။

အခန်းတံခါးကတော့ ပိတ်လျက်ပင်။

ကျူးရှောင်လုံမှာ ဒေါသထွက်သွားသည်။

သူသည် တက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်မိ၏။

"တောက် ... မင်းတို့လျှင်တုန်းတော့ နေနှင့်ဦးပေါ့ကွာ ... "

သူက ယင်းသို့ရေရွတ်ပြောဆိုရင်း အခန်းထဲ၌ လှည့်ပတ် ရှာဖွေကြည့်လိုက်သည်။

ရုတ်တရက် ...

သူ၏ စူးရှသော မျက်လုံးအစုံက အခန်း၏ကြမ်းပြင်ပေါ်မှ ဌေရောင်ဝင်းလက်တောက်ပနေသော အရာဝတ္ထုလေးတစ်ခုအား တွေ့မြင်လိုက်ရသည်။

ထိုအရာဝတ္ထုလေးမှာ ဌေရောင်မျက်နှာဖုံးစွပ်တပ်ဆင်ထား သူက သူ၏လည်မျိုသို့ ပစ်လွှင့်ခဲ့သော အရာဝတ္ထုလေးဖြစ်သည်။

ကျူးရှောင်လုံ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေသည်။

သူက ယင်းအရာဝတ္ထုလေးအား လျင်မြန်စွာ ကောက်ယူကြည့်ပြီး ကျေနပ်စွာပြုံးလိုက်လေ၏။

ထိုအရာဝတ္ထုလေးမှာ ငွေရောင်ဓားပျဉ်လေးဖြစ်ပါသည်။

... ...

အခန်း (၄၈)

တရုတ်

နံနက်ခင်း ... ။

နံနက်ခင်း၏ နေရောင်ခြည်သည် ကျူးရှောင်လုံ၏ အခန်းတစ်ခုလုံးအား နွေးထွေးစွာ လွှမ်းခြုံထားသည်။

ထိုအချိန်မှာပင် ကျူးရှောင်လုံသည် အိပ်ရာမှနိုးလာလေ၏။

သူက အိပ်ရာထက်တွင်လဲလျောင်းရင်းမှ ညတုန်းဆီမှ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားနေမိသည်။

ထိုအချိန်တွင် ... သူ၏ အခန်းတံခါးမှာ ပွင့်သွားလေသည်။

"ကျီ ... "

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

သူသည် ဆတ်ခနဲထ,ထိုင်လိုက်လေ၏။

အခန်းထဲသို့ ဝင်လာသူမှာ ကျူးဝေဝေဖြစ်သည်။

ကျူးဝေဝေသည် မန်းနရောင် ဝတ်စုံရှည်ကို လှပစွာဝတ်ဆင်ထားပြီး သူမ၏ဆံနွယ်ရှည်များကို စုသိမ်း၍ မန်းနရောင်ပိုးပဝါလေးဖြင့် ချည်နှောင်ထားလေ၏။

သဘောကောင်းသူဖြစ်ပါစေ ... သူဟာ ဟုန်ကျန်းနယ်က တထျန်လူမျိုးတစ်ယောက်ဆိုတာတော့ ... ညီမလေး မမေ့လိုက်ပါနဲ့ ... "

ကျူးဝေဝေမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ရှင် ... ဘာဖြစ်လို့လဲ အစ်ကို ... ဘာများထူးခြားချက်တွေ့လို့လဲ အစ်ကို ... "

ကျူးရှောင်လုံက ပြုံးလိုက်သည်။

"ဒီလိုပါ ... ဟုန်ကျန်းနယ်သား တထျန်လူမျိုးတွေဟာ ... ကောက်ကျစ်တယ် ... ရက်စက်တယ် ... သူတို့လူမျိုးကောင်းစားဖို့ဆိုရင် ... ဘာအလုပ်မျိုးကိုမဆို လုပ်ရဲတယ် ... လုပ်ဝံ့တယ် ... နောက်ဆုံး ... သူတို့အသက်ကိုပါ စွန့်ဝံ့ကြတယ် ... ဒီလိုသူတို့ရဲ့စိတ်ဓာတ်တွေကို သိထားရင် ... သူတို့နဲ့ဆက်ဆံတဲ့အခါမှာ ... သတိမလစ်ပါစေနဲ့ မပေါ့ဆပါနဲ့ ... ဟုန်ကျန်းလူတိုင်းကို သတိထားရမယ် ... "

သူ၏ စကားကြောင့် ကျူးဝေဝေမှာ တွေဝေသွားသည်။

ထိုအခါ ...

ကျူးရှောင်လုံသည် သူမကို ပြုံး၍ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

"ကဲပါ ... ညီမလေးရယ် ဘာမှသိပ်စဉ်းစားမနေပါနဲ့ ... အခုမင်းကို အစ်ကိုတာဝန်တစ်ခုပေးမယ် ... "

ကျူးဝေဝေက သူ့အား မော့ကြည့်လိုက်၏။

"ပြောပါ အစ်ကို ... "

ကျူးရှောင်လုံက တည်ငြိမ်စွာပြောသည်။

"ညီမလေး အခုနယ်စားမင်း ဟန်ရီထန်နဲ့ အပြင်သွားမယ်ဆို

သူမ၏ မျက်နှာလေးမှာ နှင်းပန်းပွင့်လေးတစ်ပွင့်ပမာ ဖြူမွေးနုနယ်၍ လှပနေသည်။

သူမက ကျူးရှောင်လုံအနီးသို့ လျှောက်လာပြီး ဦးညွှတ်ဂါရဝပြုလိုက်သည်။

ညီမဖြစ်သူအားကြည့်၍ ကျူးရှောင်လုံ မျက်လုံးပြူးသွားသည်။

"ဟာ ငါ့ညီမ ဒီနေ့ သိပ်လှနေပါလားကွ ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏မျက်နှာလေးမှာ နီရဲသွားသည်။

သူမက ရှက်ရွံ့စွာဖြင့် ပြောကြားလေ၏။

"ဟို ... ဟိုလေ ... ညီမလေး အပြင်ဧဏာသွားချင်လို့ ... အစ်ကိုရှောင်လုံကို ခွင့်လာတောင်းတာပါ ... "

ကျူးရှောင်လုံမှာ မျက်မှောင်ကုတ်သွားသည်။

"ငါ့ညီမတစ်ယောက်တည်းတော့ မဟုတ်ဘူးထင်တယ် ... "

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... နယ်စားမင်း 'ဟန်' နဲ့အတူ မှုခင်းဖြစ်ပွားနိုင်မယ့် နေရာတွေကို သွားစုံစမ်းမလို့ပါ ... "

ထိုစကားကြောင့် ကျူးရှောင်လုံ၏ မျက်နှာမှာတည်ကြည်လေးနက်သွားသည်။

"သူက ညီမလေးကို လိုက်ပို့ပေးမယ်လို့ ပြောထားလို့လား"

"ပြောထားပါတယ် အစ်ကို ... "

"အေးလေ ... ဘာပဲဖြစ်ဖြစ် ဟန်ရီထန်ဟာ ဘယ်လောက်ပဲ

ထိုအချိန်တွင် ...

ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့သည် သူ၏အခန်းထဲသို့ လှမ်းဝင်လာကြသည်။

ကျူးစုဖန်က သူ့အား မျက်မှောင်ကုတ်ကြည့်လိုက်၏။

"ဟာ ... အစ်ကိုရှောင်လုံက တစ်ယောက်တည်းပြီးနေပါလား ... "

ကျူးရှောင်လုံက သူတို့အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး မေးခွန်းထုတ်လိုက်၏။

"မင်းတို့ကိုငါတစ်ခုမေးမယ် ... အမဲလိုက်တဲ့မုဆိုးဟာ ... တောကောင်ရဲ့ခြေရာကိုခံမိပြီဆိုရင် စိတ်ထဲမှာ ဘယ်လိုနေမလဲ ... "

ကျူးစုဖန်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ဟာ ... ဒီလိုဆိုရင် မုဆိုးကသိပ်ပျော်သွားမှာပေါ့ ... "

"အေး ... ငါပြီးနေတော့ အဲဒီမုဆိုးရဲ့ အပျော်မျိုးရင်ထဲမှာ ပျော်နေမိလို့ကွ ... အခု ... တရားခံကို ငါခြေရာခံမိပြီ ... "

"ဘယ်သူလဲ ... အစ်ကိုရှောင်လုံ ... "

"မင်းတို့အားလုံး တရားခံဟာဘယ်သူလဲဆိုတာ မသိချင်နဲ့ဦး.... အခုလောလောဆယ် ... ကျင်းဝမ်လင်နဲ့ လွင်ရှမ်းရင်တို့က ဒီနေရာမှာနေပြီး ... လူဝင်လူထွက်ကို စောင့်ကြည့်ပေးပါ ... ငါ နယ်စားမင်း ဟန်ရိထန်ရဲ့အခန်းထဲဝင်မယ် ... ကျူးစုဖန် ... မင်းက သမက်ကစရာလူတွေ့ရင် ... ချက်ချင်းနောက်ယောင်ခံပြီး စုံစမ်းပါ ... ဒါပေမယ့် ... ညနေဆည်းဆာအချိန် မရောက်ခင် ... ငါ့ရဲ့အခန်းမှာ အားလုံးပြန်ဆုံကြမယ် ... ငါဒီလောက်ပြောရင် မင်းတို့သိလောက်ပြီ"

ရင် ... ညနေဆည်းဆာအချိန်မရောက်ခင် ပြန်လာပါ ... အရေးကြီးတဲ့စကားပြောစရာရှိတယ် ... နောက်တစ်ခုက ညနေဆည်းဆာအချိန်မရောက်မချင်းပြန်မလာပါနဲ့ ... ကဲ ... သွားတော့ ... "

ကျူးဝေဝေ စဉ်းစားလေ၏။

သို့သော် ...

သူဘာမျှ မတွေးမခေါ်ပါ။

အတန်ကြာမှ ...

သူမက ခေါင်းညိတ်ပြလိုက်ပြီး အခန်းပြင်သို့ လှမ်းထွက်လိုက်လေ၏။

အခန်းပြင်တွင် နယ်စားမင်း ဟန်ရိထန်သည် သူမအား လှမ်းစောင့်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထို့အတူ ...

ကျူးရှောင်လုံကလည်း အခန်းတွင်းမှနေ၍ သူ့အားလှမ်းတွေ့လိုက်၏။

သူသည် စိုးရိမ်သွားမိလေ၏။

"ဟင် ... ငါညီမလေးကို မှာလိုက်တဲ့စကားကို နယ်စားမင်း ဟန်ရိထန်ကြားသွားပြီလား မသိဘူး ... "

သူကြည့်နေစဉ်မှာပင် နယ်စားမင်း ဟန်ရိထန်နှင့်ကျူးဝေဝေမှာ ထွက်ခွာသွားလေတော့သည်။

ကျူးရှောင်လုံသည် နယ်စားမင်း ဟန်ရိထန်နှင့်ကျူးဝေဝေ ပျောက်သွားသည်အထိ ကြည့်ပြီးပြီး၍ ခေါင်းတဆတ်ဆတ်ညိတ်၏။

သူ၏စကားကြောင့် ကျူးစုဖန်၏မျက်နှာပေါ်တွင် ရုတ်ခြည်းပင် အံ့သြရိပ်ယှက်သန်းသွားလေ၏။

"အစ် ... အစ်ကိုရှောင်လုံပြောတဲ့အတိုင်းဆိုရင် ... တရားခံဟာ နယ် ... နယ်စား ... "

ကျူးရှောင်လုံက သူ၏ပါးစပ်ကို လှမ်းပိတ်လိုက်သည်။

ထို့နောက် သူကခေါင်းညိတ်ပြလိုက်၏။

"ကဲ ... မင်းတို့အားလုံးတာဝန်ကို ပိပိရိရိ ထမ်းဆောင်ကြပါ... တကယ်လို့ သူလူတွေရောက်လာပြီး ... ကျုပ်ကို မေးတယ်ဆိုရင် အပြင်သွားတယ်လို့ ပြောထားပါ ... ကျုပ်သူ့ကိုညီမလေးကျူးဝေဝေနဲ့ အတူ အပြင်ကိုပဲထုတ်ထားတယ် ... အားလုံးကျုပ်ပြောတာ သဘောပေါက်တယ်နော် ... "

ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့က ပြိုင်တူခေါင်းညိတ်ပြလိုက်လေ၏။

ကျူးရှောင်လုံက အခန်းတွင်းသို့ဝင်သော လမ်းကျဉ်းကလေးအား တစ်ချက်ကြည့်လိုက်ပြီး ကျူးစုဖန်အား မေးခွန်းထုတ်ပြလိုက်၏။

ထိုအခါ ...

ကျူးစုဖန်က သွက်လက်စွာပင် ထိုလမ်းကျဉ်းကလေးထဲသို့ လျှောက်သွားပြီးနောက် တံခါးဖွင့်သောခလုတ်ကို ဆွဲဖွင့်လိုက်သည်။

"ကွိ် ... "

တံခါးပွင့်သောအခါ စင်မြင့်အပေါ်ဆုံးထပ်ရှိ စကြ်လမ်းအားမြင်တွေ့လိုက်ရလေသည်။ သူက စကြ်လမ်းသာမက အောက်ထပ်ခန်းမကြီးအထိ ကြည့်လိုက်လေ၏။

ခန်းမကြီးထဲ၌ လူသူတစ်စုံတစ်ယောက်မှမရှိဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျူးစုဖန်က အစ်ကိုဖြစ်သူ ကျူးရှောင်လုံဘက်သို့ လှည့်ကာပြောလိုက်၏။

"အစ်ကိုရှောင်လုံ ... အပြင်မှာ ဘယ်သူမှမရှိဘူး ... လူပ်ရှားလို့ရပြီ ... "

သူ၏စကားဆုံးသောအခါ ကျူးရှောင်လုံက ဦးခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး နယ်စားမင်း ဟန်ရိထန်၏ နှင်းပွင့်တံခါးဆီသို့ လျှင်မြန်စွာ လျှောက်သွားလိုက် စိန်ပွင့်ကြီးအား ဖိနှိပ်လိုက်၏။

တံခါးပွင့်သွားသောအခါ အခန်းထဲသို့ လျှင်မြန်စွာဝင်လိုက်လေတော့သည်။

ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့သည် အခန်းထဲရှိကုလားထိုင်များပေါ်တွင် ငြိမ်သက်စွာ ထိုင်နေကြသည်။

ရုတ်တရက် အခန်းထဲသို့ မနေ့ညက မိန်းကလေးထဲမှ မိန်းကလေးသုံးယောက်ဝင်ရောက်လာ၏။

သူမတို့လက်ထဲ၌ လင်ပန်းတစ်ချပ်စီ ကိုင်ဆောင်လာပြီး ယင်းလင်ပန်းထဲမှစားသောက်ဖွယ်ရာတို့အား စားပွဲပေါ်သို့ ချလိုက်ကြသည်။

ထို့နောက်အပြင်သို့ ပြန်ထွက်သွားကြသည်။

သူတို့က အပြင်သို့ပြန်ထွက်ရန် လမ်းကျဉ်းကလေးထဲသို့ မရောက်မီမှာပင် အဖြူရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် အခန်းထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းဝင်လာကြသည်။

သူတို့သည် မိန်းကလေးတစ်ယောက်အား တီးတိုးမေးမြန်းလိုက်၏။

ထိုမိန်းကလေးက တစ်စုံတစ်ခု ပြန်လည်ဖြေကြားလိုက်သည်။

အဖြူရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ သုံးယောက်ရှိရာသို့ တစ်ချက်လှမ်းကြည့်လိုက်၏။

ထို့နောက် ချာခနဲလှည့်ကာ လမ်းကျဉ်းကလေးအတိုင်း ထွက်ခွာသွားကြသည်။ သူတို့ထွက်ခွာပုံမှာ လွန်စွာလျင်မြန်လှသည်။

မိန်းကလေးသုံးယောက်က နောက်မှလိုက်သွားကြလေ၏။

ကျူးစုဖန်၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြိုင်တူခေါင်းညိတ်လိုက်သည်။

ထို့နောက် ...

ကျူးစုဖန်က ထိုင်ရာမှထ၍ လမ်းကျဉ်းကလေးအတိုင်း ပြေးလွှားထွက်သွားလေတော့သည်။

ကျူးစုဖန်က လမ်းကျဉ်းကလေးထဲမှ ထွက်လာခဲ့သောအခါ အပေါ်ဆုံးထပ်ရှိ နံရံပေါ်မှ တံခါးပေါက်ပွင့်လျက်ပင်ရှိသည်။

သူက ထိုအပေါက်မှ အောက်ဘက်ဆီသို့ ငုံ့ကြည့်လိုက်သည်။

ထိုအခါ ...

စင်မြင့်အောက်ဘက် ဧည့်ခန်းနေရာဆီမှ တံခါးပေါက်ဆီသို့ အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်လေးယောက်က ပြေးလွှားထွက်ခွာသွားခြင်းကို မြင်တွေ့လိုက်ရ၏။

ကျူးစုဖန်က ခြေလှမ်းသုတ်သုတ်ဖြင့် စင်မြင့်လှေကားထစ်များအတိုင်း ဆင်းရ၍ တံခါးပေါက်ဆီသို့ လျှောက်လိုက်သွား၏။

သူက တံခါးပေါက်ဆီသို့ရောက်သောအခါ အစောင့်ရဲမက်များထဲမှ တစ်ယောက်ကလှမ်းမေးလိုက်လေသည်။

"ဘယ်သွားမလို့လဲခင်ဗျာ ... "

ကျူးစုဖန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ယိစစ်မြို့တော်ကိုရောက်တုန်း မြို့ထဲကို လျှောက်လည်မလို့ပေါ့ ... "

ထိုအစောင့်ရဲမက်က သူ့အားသေချာစွာ အကဲခတ်ကြည့်လိုက်၏။

"ခင်ဗျားတစ်ယောက်တည်းလား ... ကျွန်တဲ့သူတွေကော"

ထိုစကားကြောင့် ကျူးစုဖန်မှာ ဒေါသထွက်သွားသည်။

"ဘာလဲ ... ခင်ဗျားတို့နယ်စားမင်းက ကျွပ်တို့ကိုဘယ်မှထွက်ခွင့်မပြုရဘူးလို့မှာထားလို့လား ... "

အစောင့်ရဲမက်များမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

"ဟာ ... မဟုတ်ပါဘူး ... "

ကျူးစုဖန်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ဒါဆို ကျွပ်အပြင်သွားဦးမယ် ... "

ထိုအခါ ...

အစောင့်ရဲမက်များက ဘာမျှမပြောတော့ဘဲ ဂေဟာတံခါးကို ဖွင့်ပေးလိုက်သည်။ ကျူးစုဖန်က ထိုတံခါးမှ အပြင်သို့သွက်လက်စွာလှမ်းထွက်လိုက်၏။

သူကဟာအပြင်သို့ရောက်သောအခါ အဖြူရောင် ဝတ်ဆင်ထားသူ လူရွယ်များသည် ခြင်္ဂဝင်းအပြင်သို့ ရောက်ရှိသွားပြီဖြစ်သည်။

ထို့ကြောင့် ...

ကျူးစုဖန်က သွက်လက်စွာ လှမ်းထွက်ခဲ့သည်။

ခြင်္ဂဝင်းတံခါးမှ အစောင့်ရဲမက်များသည် မေးမြန်းခြင်းမရှိကြပါ။

ဤသို့ဖြင့် ...

ကျူးစုဖန်သည် အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်လေးယောက်နှင့်ဝါးတစ်ရိုက်အကွာမှ နောက်ယောင်ခံ၍ လိုက်လာခဲ့သည်။

ထိုလူရွယ်လေးယောက်သည် ရှေ့ဆီသို့သွားရန် ဖောက်ပန်နေသဖြင့် နောက်မှလိုက်လာသူကို မမြင်တွေ့ကြပါ။ သတိမပြုနိုင်ပါ။

သူတို့က ရုတ်တရက် လမ်းလျှောက်နေရင်းမှ ပြိုင်တူပြေးလွှားသွားကြ၏။

ထိုအခါ ... ကျူးစုဖန်ကလည်း နောက်မှပြေးလွှားလိုက်သွားရလေတော့သည်။

မကြာမီရှေ့မှပြေးနေသော အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်လေးယောက်သည် မြင့်မားသော အုတ်တံတိုင်းကြီးများ ကာရံထားသော ခြင်္ဂဝင်းကြီးတစ်ခု ရှေ့သို့ ရောက်ရှိလာသည်။

ကျူးစုဖန်ကလည်း နောက်မှ ပြေးလွှားလိုက်နေသည်။

ရုတ်တရက် ...

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်လေးယောက်သည် ခြင်္ဂဝင်းရှေ့တွင် ရပ်တန့်လိုက်ပြီး အနောက်ဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ ကျူးစုဖန်သည် သတိထားပြီး လိုက်နေသူဖြစ်၍ ကပျာကယာ ချုပုတ်ပုန်းအတွင်းဝင်ရောက် ပုန်းအောင်းလိုက်သည်။

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်လေးယောက်က သူ့အား မြင်တွေ့ပုံမပေါ်ပါချေ။

သူတို့လေးယောက်ထဲမှ တစ်ယောက်က ကျောက်နံရံ၏ တစ်နေရာအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ထိုအခါ ...

အုတ်နံရံပေါ်၌ လူတစ်ယောက်ဝင်စာ အပေါက်တစ်ခုဖြစ်ပေါ်လာပြီးနောက် ထိုလူရွယ်လေးယောက် ထိုအပေါက်မှတစ်ယောက်ချင်း ဝင်ရောက်သွားကြသည်။

သူတို့လေးယောက် ဝင်ရောက်ပြီးသောအခါ ကျောက်တံခါးက ပြန်လည်ပိတ်သွား၏။

ထိုအခါမှ ...

ကျူးစုဖန်က ပုန်းအောင်းနေရာမှ ပြေးထွက်ကာ အုတ်နံရံရှေ့သို့ ပြေးလာသည်။

သူသည် အုတ်နံရံအား သေချာစွာကြည့်ရှုလိုက်၏။

ထိုအခါ အုတ်နံရံပေါ်မှ အမည်းရောင်သန်းနေသော အုတ်တစ်ချပ်အား တွေ့ရှိလိုက်ရသည်။

ကျူးစုဖန်သည် ကျေနပ်စွာ ပြုံးလိုက်ပြီး ထိုနေရာအား လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ရုတ်တရက် အုတ်နံရံတံခါးပွင့်သွားသည်။ ဤနေရာ၌ စက်ခလုတ်ဖြင့် အုတ်တစ်ချပ်ကို ခလုတ်သဖွယ် ပြုလုပ်ထားခြင်းဖြစ်သည်။

ကျူးစဖန်က တွေဝေစဉ်းစားခြင်း မပြုတော့ဘဲ တံခါးပေါက်ဆီသို့ တိုးဝင်လိုက်သည်။

ထိုအချိန်တွင် ...

အုတ်နံရံတံခါးက အလိုအလျောက်ပြန်ပိတ်သွားသည်။

ကျူးစဖန်သည် ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်၏။

ထိုအခါ ...

ကြီးမားကျယ်ပြန့်သော အဆောက်အအုံကြီးများအား မြင်တွေ့လိုက်ရသည်။

ဤနေရာသည် ဟုန်ကျန်းနယ်၏ အုပ်ချုပ်ရေးအာဏာဝိုင်များ အသုံးပြုသော ထိပ်တန်းလျှို့ဝှက်သည့်နေရာဖြစ်ကြောင်း ကျူးစဖန် နားလည်လိုက်၏။

ထိုစဉ် ...

အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်ဆယ်ယောက်ခန့်က အဆောက်အအုံတစ်ခုမှ ထွက်လာကြသည်ကို တွေ့မြင်လိုက်သည်။

ကျူးစဖန်မှာ ရင်ထိတ်သွားသည်။

ပြဿနာပင်။ သူအားတွေ့သွားလျှင် ယုန်တစ်ကောင်အား အမဲလိုက်ခွေးများက အမဲဖျက်ကြလိမ့်မည်မှာ သေချာသည်။

သူသည် ဝန်းကျင်အား မျက်လုံးဝေ့၍ ပုန်းအောင်းနေနိုင်ရန် နေရာအား ရှာဖွေကြည့်လိုက်လေ၏။

ကံအားလျော်စွာ မလှမ်းမကမ်း၌ သစ်ပင်ကြီးတစ်ပင်ရှိနေ၏။ သူက ယင်းသစ်ပင်နောက်သို့ ခုန်ဝင်လိုက်ပြီး ပုန်းအောင်းလိုက်ရသည်။

သို့သော် ...

ထိုလူရွယ်မျာ...မှာ သူပုန်းအောင်းနေသော သစ်ပင်ဆီသို့ လျှောက်လာခြင်းမရှိဘဲ အဆောက်အအုံတစ်ခုဆီသို့ လျှောက်ဝင်သွား၏။ ကျူးစဖန်မှာ စဉ်းစားလိုက်သည်။

"ဒီပုံစံအတိုင်းဆိုရင် ... နယ်စားမင်း ဟန်ရိထန်ဟာ ငါတို့တထျန်နိုင်ငံနဲ့ စီးလျန်နိုင်ငံကိုသဘောထားကွဲလွဲပြီး စစ်မက်ဖြစ်မှာစေဖို့ ... နှစ်နိုင်ငံကြား ပြဿနာဖြစ်အောင် လုပ်ပေးတဲ့သူပဲ ... ဒါမှ သူက နှစ်နိုင်ငံလုံးကို သူ့ရဲ့လက်အောက်ခံအဖြစ် သိမ်းသွင်းချင်တာဖြစ်မယ် ... သူ့ရဲ့ အင်အားကလည်း အတော်ကြီးမားမယ်ထင်တယ်"

သူက ထိုသို့ စဉ်းစားရင်းမှ အစ်ကိုဝမ်းကွဲဖြစ်သူ ကျူးယဲ့မင်းအား ပြန်လည်သတိရလာမိသည်။

ကျူးယဲ့မင်းကိုလည်း နယ်စားမင်း ဟန်ရိထန်သတ်ခဲ့ခြင်းဖြစ်မည်။

ထိုသို့တွေးမိပြီး ကျူးစဖန်မှာ ဒေါသထွက်သွားလေသည်။

ထို့ကြောင့် ...

သူက ယင်းသစ်ပင်ကြီးအကွယ်မှ ထွက်ကာ အဆောက်အအုံနှင့် နီးရာသစ်ပင်ဆီသို့ ပြေးကပ်လိုက်၏။

ရုတ်တရက် သူ၏ရှေ့သို့ အနက်ရောင်အလုံးလေးတစ်လုံး ကျလာသည်။

ကျူးစဖန်သည် ထိုအလုံးလေးအား လှမ်းကြည့်လိုက်၏။

ထိုအလုံးလေးသည် မြေပြင်နှင့်ထိတွေ့လိုက်သည်နှင့် ပေါက်ထွက်သွားလေ၏။

အလုံးကလေးပေါက်ထွက်သွားသည်နှင့် အဖြူရောင်အငွေ့များ ထွက်လာပြီးနောက် ကျူးစုဖန်၏ဦးခေါင်းမှာ မူးယစ်လာကာ ပျော့ခွေလဲကျသွားလေတော့သည်။

အဖြူရောင်ဝတ်ဆင်ထားသူလူရွယ်နှစ်ယောက်သည် သစ်ပင်ပေါ်မှ ခုန်ဆင်းလာပြီး ကျူးစုဖန်အား ပွေ့ချီကာ အဆောက်အအုံတစ်ခုထဲသို့ ပြန်လည်ဝင်ရောက်သွားလေ၏။

... ...

ညနေဆည်းဆာ ...

နေမင်းသည် အနောက်မိုးကုပ်စက်ဝိုင်းသို့ ငုပ်လျှိုးကွယ်ပျောက်သွားပြီဖြစ်သည်။

ထို့ကြောင့် ...

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ကြီးစိုးလာလေသည်။

အမှောင်ထုနှင့်အတူ အေးစိမ့်မှုကလည်း အရိုးကွဲမတတ်ဝင်ချမ်းစိမ့်လွန်းလှ၏။

ထိုသို့ အေးစိမ့်နေသော်လည်း ကျူးရှောင်လုံမှာမူ ချွေးဒီးဒီးကျနေသည်။ သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။

ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့မှာလည်း ငြိမ်သက်စွာ ထိုင်လျက် ကျူးရှောင်လုံအား ငေးကြည့်နေကြသည်။

အချိန်ကြာလာသည်နှင့်အမျှ အပြင်လောကၦ အမှောင်ထုက ပိုမိုသိပ်သည်းလာလေသည်။

ကျူးရှောင်လုံသည် အံကိုတင်းတင်းကြိတ်လိုက်သည်။

"ညီလေးစုဖန်ရဲ့ ကံကြမ္မာဟာ ဆိုးဝါးတဲ့အခြေအနေမှာ ရပ်တည်နေပြီ ... "

သူ၏စကားကြောင့် ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့၏ ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

ကျူးရှောင်လုံက အေးစက်ခက်ထန်သော မျက်လုံးအစုံဖြင့် ပြတင်းတံခါးမှတစ်ဆင့် အပြင်ဘက်ရှိ သိပ်သည်းလှသော အမှောင်ထုကို စိုက်ကြည့်နေ၏။

"တောက် ... "

သူ၏တက်ခေါက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လွင်ရှမ်းရင်က သူ့အားမော့ကြည့်လိုက်၏။

"ကျွန်မတို့ ဘာဆက်လုပ်မလဲ အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ကျုပ်တို့ ညီမလေးကျူးဝေဝေကို အရင်ဆုံးစောင့်ရလိမ့်မယ် ... "

ကျင်းဝမ်လင်က စိုးရိမ်ပူပန်သော မျက်နှာဖြင့် ...

"ကျူးဝေဝေရဲ့အခြေအနေလည်း ကောင်းမှကောင်းရဲ့လား မသိဘူး ... အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

"သူ့အတွက် စိတ်ပူစရာမလိုပါဘူး ... ဒါပေမယ့် ဟန်ရိထန်ကြည့်ရတာ ညီမလေးကျူးဝေဝေကို စိတ်ဝင်စားနေတယ်ထင်တယ်

ကျူးဝေဝေကိုတော့ သူသတ်မှာမဟုတ်ဘူး ... "

သူ၏စကားကြောင့် ကျင်းဝမ်လင်မျက်နှာမှာ ညှိုးသွားသည်။

ကျူးရှောင်လုံက စကားဆက်လိုက်၏။

"ကဲ ... ငါတို့ ကျူးဝေဝေကို သူ့အခန်းထဲက သွားစောင့်နေကြရအောင် ... "

သူက ယင်းသို့ပြောရင်းမှ သူ၏အခန်းတံခါးကို ဖွင့်၍ အပြင်ဘက်ဆီသို့ ထွက်လိုက်လေသည်။

ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ကလည်း သူ၏နောက်မှ လိုက်သွားကြသည်။

ထို့နောက် ...

သူတို့သုံးယောက်သည် ကျူးဝေဝေ၏အခန်းတံခါးကို ဖွင့်၍ ဝင်လိုက်ကြပြီး ပြန်လည်တံခါးပိတ်ထားလိုက်ကြလေတော့သည်။

ကျူးဝေဝေ၏အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

ကျူးရှောင်လုံ၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့သည် အခန်းထဲတွင် တိတ်ဆိတ်စွာ ထိုင်နေကြသည်။

သူတို့သည် ကျူးဝေဝေနှင့် ကျူးစုဖန်တို့အတွက် စိုးရိမ်ပူပန်နေမိသည်။

ထိုစဉ် ...

"ကျီ ... "

အခန်းတံခါးပွင့်သွားသည်။

အခန်းတံခါးပွင့်သွားသည်နှင့် အခန်းထဲသို့ မိန်းကလေးတစ်ယောက် လှမ်းဝင်လာ၏။

ထိုမိန်းကလေးမှာ ကျူးဝေဝေပင် ဖြစ်ပါသည်။

ကျူးဝေဝေအား မြင်တွေ့လိုက်ရသောအခါ ကျူးရှောင်လုံဝမ်းသာသွား၏။ သူ၏မျက်နှာမှာ ဝင်းပသွားသည်။

သူသည် တာဝန်နှင့် ဝတ္တရားအတွက် ဝမ်းမြောက်ခြင်းဖြစ်၏။

လွင်ရှမ်းရင်မှာလည်း ဝမ်းသာသွား၏။ တိုက်ဖော်တိုက်ဖက်ရဲဘော်တစ်ယောက် မသေမပျောက် ပြန်ရောက်လာ၍ဖြစ်သည်။ ကျင်းဝမ်လင်ကား အသည်းနှလုံးနှင့်ရော ဦးနှောက်နှင့်ပါ ဝမ်းသာသူတည်း။ သူသည် ကျူးဝေဝေအား ရဲဘော်ရဲဘက်အပြင် ချစ်ခင်သူသက်ထား အနေဖြင့်ပါ စုံမက်မြတ်နိုးနေသောကြောင့်တည်း။

ကျူးဝေဝေသည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျူးရှောင်လုံတို့သုံးယောက်အား တွေ့မြင်လိုက်ရသောအခါ အံ့သြသွားလေ၏။

"ဟင် ... အစ်ကိုရှောင်လုံ ... ဘာဖြစ်လို့လဲ ... "

ကျူးရှောင်လုံက သူ့အား စေ့စေ့ကြည့်လိုက်၏။

"အခု ... မင်း နယ်စားမင်းဟန်ရိထန်နဲ့ ပြန်လာတာလား"

ကျူးဝေဝေက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ် ... "

ကျူးရှောင်လုံက စကားဆက်လိုက်၏။

"အမှုအတွက် ဘာသဲလွန်စရခဲ့လဲ ... "

ကျူးဝေဝေက ခေါင်းခါယမ်းပြလိုက်သည်။

"ဘာမှမရပါဘူး ... အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"အေး ... တို့ကသာ အမှုအတွက် သဲလွန်စကို ရှာဖွေမရဖြစ်နေတာ ရန်သူကတော့ တို့ကို သူ့အိမ်မှာတည်းခိုခိုင်းပြီး လိုအပ်သလို ချုပ်ကိုင်ဖို့ စီစဉ်ထားပြီးပြီ ... အခုလည်း ညီလေးမှဖန်က တာဝန်ဝတ္တရားအတွက် ကြိုးစားရင်း ရန်သူလက်ထဲ ရောက်သွားပြီ ... "

သူ၏စကားကြောင့် ကျူးဝေဝေမှာ မျက်လုံးပြူးသွားသည်။

"အစ်ကိုစုဖန် ... ရန်သူလက်ထဲရောက်သွားပြီ ဟုတ်လား"

ကျူးရှောင်လုံက ခေါင်းညိတ်ပြလိုက်၏။

ကျူးဝေဝေမှာ အံ့သြထိတ်လန့်သွားလေသည်။ သူမသည် ဤအဖြစ်ကို မမျှော်လင့်ခဲ့ချေ။

"ဘာတွေဖြစ်ကုန်တာလဲ ... ရန်သူက ဘယ်သူလဲ ... "

ကျူးရှောင်လုံက လေးနက်သော မျက်နှာထားဖြင့် ကျူးဝေဝေကိုကြည့်နေသည်။

"ရန်သူဟာ နယ်စားမင်းဟန်ရိထန်ပဲ ... "

သူ၏စကားကြောင့် ကျူးဝေဝေ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူမချစ်သူ ယွမ်ယိုင်၏ မျက်လုံးအစုံနှင့် တစ်ပုံစံတည်းတူညီနေသော နယ်စားမင်းဟန်ရိထန်အား သူမလေးစားခင်မင်မိသည်။

နယ်စားမင်းဟန်ရိထန်အား ငတွေ့မြင်လိုက်ရလျှင် ယွမ်ယိုင်အား တွေ့မြင်ရသကဲ့သို့ ခံစားရသည်။

သို့သော် နယ်စားမင်းဟန်ရိထန်မှာ ဤအမှု၏တရားခံဟုပြောဆိုနေသည် မဟုတ်ပါလား။

ထို့ကြောင့် ...

ကျူးဝေဝေမှာ မယုံကြည်နိုင်သောလေသံဖြင့် ပြန်မေးလေ၏။

"သေ ... သေချာရဲ့လား အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက ခေါင်းညိတ်ပြလိုက်၏။ သူက အေးဆေးစွာ ရှင်းပြသည်။

"သိပ်သေချာတာပေါ့ ... ငါမျိုသိပ်ထားတဲ့ အဖြစ်ကို မင်းတို့ကို ဖွင့်ပြောတော့မယ် ... မနေ့ညတုန်းက ငါအိပ်နေတုန်း စီးရှမ်းရှမ်းငါ့အခန်းထဲကို ဝင်လာတယ် ... ပြီးတော့ ငါ့ကို မြှူဆွယ်ပြီး လုပ်ကြံဖို့ ကြိုးစားတယ် ... ဒါပေမယ့် မအောင်မြင်တာကြောင့် သံကိုယ်သူသတ်သေသွားတယ် ... အဆိပ်အပ်နဲ့ သူကိုယ်သူ ထိုးပြီးသတ်သေသွားတာပဲ ... "

သူက အံကိုတင်းတင်းကြိတ်၍ စကားဆက်လိုက်၏။

"သူ့ရဲ့အလောင်းကို ငါက သေချာစစ်ဆေးပြီးရင် နယ်စားမင်း ဟန်ရိထန်ကိုခေါ်ပြီး ပြဿနာရှင်းမယ်လို့ ဆုံးဖြတ်လိုက်တယ် အဲဒီအချိန်မှာ ငါ့ရဲ့ပြတင်းပေါက်မှန်တံခါးကို ချိုးဖောက်ပြီး လူတစ်ယောက်ဝင်လာတယ် ... အဲဒီလူဟာ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး ငွေရောင်မျက်နှာဖုံးစွပ်ထားတယ် ... "

သူ၏စကားကို ကျူးဝေဝေ၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့က ငြိမ်သက်စွာ နားစွင့်နေကြသည်။ သူတို့၏ရင်အစုံမှာ လှိုက်ဖိုနေကြသည်။

ထိုအခါ ...

ကျူးရှောင်လုံက စကားဆက်လိုက်သည်။

"သူနဲ့ငါ သိုင်းကွက်ဆယ်ကွယ်ကျော် ယှဉ်ပြိုင်တဲ့အထိ တစ်ယောက်နဲ့ တစ်ယောက် ဘယ်သူကမှ အနိုင်မရရှိကြဘူး ... နောက်ဆုံး သူက အဲဒီပြတင်းပေါက်ကပဲ ပြန်ထွက်ပြေးသွားတယ် ငါလိုက်မေမယ့် မမီတော့ဘူး ... "

သူက မဲ့ပြုံးပြုံး၍ စကားဆက်လိုက်၏။

"အဲဒီလူဟာ နယ်စားမင်းဟန်ရိထန်ရဲ့ ပန်တျာအဖွဲ့က အဖွဲ့သားတစ်ယောက်ဆိုတာ ငါခန့်မှန်းမိတယ် ... သူ့ကို နယ်စားမင်းဟန်ရိထန်က ငါ့ကိုလုပ်ကြံဖို့ စေလွှတ်လိုက်တာဖလွဲလို့ ... တခြားဘာအကြောင်း ရှိတော့မှာလဲ ... "

ကျင်းဝမ်လင်က ထောက်ခံလိုက်လေသည်။

"သိပ်ဟုတ်တာပေါ့ အစ်ကိုရှောက်လုံ ... ဒါဆို အစ်ကိုရှောင်လုံ ညတုန်းကတည်းက နယ်စားမင်းဟန်ရိထန်ကို အခန်းထဲမှာ ဝင်ခေါ်ပြီး စီးရှမ်းရှမ်းအလောင်းကိုပြပြီး ကိစ္စရှင်းပစ်ဖို့ ကောင်းတယ်"

ကျူးရှောင်လုံက မချိပြုံး ပြုံးလိုက်၏။

"နယ်စားမင်းဟန်ရိတန်က ကျွပ်ထက်လျင်ကာကိုးကွ ..."

ထိုအခါ ...

လွင်ရှမ်းရင်မှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဘာဖြစ်လို့လဲ အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွပ်က ပန်တျာအဖွဲ့သားနဲ့ တိုက်ခိုက်ခဲ့ရတုန်း စီးရှမ်းရှမ်းရဲ့အလောင်းကို တစ်စုံတစ်ယောက်က ဝင်သယ်သွားတယ်လေ ... အစဖျောက်သွားတာပေါ့ ... "

ကျင်းဝမ်လင်က မျက်မှောင်ကုတ်လိုက်သည်။

"ဒါအလောင်းဖျောက်လိုက်တာပေါ့ ... တကယ်လို့ အစ်ကိုရှောင်လုံက ဒီအလောင်းကိုပြပြီး မေးမြန်းလာရင် သူတို့ဖြေရခက်မယ် မဟုတ်လား ... "

ကျူးရှောင်လုံက ခေါင်းညိတ်လိုက်တယ်။

"ဟုတ်တယ် ... ဒါပေမယ့် အဲဒီပန်တျာအဖွဲ့သားဆီက ပစ္စည်းတစ်ခုက အခန်းထဲမှာ ကျန်ရစ်ခဲ့တယ် ... "

ထိုစကားကြောင့် ...

ကျူးဝေဝေ၊ ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့၏မျက်လုံးများမှာ ဝင်းလက်ဘေကာ်ဖသွားကြသည်။

သူတို့က ပြိုင်တူမေးလိုက်ကြ၏။

"ဘာပစ္စည်းလဲ အစ်ကိုရှောင်လုံ ... "

ထိုအခါ ...

ကျူးရှောင်လုံက သူ၏အင်္ကျီအိတ်ထဲမှ ငွေရောင်စားပွဲလေးအား တုတ်ပြလိုက်လေသည်။

ကျူးဝေဝေ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားသည်။

"ဟင် ... ဒီ ... ဒီငွေရောင်စားပွဲဟာ ကျွမ်းထိတ်ဂူမှာကို အလောင်းစစ်ဆေးတဲ့ဌာနမှာ စစ်ဆေးစဉ်ဘုန်းက ရရှိခဲ့တဲ့ ငွေရောင်စားပွဲနဲ့ တစ်ထပ်တည်းတူညီနေပါလား ... "

ကျူးရှောင်လုံက သူမအား စိုက်ကြည့်လိုက်၏။

"သေချာရဲ့လား ကျူးဝေဝေ ... "

ကျူးဝေဝေက ခေါင်းညိတ်လိုက်သည်။

"သေချာပါတယ် အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"ကောင်းပြီလေ ... ဒါဆိုရင် ဒီပစ္စည်းလေးကိုလည်း တစ်ချက်လောက် ကြည့်ပေးပါဦး ... "

သူက ယင်းသို့ပြောရင်းမှ အင်္ကျီအိတ်ထဲမှ ငွေရောင်စားပွဲတစ်လက်ကို ထုပ်မံထုတ်ယူလိုက်ပြီး ပထမစားပွဲနှင့် ယှဉ်၍ ပြလိုက်၏။

ထိုအခါ ...

ကျူးဝေဝေက သေချာကြည့်လိုက်မိသည်။

အတန်ကြာမှ ...

သူမသည် ကျူးရှောင်လုံအား ဆတ်ခနဲ မော့ကြည့်လိုက်။

"ဒါက ဘယ်ကရတာလဲ အစ်ကိုရှောင်လုံ ... "

ကျူးရှောင်လုံက ပခုံးတစ်ချက်တွန့်လိုက်သည်။ စကားသံက သူထံမှ တစ်လုံးချင်းထွက်လာသည်။

"နယ်စားမင်း ဟန်ရီထန်ရဲ့ အခန်းကပေါ့ ... "

သူက ယင်းသို့ပြောပြီး စကားဆက်လိုက်၏။

"ညီမနဲ့ သူထွက်သွားတဲ့အခါမှာ အစ်ကိုက သူရဲ့အခန်းထဲကို ဝင်ရှာခဲ့တယ် ... ကျင်းဝမ်လင်နဲ့ လွင်ရှမ်းရင်တို့က လူသွားလူလာကို အခြေအနေစောင့်ကြည့်ပြီး ကျူးစုဖန်ကိုတော့ မသတ်ဘဲစရာလူတွေ့ရင် နောက်ယောင်ခံပြီး လိုက်ရမယ်လို့ တာဝန်ပေးထားခဲ့တယ် ... "

သူက ယင်းသို့ပြောပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲဒီမှာတင် ... ကျူးစုဖန်ဟာ အဖြူရောင်ဝတ်ဆင်ထားတဲ့

လူရွယ်လေးယောက်နောက်က တိတ်တဆိတ်လိုက်သွားရာက ဘယ်လိုဖြစ်တယ်မသိဘူး ... အခုထိ ပြန်မရောက်လာဘူး ... သေသလား ရှင်သလား မသိဘူး ... "

ထိုစကားကြောင့် ကျူးဝေဝေမှာ စိတ်မကောင်းဖြစ်သွားသည်။ အစ်ကိုဖြစ်သူ ကျူးစုဖန်အတွက်လည်း စိတ်ပူပန်သွားမိသည်။

ကျူးရှောင်လုံက သူမအား လှမ်းကြည့်လိုက်ပြီး ...

"ကဲ ... ညီမလေးလည်း အနားယူလိုက်ဦး ... အစ်ကိုတို့ ပြန်ဦးမယ် ... သတိဝီရိယရှိပါစေနော် ... "

သူသည် စကားဆုံးသည်နှင့် အခန်းတွင်းမှ ထွက်သွားလေတော့၏။ ထိုအခါ ...

ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့ကလည်း သူ၏နောက်မှ လိုက်သွားကြလေတော့သည်။

ကျင်းဝမ်လင်သည် ကျူးဝေဝေကို ကြင်နာသောအကြည့်ဖြင့် ကြည့်သွားလေ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ညဉ့်လည်း အလွန်နက်နေပါပြီ။

သို့သော် ...

ကျူးဝေဝေမှာ ယခုအချိန်အထိ အိပ်မပျော်သေးချေ။

သူမသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်သည့် အရိပ်အယောင်များ ပေါ်လွင်နေသည်။

ကျူးဝေဝေသည် အစ်ကိုဖြစ်သူ ကျူးစုဖန်အတွက် စိုးရိမ်မှု ပန်နေခြင်းဖြစ်၏။

ထိုစဉ် ...

"ဖပ် ... ဖပ် ... ဖပ် ... "

ရုတ်တရက် အပြင်ဘက်ဆီမှ ပြေးလွှားလာသော ခြေသံအချို့ကို ကြားလိုက်ရသည်။

ခြေသံများမှာ ညဉ့်လူခြေတိတ်ချိန်၌ ပြေးလွှားနေသော်လည်း ကိုယ်ဖော့ပညာဖြင့် ပြေးလွှားသွားသဖြင့် တိုးညင်းလှ၏။

သို့သော် ...

ကျူးဝေဝေမှာ အဆင့်မြင့်သိုင်းပညာတတ်မြောက်ထားသူဖြစ်သဖြင့် ရုတ်ခြည်းသိမြင်လိုက်သည်။

ထို့ကြောင့် ...

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

ဤမှ ညဉ့်နက်သန်းခေါင်အချိန်၌ ထိုလူများသည် အဘယ်ကြောင့် ပြေးလွှားနေပါသနည်း။

သူမက ယင်းသို့စဉ်းစားပြီးနောက် ပြတင်းပေါက်မှတစ်ဆင့် ခြေသံထွက်ပေါ်လာရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုအခါ ...

လမင်း၏အလင်းရောင်အောက်၌ လူငါးယောက်က ခြံဝင်းအဝင်ဝသို့ ပြေးလွှားနေခြင်းကို မြင်တွေ့လိုက်ရလေတော့သည်။

ထိုလူငါးယောက်မှာ သူမနှင့် အတန်ငယ်ဝေးသော်လည်း လူတစ်ယောက်က နယ်စားမင်းဟန်ရိထန်ဖြစ်ကြောင်း ပုံသဏ္ဌာန်က

ကြည့်၍ သိရှိလိုက်သည်။

ကျူးဝေဝေမှာ ရင်ထိတ်သွားသည်။ သူတို့ ဘာကြောင့် ပြေးလွှားနေရပါသနည်း။

ရုတ်ခြည်းပင် ခိုင်မာသောဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

ထို့ကြောင့် ...

သူမသည် ခရီးဆောင်အိတ်ထဲမှ ဝိတ်ဖြူစတစ်စကို ထုတ်ယူလိုက်ပြီး စုတ်တံဖြင့် စာရေးလိုက်၏။

စာထဲတွင် ...

နယ်စားမင်းဟန်ရိထန်နှင့် လူလေးယောက် ညသန်းခေါင်အချိန်တွင် မသက်သာစရာ ပြေးလွှားသွားသည်ကို တွေ့ရှိ၍ လိုက်သွားသည်။ စိတ်မပူပါနှင့်။

ကျူးဝေဝေ

ထို့နောက် ...

ယင်းဝိတ်ဖြူစကို စားပွဲပေါ်တွင်တင်၍ မားရှယ်ထိုးတွင်ထိုးလွယ်ကာ ပြတင်းတံခါးမှ အပြင်ဘက်ဆီသို့ [illegible] တော့သည်။

သူမသည် ခြံဝင်းထဲမှ သစ်ပင်တစ်ပင်ပေါ်ပြီး နယ်စားမင်းဟန်ရိထန်တို့လူစုအား လှမ်းမျှော်

နယ်စားမင်းဟန်ရိထန် [illegible] လူလေးယောက်တစ်ခုဖြစ် အတန်ငယ်ဝေးကွာသောနေရာသို့ ပြေးလွှားရောက် ပြေးလွှားဝင်သည်။

ကျူးဝေဝေမှာ စဉ်းစားတွေဝေခြင်းမပြုတော့ပါ။

သူမသည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးပြောင်း၍ ခြံဝင်းအပြင်သို့ ထွက်လာခဲ့သည်။

ထို့နောက် ...

နယ်စားမင်းဟန်ရိထန်တို့ထွက်သွားရာဆီသို့ တစ်ဟုန်ထိုး ပြေးလွှားလိုက်ပါသွားလေတော့သည်။

...ခြင်...

အိမ်မက်စိမ်း

၁၅၀

ကြောင့်
သူ့
ခြေသံထွက်
ထို
လ
အဝင်ဝသို့
ရ
လူတစ်

အခန်း (၄၉)

အသည်းနှလုံးနှင့် နှိုင်းတော်

နယ်စားမင်းဟန်ရိထန်တို့လူစုသည် ယိစစ်ပြိုစွန်သို့ တစ်ဟုန်ထိုးပြေးသွားနေကြသည်။

ကျူးဝေဝေကလည်း သူတို့နောက်မှ မျက်ခြည်မပြတ် ပြေးလွှားလိုက်ပါလာ၏။

ဤသို့ဖြင့် ...

ရှေ့မှပြေးလွှားနေသော နယ်စားမင်းဟန်ရိထန်တို့မှာ မြင့်မားလှသော အုတ်တံတိုင်းများ ကာရံထားသော ခြံဝင်းတစ်ခုရှေ့သို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် ... အုတ်နံရံပေါ်မှ အနက်ရောင်ကျောက်တုံးလေးအား လက်ဝါးဖြင့် ရိုက်လိုက်၏။

ရုတ်တရက် ...

အုတ်နံရံမှ လူတစ်ယောက်ဝင်နိုင်သည့် အပေါက်တစ်ခုဖြစ်ပေါ်လာပြီး နယ်စားမင်းဟန်ရိထန်တို့က လျင်မြန်စွာ ပြေးလွှားဝင်ရောက်ပျောက်ကွယ်သွားသည်။

ကျူးဝေဝေလည်း ထိုနေရာသို့ လျင်မြန်စွာရောက်ရှိသွားသည်။ သူမသည် မြင့်မားလှသော အုတ်နံရံအားကြည့်ပြီး လျှို့ဝှက်ပေါက်ရှိရမည်ကို တွေးလိုက်မိသည်။

ထို့ကြောင့် သူမသည် ကျောက်တံခါးအားဖွင့်ရန် နေရာအားလိုက်လံရှာဖွေ၏။

ထိုအခါ ...

အနက်ရောင်အုတ်ချပ်နေရာအား တစ်ခဏကြာအောင် စိုက်ကြည့်လိုက်ပြီး ...

"အင်း ... ဒီနေရာဟာ လျှို့ဝှက်တံခါးပဲဖြစ်မယ် ... "

သူမသည် ရေရွတ်ပြီး လက်ဖြင့် ရိုက်ချလိုက်သည်။

ထိုသို့ ရိုက်ချလိုက်သောအခါ တံခါးပေါက်တစ်ခုဖြစ်ပေါ်လာ၏။

ကျူးဝေဝေမှာ စဉ်းစားမနေတော့ပေ။

သူမသည် ထိုတံခါးပေါက်ထဲသို့ ခုန်ဝင်လိုက်လေတော့သည်။

သူမအထဲသို့ ရောက်ရှိသွားသည်နှင့် တံခါးပေါက်သည် အလိုအလျောက် ပြန်လည်ပိတ်သွားသည်။

သူမသည် ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး သစ်ပင်တစ်ပင်၏နောက်ကွယ်တွင် ဝင်ရောက်ပုန်းအောင်းလိုက်၏။

ထိုအချိန်တွင် ...

နယ်စားမင်းဟန်ရီထန်က သူမနှင့် ဝေးကွာသော ထောင့်ချိုးတစ်နေရာသို့ ချိုးကွေ့ဝင်ရောက်သွားကြောင်း မြင်တွေ့လိုက်ရသည်။

သူ၏နောက်မှ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်အယောက်နှစ်ဆယ်ကျော်ခန့်က ပိုင်းရံလိုက်ပါသွားကြသည်။

ထို့ကြောင့်

ကျူးဝေဝေက စဉ်းစားတွေဝေခြင်း မပြုဘဲ သူမ၏ဓားအားလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တစ်ဟုန်ထိုးပြေးသွားပြီး ထောင့်ချိုးရှိ သစ်ပင်တစ်ပင်အောက်၌ရပ်ပြီး အခြေအနေကို စောင့်ကြည့်လိုက်သည်။

နယ်စားမင်းဟန်ရီထန်တို့လူစုက ရှေ့ဝါးတစ်ရိုက်အကွာအဝေးရှိ အဆောက်အအုံတစ်ခုဆီသို့ ဦးတည်လျှောက်သွားနေကြ၏။

သူလျှောက်သွားရာ လမ်းဘေးတစ်ဘက်တစ်ချက်မှ လက်နက်ကိုင်ရဲမက်များသည် အလျှိုလျှိုထွက်ပေါ်လာပြီး သူအား ဂါရဝပြုကာ သူ့နောက်မှကပ်၍ လိုက်သွားနေကြသည်။

ကျူးဝေဝေသည် ထိုအဆောက်အအုံအနီးရှိ ချုံပုတ်ထဲသို့ပြေးလွှားသွားလိုက်၏။

ထို့နောက် ...

ချုံပုတ်ထဲတွင် ဝပ်ချလိုက်ပြီး ထိုအဆောက်အဦဆီသို့ လှမ်းကြည့်လိုက်၏။

အဆောက်အအုံတစ်ခုဟုဆိုခြင်းထက် အချုပ်ခန်းတစ်ခုဟုဆိုခြင်းက ပို၍မှန်ကန်ပေသည်။

အဘယ်ကြောင့်ဆိုသော် ...

အဆောက်အအုံပတ်လည်၌ အုတ်နံရံများ ကာရံထားခြင်းမရှိဘဲ သံတိုင်းများသာ ကာရံထားခြင်းဖြစ်သည်။

ထို့ကြောင့် အချုပ်ခန်းထဲသို့ အပြင်မှကြည့်လျှင် ထင်ရှားစွာ မြင်တွေ့ရသည်။

ထိုအချုပ်ခန်းထဲ၌ ကျူးစုဖန်ရှိနေသည်။

သူ၏ခြေလက်များအား အလွန်ကြီးမားသော သံကြိုးကြီးများဖြင့် ချည်နှောင်ထားသည်။

သို့သော် ...

ကျူးစုဖန်၏မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်ဟန် မရှိပါ။

သူ၏မျက်နှာမှာ အေးစက်နေသည်။

ထိုအချိန်တွင် ...

အချုပ်ခန်းဆီသို့ နယ်စားမင်းဟန်ရိထန်ခေါင်းဆောင်သော လူစုက ဝင်ရောက်လာ၏။

နယ်စားမင်းဟန်ရိထန်အား တွေ့မြင်လိုက်ရသောအခါ ကျူးစုဖန်၏မျက်လုံးများမှာ ပြူးသွားလေ၏။

"မင်း ... မင်း ... "

နယ်စားမင်းဟန်ရိထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ... ဟန်ရိထန်ပါ ... "

သူသည် ယင်းသို့ပြောပြီး ကျူးစုဖန်အား ပြုံး၍ကြည့်လိုက်၏။

"နေဦး ... ကျုပ်ကို ခင်ဗျားတို့မှတ်မိစေနိုင်တဲ့ နာမည်တစ်မျိုးရှိသေးတယ် ... အဲဒီနာမည်က ယွမ်ယိဝိုင်တဲ့ ... ခင်ဗျားမှတ်မိမှာပါ ... "

"ဘာ ... ယွမ်ယိဝိုင်ဟုတ်လား ... "

ကျူးစုဖန်က အံ့သြတကြီးဖြင့် ရေရွတ်လိုက်သည်။

နယ်စားမင်းဟန်ရိထန်က ဘာမျှပြန်မပြောတော့ပေ။

သူ၏မျက်နှာပေါ်မှ သားရေမျက်နှာဖုံးတုအား ဆွဲချွတ်လိုက်၏။

ထိုအခါ ...

ယွမ်ယိဝိုင်၏ ချောမောခန့်ညားလှသည့် ရုပ်သွင်နှင့် မှုံ့ရှဲတောက်ပသောမျက်လုံးအစုံအား တွေ့မြင်လိုက်ရသည်။

ထိုရုပ်သွင်အား တွေ့မြင်လိုက်ရသောအခါ အပြင်ဘက်ရှိချောင်းမြောင်းကြည့်ရှုနေသော ကျူးဝေဝေမှာလည်း ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားသည်အထိ အံ့သြတုန်လှုပ်သွား၏။

တစ်ဆက်တည်းမှာပင် ...

ချီဖန်တောင်မှ ယွမ်ယိဝိုင်၏နှုန်းညှဲသိမ်မွေ့သော စိတ်ထားနှင့် ယခု နယ်စားမင်းယွမ်ယိဝိုင်၏ စိတ်ဓာတ်တို့မှာမူ လုံးဝကွဲပြားခြားနားနေသည်ဟုလည်း တွေးလိုက်မိ၏။

ထိုစဉ် ...

ကျူးစုဖန်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"မင်းလို ဝံပုလွေစိတ်ဓာတ်ရှိတဲ့ ဟုန်ကျန်းနယ်က တထျန်လူမျိုးတွေကြောင့် ... ကျုပ်တို့ တထျန်နိုင်ငံတော်အတွက် အနှောင့်အယှက်ဖြစ်နေတာ ... တထျန်နိုင်ငံနဲ့ စီးလျန်နိုင်ငံကို ရန်တိုက်ပေးနေတာ ... မင်းတို့ဟုန်ကျန်းနယ်က လူယုတ်မာတွေပဲ ... "

ယွမ်ယိဝိုင်က အေးဆေးတည်ငြိမ်သောလေသံဖြင့် ...

"ကိုယ့်လူမျိုးအတွက် ကြိုးစားတာကို လူယုတ်မာလို့ ခေါ်ထိုက်သလား ... ခင်ဗျားတို့ဆိုရင်လည်း ကိုယ့်လူမျိုးအတွက် အသက်စွန့်နိုင်တဲ့လူတွေ မဟုတ်လား ... "

"တိတ်စမ်း ... မင်းတို့လူမျိုးတွေတိုးတက်ဖို့ ကြိုးစားတာ... သူများနိုင်ငံရဲ့ ရတနာသေတ္တာကို လုယက်တိုက်ခိုက်ပြီး လူသတ်ရသလား ... တောက် ... လူယုတ်မာ ... "

ကျူးစုဖန်သည် ပြောရင်း စိတ်ကိုမထိန်းနိုင်တော့ပါ။

သူသည် လက်တွင်ချည်နောင်ထားသော သံကြိုးကိုလွှဲ၍ ယွမ်ယိုင်အား ရိုက်ချလိုက်၏။

ထိုအခါ ... နယ်စားမင်းဟန်ရိထန်က လျင်မြန်စွာရှောင်တိမ်းလိုက်သည်။

သို့သော် ...

ကျူးစုဖန်၏တိုက်ခိုက်မှုက ရပ်တန့်သွားခြင်းမရှိချေ။

သူက ခြေနှစ်ဘက်ကို သံကြိုးတုပ်ထားလျက်မှ ခုန်၍ နယ်စားမင်းဟန်ရိထန်၏မျက်နှာအား သံကြိုးဖြင့် ရိုက်ချလိုက်ပြန်သည်။

ဤတစ်ကြိမ်တွင် ယွမ်ယိုင်သည် ရှောင်တိမ်းခြင်းမပြုတော့ချေ။

သူက လွဲရိုက်လာသော သံကြိုးအား လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်ပြီးနောက် ကျန်လက်တစ်ဖက်အား ကျူးစုဖန်၏ ရင်ဝဆီသို့ အားကုန်ရိုက်ချလိုက်သည်။

"ဝုန်း ... "

ကျူးစုဖန်က လက်နှစ်ဖက်၊ ခြေနှစ်ဖက်၌ သံကြိုးတန်းလန်း

ဖြင့် အဝေးသို့ လွှင့်စဉ်သွားကာ အချုပ်ခန်းသံတိုင်များနှင့် ဆောင့်မိကာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ထို့နောက် ...

သူ၏ပါးစပ်ထဲမှ သွေးများအန်ထွက်လာပြီး ငြိမ်သက်သွားလေတော့သည်။

ယွမ်ယိုင်၏ မျက်လုံးအစုံမှာ ရက်စက်ကြမ်းကြုတ်သော အရိပ်အယောင်များ ပေါ်လွင်လာသည်။

ထိုအချိန်တွင် ...

ချုပ်တံထဲမှ ပုန်းအောင်းကြည့်နေသော ကျူးဝေဝေ ဝုန်းခနဲ ထရပ်လိုက်ပြီး စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်၏။

"ယွမ်ယိုင် ... လူယုတ်မာ ... "

ထိုစကားသံကြောင့် နယ်စားမင်းဟန်ရိထန်သည် အသံလာရာဆီသို့ ချာခနဲလှည့်ကြည့်လိုက်သည်။

ကျူးဝေဝေသည် ယွမ်ယိုင်ရှေ့သို့ ခုန်ဝင်သွားလေ၏။

ယွမ်ယိုင်၏မျက်လုံးမှာ သည် ဝိုင်းစက်ပြူးကျယ်သွားသည်။

"ကျူးဝေဝေ ... "

ကျူးဝေဝေက ယွမ်ယိုင်ကို ရင်ဆိုင်ရင်း ပြတ်သားစွာ ပြောချလိုက်၏။

"ဟုတ်ပါတယ် ... ကျွန်မ ကျူးဝေဝေပဲ ... တစ်ချိန်တုန်းက ယွမ်ယိုင်ဆိုတဲ့ လူတစ်ယောက်ကို ... အရူးအမူး စွဲလန်းခဲ့ရဖူးတဲ့ ကျူးဝေဝေပေါ့ ... အခုမှ ရှင့်ရဲ့စိတ်ဓာတ်ကို သိလိုက်ရတော့တယ်

တကယ့် ဝံပုလွေစိတ်ဓာတ်ပဲ ... "

ယွမ်ယိပိုင်က ကျူးဝေဝေအား စူးစိုက်ကြည့်လိုက်၏။

"ကျုပ်ရဲ့စိတ်တွေ ဘယ်လိုပဲပြောင်းပြောင်း ... ကျုပ်ရဲ့ ချစ်ခြင်းမေတ္တာတရားကတော့ ဘယ်တော့မှ မပြောင်းလဲသွားဘူး ... ဒါကို မင်းယုံကြည်စမ်းပါ ... "

ကျူးဝေဝေက ဦးခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး အော်ဟစ်လိုက်လေသည်။ သူမ၏အသံက ကျယ်လောင်လှသည်။

"မပြောနဲ့ ... ရှင် ဘာမှမပြောနဲ့ ... ကျွန်မ ဘာမှမကြားချင်ဘူး ... မုန်းတယ် ... ရှင့်ကို သိပ်မုန်းတယ်သိလား ... "

သူမ၏စကားကြောင့် ယွမ်ယိပိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲတုန်ခါသွားသည်။

သူသည် နားကိုပိတ်ပြီး ကျယ်လောင်စွာ အော်ဟစ်လေ၏။

"ကျုပ်ကို မမုန်းပါနဲ့ ကျူးဝေဝေ ... လုံးဝမမုန်းပါနဲ့ ... ကျုပ်အသက်သေရဲတယ် ... ဒါပေမယ့် မင်းရဲ့အမုန်းဒဏ်ကိုတော့ လုံးဝခံနိုင်ရည်မရှိဘူး ... "

သူသည် ယင်းသို့ပြောရင်း ကျူးဝေဝေ၏ခန္ဓာကိုယ်အား တင်းကျပ်စွာ ပွေ့ဖက်၍ ရင်ခွင်ထဲသို့ ပွေ့ဖက်လိုက်သည်။

ကျူးဝေဝေမှာ ရုတ်တရက်ဖြစ်၍ မရုန်းနိုင်ဘဲဖြစ်သွားသည်။

သို့သော် သူမသတိဝင်လာသည်။

ယွမ်ယိပိုင်၏ရင်ခွင်ထဲမှ ကြမ်းတမ်းစွာ ရုန်းကန်ထွက်လိုက်ပြီးနောက် ညာဘက်လက်တစ်ဖက်က လေထဲသို့ မြောက်တက်သွားသည်။

"ဖြန်း ... "

ယွမ်ယိပိုင်၏ခန္ဓာကိုယ်တစ်ချက် ယိမ်းယိုင်သွားပြီး သူမအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်မိလေ၏။

"ကျူးဝေဝေ ... မင်း ... မင်း ... ကျုပ်ကို ရိုက်လိုက်တယ်ဟုတ်လား ... "

သူ၏အသံက ဝမ်းနည်းကြေကွဲလွန်း၍ တုန်ခါနေသည်။

ထိုအခါ ...

ကျူးဝေဝေ၏မျက်ဝန်းအစုံမှ မျက်ရည်များဖြင့် ပြည့်လျှံလာလေ၏။

သူမက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ် ... ကျွန်မ ရှင့်ကို ရိုက်လိုက်တာလေ ... မုန်းလွန်းလို့ ရိုက်လိုက်တာ သိလား ... "

ထိုစကားကြောင့် ယွမ်ယိပိုင်၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်ထပ်ဟပ်လာလေသည်။

သူသည် ထိတ်လန့်တကြားဖြင့် မေးလိုက်လေ၏။

"မယုံဘူး ... ကျုပ်လုံးဝမယုံဘူး ... မင်း ... မင်းမုန်းတယ်ဆိုတာ ကျုပ်မယုံဘူး ... ကျူးဝေဝေ မင်းဟာ ကျုပ်ကိုသိပ်ချစ်ခဲ့တဲ့မိန်းကလေးတစ်ယောက်ပါ ... ဘယ်လိုဖြစ်လို့ ပြောင်းလဲသွားရတာ ... "

ထိုအခါ ...

ကျူးဝေဝေ၏မျက်ဝန်းအစုံမှာ ကြေကွဲရိပ်များ ယှက်သန်းလာသည်။

သူမသည် ယွမ်ယိပိုင်အား စူးစိုက်ကြည့်နေရာမှ ရင်ခွင်ထဲသို့ မြေးဝင်ငိုရှိုက်လိုက်လေသည်။

ထို့နောက် ...

ကျူးဝေဝေက အလွန်ညင်သာပျော့ပျောင်းသောလေသံဖြင့် ပြောဆိုလေ၏။

"ယွမ်ယိပိုင် ... ရှင် ကျွန်မကို တကယ်မေတ္တာစစ် မေတ္တာမှန်ခဲ့ချစ်တယ်ဆိုရင် ... လက်နက်ချပြီး ရှင့်ရဲ့အပြစ်ဒဏ်တွေကို ဝန်ခံလိုက်ပါ ... ကျွန်မတို့ ပိုက်ဟူနယ်နဲ့ ဟုန်ကျန်းနယ်ဟာ တထွန်လူမျိုးချင်းအတူတူပါပဲ ... နယ်မြေနှစ်ခုကွဲမနေသင့်ပါဘူး ... နယ်မြေနှစ်ခုပေါင်းစည်းပြီး ဘုရင်မင်းမြတ်ရဲ့ အုပ်ချုပ်မှုအောက်မှာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ နေသွားကြပါစို့လား ရှင် ... "

ယွမ်ယိပိုင်က ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"ဟုန်ကျန်းနယ်ဟာ ဘယ်သူ့ကိုမှ ဒူးထောက်အညံ့မခံဘူး ဟုန်ကျန်းနယ်ဟာ အစဉ်အမြဲ ရပ်တည်နေနိုင်ရမယ် ... ဘယ်တော့မှ လက်နက်မချဘူး ... ကျွပ် မင်းကို သိပ်ချစ်မြတ်နိုးပါတယ် ကျူးဝေဝေ ... ဒါပေမယ့် ... ဟုန်ကျန်းနယ်က တထွန်လူမျိုးတွေအားလုံးအတွက် ကျွပ်ရဲ့လုပ်ရပ်တွေကို ရပ်တန့်ပစ်လို့ မရဘူး ... ရှေ့ဆက်လုပ်ကိုင်နေရမှာပဲ ... "

ကျူးဝေဝေမှာ မျက်မှောင်ကုတ်သွားသည်။

"ရှင်ဘာဖြစ်လို့ ဒီလောက်စိတ်ဓာတ်တွေ ပြောင်းသွားရတာလဲ ... ရှင်ဟာ စိတ်ထားနူးညံ့တဲ့လူပါ ... ကျဉ်းမြောင်းတဲ့လူမျိုးရေးကို စဉ်းစားမယ့်အစား တထွန်အားလုံးအတွက် ရှင်စဉ်းစားပါ ...

ယွမ်ယိပိုင်က သက်ပြင်းချလိုက်သည်။

"မဖြစ်လို့ပါ ကျူးဝေဝေ ... ကျွပ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိဆုံးပါ ... ဒါပေမယ့် ကျွပ်ရဲ့ရိုင်းစိုင်းကြမ်းတမ်းလွန်းတဲ့ လုပ်ရပ်တွေကြောင့် ကျွပ်အပြစ်တွေနဲ့ ထိုက်တန်တဲ့ ရလာဒ်ဟာ သေဒဏ်ပဲဖြစ်လိမ့်မယ် ... "

သူက စကားဆက်လိုက်သည်။

"ကျွပ်သေရမှာ မကြောက်ပါဘူး ... တကယ်သေခဲ့မယ်ဆိုရင် တောင်မှ မင်းရဲ့လက်ချက်နဲ့ပဲ ကျွပ်သေချင်တယ်သိလား ... "

"ယွမ်ယိပိုင်ရယ် ... "

သူမသည် ယင်းသို့ပြောရင်းမှ ပတ်ဝန်းကျင်အား ဝေ့ဝဲချက် အကဲခတ်ကြည့်လိုက်သည်။

ယခု ...

အရာဏ်ဦး၏အလင်းရောင်က အရှေ့ဘက်မိုးကုပ်စက်ဝိုင်းမှ စတင်ထွက်ပေါ်လာနေပြီဖြစ်သည်။

ကျူးဝေဝေက ယွမ်ယိပိုင်၏ ရင်ခွင်ထဲမှ ထွက်လိုက်ပြီး မေးလိုက်မိလေ၏။

"ယွမ်ယိပိုင် ... ဒီနေရာကို မကြာမီအချိန်အတွင်းမှာ အစ်ကို ရှောင်လုံတို့သုံးယောက် ရှာဖွေမိသွားတော့မယ် ... အဲဒီအချိန်ကျရင် ရှင်ဘယ်လိုလုပ်မလဲ ... "

ယွမ်ယိပိုင်က ပခုံးတစ်ချက်တွန့်လိုက်၏။

"ရပါတယ် ကျူးဝေဝေ ... မင်းသာ ဘေးဖယ်နေပေးပါ ... အဲဒီလောက် လူအင်အားလေးတော့ စကားထဲမှာထည့်ပြောနေစရာ

မလိုပါဘူး ... "

ကျူးဝေဝေက စိတ်ပျက်စွာ သက်ပြင်းတစ်ချက်ချလိုက်မိ၏။

ထို့နောက် ...

သူမသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ကျွန်မဘေးဖယ်နေရမယ် ဟုတ်လား ... ရှင်စဉ်းစဉ်းစားစား ပြောပါဦး ... ရှင်စဉ်းစားတာက ဟုန်ကျန်းတထျန်တစ်ဝက်တစ်ပျက် အတွက် စဉ်းစားတာပါ ... ရှင်အသက်စွန့်မယ်ဆိုတာက ဟုန်ကျန်းတထျန်တစ်ဝက်တစ်ပျက်အတွက် အသက်စွန့်မှာပါ ... ကျွန်မကတော့ တထျန်တစ်မျိုးသားလုံးအတွက် စဉ်းစားတာ ... တထျန်တစ်မျိုးသားလုံးအတွက် စဉ်းစားတာ ... "

သူမသည် သက်ပြင်းရှိက်ပြီး ဆက်ပြောလေ၏။

"ကျွန်မ ဒီကိုလာတာက ကျိမုထိသူရဲကောင်းကို သတ်ပြီး ရတနာတွေလုယက်လိုက်တဲ့လူ ... ကျွန်မ အစ်ကိုနဲ့ သူရဲကောင်းနှစ်ယောက်ကို သတ်လိုက်တဲ့လူတွေအတွက် ကျွန်ုပ်လာစုံစမ်းတာ ... ကျွန်မကို မေးချင်မေးနိုင်တယ် ... ကျွန်မ ဒီကိုလာတာဟာ ကျွန်မရဲ့ဖခင် နယ်စားကြီးက စီးလျှန်နိုင်ငံအတွက် ရတနာတွေဆက်သတဲ့ ကိစ္စမှာ တာဝန်ပျက်ကွက်လို့ သေဒဏ်ခံရမှာစိုးတဲ့အတွက် ... ဒီအပြစ်ဒဏ်ကို ချေဖျက်ဖို့ ရတနာလုယက်သတ်ဖြတ်တဲ့ တရားခံကို လာရှာတာမဟုတ်လား လို့ မေးနိုင်တယ် ... "

သူမက ဆက်ပြောပြန်သည်။

"နင့်အစ်ကိုအသတ်ခံရလို့ ... နင့်အစ်ကိုအတွက် လက်စားချေဖို့ ဒီယိစစ်မြို့ကို လာတာမဟုတ်လား လို့ မေးနိုင်တယ် ... ဒါတွေက နိုင်ငံတော်အတွက်ဆိုတဲ့ အဝန်းအဝိုင်းကြီးထဲက တစ်စိတ်တစ်ပိုင်းပဲ အဲဒီအစိတ်အပိုင်းက သေးသေးလေးပါ ... ကျွန်မဟာ ဝိုက်ဟူတထျန်နိုင်ငံရဲ့ ရာဇဝတ်မှုနှိမ်နင်းရေးအဖွဲ့ထဲက အဖွဲ့ဝင်တစ်ယောက်ပါ ... တာဝန်အရရော ... လူပုဂ္ဂိုလ်အရရော ... ရှင့်လိုပဲ နိုင်ငံတော်အတွက် အသက်ပေးလှူထားတဲ့ လူတစ်ယောက်ဆိုတာရော ရှင်စဉ်းစားမိရဲ့လား ... ကျွန်မကို ဘေးဖယ်နေလိုက်ပါဆိုတော့ ... ကျွန်မက ကျွန်မအစ်ကိုနဲ့ ကျွန်မရဲ့အဖွဲ့ဝင်တွေ ရှင်သတ်နေတာကို ဘေးက လက်ပိုက်ကြည့်နေနိုင်မလားဆိုတာကော ... ရှင်စဉ်းစားမိရဲ့လား ... "

ထိုအခါ ...

ယွမ်ယိဝိုင်က အားပါးတရ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား ... ကျုပ်နားလည်ပေးနိုင်ပါတယ် ဗျာ ... ကျုပ်က မင်းကို နားလည်သလောက် မင်းကို သိပ်ပြီးချစ်မြတ်နိုးတဲ့ ကျုပ်ရဲ့နှလုံးသားက ဒဏ်ရာဒဏ်ချက်တွေကိုကော မင်းနားလည်ပေးမှာလား ... ဒါမှမဟုတ် ... ဥပေက္ခာပြုမှာလား ... "

သူ၏အသံသည် ကြေကွဲခြင်း၊ နာကြည်းခံပြင်းခြင်းများဖြင့် ရောထွေးနေသဖြင့် တုန်ယင်လွိုက်လဲနေသည်။

ထိုအခါ ...

ကျူးဝေဝေ၏ မျက်နှာလေးမှာ ရုတ်ခြည်းညှိုးကျသွားသည်။

တစ်ချိန်တုန်းဆီက ဖခင်ဖြစ်သူ ကျူးထိုက်ဖုန်း၏ နှိမ်ချစော်ကားခြင်းကိုခံခဲ့ရသော ယွမ်ယိဝိုင်မှာ နူးညံ့သိမ်မွေ့သောစိတ်ထားများ ပျောက်ကွယ်သွားလေပြီ။

သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

"ကျွန် ... ကျွန်မ နားလည်ပါတယ်ရှင် ... ဒါပေမယ့် ကျွန်... ကျွန်မဟာ တာဝန်ဝတ္တရားကို ... "

ကျူးဝေဝေသည် စကားကို ဆုံးအောင်ပင်မပြောနိုင်တော့ဘဲ အားပါးတရ ရှိတ်ငိုလိုက်လေ၏။

ယွမ်ယီဝိုင်၏ရင်ထဲ၌ ပူလောင်ပြင်းပြစွာ ခံစားလိုက်ရ၏။

သူသည် ကျူးဝေဝေ၏ပါးပြင်မှ မျက်ရည်များအား ကပျာကယာ သုတ်ပေးလိုက်သည်။

"ကျူးဝေဝေ ... မင်းမငိုပါနဲ့ ... မင်းရဲ့မျက်ရည်တွေဟာ ကျွပ်ရဲ့နှလုံးသားကို ဆုတ်ခြေမွသလို ခံစားရလွန်းလို့ပါ ... "

ထိုအချိန်တွင် ...

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ်တစ်ယောက်က သူတို့အနီးသို့ ပြေးလွှားရောက်ရှိလာသည်။

ထိုလူရွယ်က ယွမ်ယီဝိုင်အား ဦးညွှတ်ဂါရဝပြုလိုက်၏။

"နယ်စားမင်း ... စခန်းထဲကို ရန်သူသုံးယောက် ဝင်ရောက်လာပါတယ် ... "

ထိုစကားကြောင့် နယ်စားမင်းဟန်ရိုဏန်၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားသည်။

"မင်းတို့ ငွေရောင်စားပျံတွေ အကုန်အသင့်ပြင်ဆင်ထားပါ ... အားလုံးလည်း အဆင်သင့်ဖြစ်ပါစေ ... ဒါပေမယ့် ကျွပ်ရဲ့အမိန့်မရ မချင်း မလှုပ်ရှားပါနဲ့ ... "

ထိုလူရွယ်သည် ဦးညွှတ်ဂါရဝပြုပြီး ပြန်လည်ပြေးလွှားထွက်ခွာသွား၏။

ထိုတဒင်္ဂအချိန်လေးမှာပင် ...

အဆောက်အအုံအတွင်းရှိ ခဲမက်များလည်း ပြေးလွှားထွက်လာကြလေသည်။

လူများသည် ဟိုပြေးသည်ပြေးဖြင့် ရွှမ်ယွက်ခတ်သွားကြလေ၏။

ထိုစဉ် ...

ကျူးရှောင်လုံ၏စကားသံ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"ယွမ်ယီဝိုင် ... မင်းအဖမ်းခံပါ ... မင်းရဲ့အပြစ်တွေကို တရားဥပဒေရဲ့အခုံးအဖြတ်ခံဖို့ ကျွပ်မေတ္တာရပ်ခံပါတယ် ... "

ထိုစကားကြောင့် ယွမ်ယီဝိုင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ ဟုန်ခါသွားသည်။

သူသည် ကျူးဝေဝေ၏လက်ကိုဆွဲကာ ကျူးရှောင်လုံဘို့အနီးသို့ လျှောက်သွားလိုက်၏။

ထို့နောက် ...

သူသည် ကျူးရှောင်လုံအား စူးစိုက်ကြည့်လိုက်ပြီး အေးစက်စွာ မြွေလေ၏။

"ကျူးရှောင်လုံ ... ခင်ဗျားတို့ ဒီနေ့ဟာလောက်ပိုပြီး အဆဲကို ဝင်မလာနဲ့နော် ... ဒီထက်ပိုပြီး ဝင်လာယေးဆိုရင် ကျွပ်ကိုအဆိုးမဖို့နဲ့ ... "

ကျူးရှောင်လုံက ယွမ်ယီဝိုင်အား မည်သို့မျှပြောချို့ရမည်ဟုတ်မှန်း သိရှိမားလည်လိုက်သည်။

သူတို့သည် ဟုန်ကျန်းနယ်ထဲသို့ ဝင်လာကတည်းက အသေခံတန် ခံရမည်ဖြစ်ကြောင်း သိရှိထားသူများဖြစ်၍ သေရမည်ကို မကြောက်ချေ။

ထို့ကြောင့် ...

သူသည် ကျင်းဝမ်လင်နှင့် လွင်ရှမ်းရင်တို့အား လက်တစ်ချက် ငေ့ယမ်းပြလိုက်ပြီး သူက ရှေ့မှပြေးတက်လိုက်သည်။

ထိုအခါ ...

ကျင်းဝမ်းလင်နှင့် လွင်ရှမ်းရင်တို့သည် ဓားကိုယ်စီကိုင်၍ ပြေးတက်လာကြလေသည်။

သို့သော် ...

သူတို့က ခြေလှမ်းဆယ်လှမ်းခန့် မပြည့်မီမှာပင် ဟန်ရိထန်၏အမိန့်ပေးသံ ထွက်ပေါ်လာသည်။

"ကိုယ့်ရဲတော်အမှတ်တစ် ... ပစ်စမ်း ... "

သူ၏စကားသံဆုံးသောအခါ ငွေရောင်ဓားပျံလေးများသည် ကျူးရှောင်လုံတို့သုံးယောက်ဆီသို့ လေထဲမှ တိုးဝှေ့ဝင်လာလေသည်။

"ဝှီး ... ဝှီး ... ဝှီး ... "

ကျူးရှောင်လုံတို့သုံးယောက်မှာ ရင်ထိတ်သွားသည်။

သူတို့သည် လက်ထဲမှဓားများဖြင့် ငွေရောင်ဓားပျံလေးများအား ခတ်ထုတ်လိုက်လေသည်။

"ချမ်း ... ချမ်း ... ချမ်း ... "

ငွေရောင်ဓားပျံများမှာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

ကျူးရှောင်လုံမှာ ဒေါသထွက်သွား၏။

ငွေရောင်ဓားပျံများကိုသာ မြင်တွေ့ရပြီး ငွေရောင်ဓားပျံပစ်ခတ်သူများ၏ အရိပ်အယောင်ကိုပင် မမြင်တွေ့ရပေ။

သို့ဆိုလျှင် ...

ငွေရောင်ဓားပျံပစ်ခတ်သူများသည် သူတို့သုံးယောက်အား ချောင်ခိုး၍ တိုက်ခိုက်နေသည်မှာ မဟုတ်ပါလော။

ကျူးရှောင်လုံမှာ ဒေါသတကြီးဖြင့် တက်ခေါက်လိုက်၏။

"တောက် ... ဟေ့ကောင် ယွမ်ယိဝိုင် ... မင်းနဲ့ ကျွပ် တစ်ယောက်ချင်း ယှဉ်ပြိုင်မယ် ... တကယ်လို့ ကျွပ်နိုင်ခဲ့ရင် မင်းတို့အားလုံး အေးအေးဆေးဆေးအဖမ်းခံပါ ... မင်းတို့ ဟုန်ကျန်းနယ်ဟာ ကျွပ်တို့ဘုရင်မင်းမြတ်ရဲ့ လက်အောက်ခံနယ်မြေဖြစ်သွားမယ် ... တကယ်လို့ ကျွပ်ရှုံးခဲ့ရင် မင်းတို့နယ်မြေက ကျွပ်တို့အားလုံးဆုတ်ခွာပေးမယ် ... ဘယ်နှယ်လဲ ... "

ယွမ်ယိဝိုင်က ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ ... ခင်ဗျားတို့ဘက်က ကြိုက်တဲ့လူထွက်လိုက်ပါ ... ကျွပ်နဲ့ ယှဉ်ပြိုင်မယ် ... ကျွပ်က ခင်ဗျားတို့သုံးယောက်စလုံးကိုလည်း မမှုဘူး ... "

သူသည် ယင်းသို့ပြောပြီး ကျူးဝေဝေလက်ကိုလွှတ်ပြီး ကျူးရှောင်လုံထံသို့ လျှောက်သွားလိုက်လေ၏။

ထိုအခါ ...

ကျူးဝေဝေမှာ ကျူးရှောင်လုံအတွက် စိုးရိမ်မှုပန်သွားမိသည်။

ယွမ်ယိုင်၏သိုင်းပညာမှာ ကြောက်စရာကောင်းလောက်အောင် ထက်မြက်နေပြီကို သိရှိနားလည်လိုက်သည်။

ထို့ကြောင့် ...

သူမက ဆုံးဖြတ်ချက်တစ်ခုကို ဝိုင်နိုင်စွာ ချလိုက်လေသည်။

ထို့နောက် ...

သူမက လက်ထဲမှမား‌ကို ယွမ်ယိုင်ရှေ့သို့ ချိန်ရွယ်ထားလိုက်၏။ ထို့နောက် ပြတ်သားစွာပြောလိုက်၏။

"ကျွန်မတို့ဘက်က ရှင့်နဲ့တိုက်ခိုက်မယ့်လူဟာ ကျွန်မကိုယ်တိုင်ပဲ ... "

"ကျူးဝေဝေ ... မင်းဖယ်နေစမ်းပါ ... ကျုပ်ပြောထားတယ် မဟုတ်လား ... မင်းဘေးဖယ်နေရင် ဒီကိစ္စပြီးသွားပါပြီလို့ ... "

ယွမ်ယိုင်က ကျူးဝေဝေအား တိုက်ခိုက်ပါက အနိုင်ရရှိပေမည်။

သို့သော် ...

တစ်သက်မှ တစ်ခါသာ ချစ်ခဲ့ရသော ချစ်ဦးသူအား မည်သို့သော အင်အားမျိုးဖြင့် သူက ယှဉ်ပြိုင်တိုက်ခိုက်ရပါမည်နည်း။

ကျူးဝေဝေက ခေါင်းခါယမ်းလိုက်သည်။

"ရှင်စောစောဘုန်းက ပြောတော့ ကျွန်မတို့ဘက်က ကြိုက်တဲ့လူထွက်ခဲ့ပါဆို ... ရှင်ယောကျ်ားမဟုတ်လား ... စကား‌ကို အမျိုးမျိုးမပြောပါနဲ့ ... ကဲ ... ကျွန်မကာစပြီး ကိုက်ခိုက်ပြီ ... "

သူမက ယင်းသို့ပြောလိုက်ပြီးနောက် ယွမ်ယိုင်အား ဝင်ရောက်တိုက်ခိုက်လေတော့၏။

ထိုအခါ ...

ယွမ်ယိုင်ကလည်း ရှောင်တိမ်းလိုက်သည်။

ကျူးဝေဝေသည်လည်း သူရှောင်တိမ်းသွား‌ရာသို့ အာဘင်းဝင်ရောက်၍ လိုက်လံကိုက်ခိုက်ဆဲနေ၏။

ယွမ်ယိုင်ကလည်း ကြိုးစား၍ ရှောင်တိမ်းနေ၏။

ကျူးဝေဝေ၏တိုက်ခိုက်မှုမှာ ယွမ်ယိုင်၏သေကွင်းသေကွက်များကို ချိန်ရွယ်တိုက်ခိုက်နေပြီး မားအရှိန်ကလည်း ပြင်းထန်လွန်းလှသည်။

အချိန်ကြာလာသည်နှင့်အမျှ ယွမ်ယိုင်မှ ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါ။

ထို့ကြောင့် ...

သူသည် လေထဲ၌ တစ်ပတ်လှည့်လိုက်ပြီး ခါးတွင်ချိတ်ထားသော မား‌ရှည်ကို ဆွဲထုတ်ယူလိုက်၏။

"ချွမ်း ... ချွမ်း ... "

သံ‌သံချင်း ထိမတ်သံများ ဆူညံစွာ တွက်ပေါ်လာသည်။

သူတို့နှစ်ယောက်မြေပြင်ပေါ်သို့ ပြန်ကျလာချိန်တွင် ကျူးဝေဝေက မား‌ကိုစက်ဝိုင်းသဏ္ဌာန်ဝှေ့ယမ်း၍ ယွမ်ယိုင်၏ရင်ဝသို့ ထိုးသွင်းလိုက်၏။

ယွမ်ယိုင်ကလည်း မား‌ကိုဝှေ့ယမ်းကာကွယ်လိုက်သည်။

ဂျတ်စာရက် ...

သူ၏ဆေး‌က ကျူးဝေဝေ၏လည်မျိုကို ထောက်ထားလိုက်မိသည်။

ယွမ်ယိဝိုင်က သူမတိုက်ခိုက်လာမည့် သိုင်းကွက်ကို သိရှိနေသည့်အလား ရှောင်တိမ်းခြင်းမပြုဘဲ သူ၏ဓားကို ပြန်လည်ရုတ်သိမ်းလိုက်၏။

ထိုအခါ ...

သူ၏ခန္ဓာကိုယ်မှာ ရုပ်တည်နိုင်စွမ်းမရှိတော့ဘဲ လဲပြိုကျသွားလေသည်။

"ယွမ်ယိဝိုင် ... "

ကျူးဝေဝေက ဆို့နှင့်ကြေကွဲစွာဖြင့် အော်ခေါ်လိုက်လေ၏။

သူမသည် ယွမ်ယိဝိုင်ထံသို့ ပြေးသွားလိုက်ပြီး မွေ့ဖက်လိုက်သည်။

"ယွမ်ယိဝိုင် ကျွန်မရှင့်ကို သိပ်ချစ်ပါတယ် ... တာဝန်ဝတ္တရားအတွက် ကျွန်မရဲ့ နှလုံးသားကို စတေးလိုက်ရတာပါ ... ကျွန် ... ကျွန်မကို နားလည်ပေးပါ ... "

ယွမ်ယိဝိုင်က သွေးများကို ပွက်ခနဲ အန်ထုတ်လိုက်ပြီး ...

"ကျုပ် ... ကျုပ်နားလည်ပါတယ် ... ကိုယ် ... ကိုယ်ရဲ့တော်အမှတ်တစ်ကို ခေါ်လိုက်ပါ ... "

ထိုအခါ ...

ကျူးရှောင်လုံက သူ၏စကားကြောင့် ရုတ်ခြည်းအော်ခေါ်လိုက်၏။

"ကိုယ်ရဲ့တော်အမှတ်တစ်တဲ့ ... မင်းတို့နယ်စားမင်းခေါ်နေတယ် ... "

ထို့အတူ ...

ကျူးဝေဝေ၏ဓားသွားကလည်း သူ၏ရင်ဝတည့်တည့်သို့ ထောက်ထားလိုက်မိ၏။

ယွမ်ယိဝိုင်က သူမအား စိုက်ကြည့်လိုက်သည်။

ကျူးဝေဝေကလည်း သူ့အားပြန်စိုက်ကြည့်လိုက်၏။

ရုတ်တရက် သူမမျက်ဝန်းအစုံတွင် ခိုဖန်တောင်တန်းဆီမှ သူမနှင့် ယွမ်ယိဝိုင်တို့၏ အချစ်ဇာတ်လမ်းအကြောင်းကို ပြန်လည်သတိရလာလေသည်။

ထို့နောက် ...

သူမ၏မျက်ဝန်းထဲသို့ အစ်ကိုဖြစ်သူ ကျူးယဲ့မင်း၏ ဝိညာဉ်ကင်းမဲ့နေသော မျက်နှာနှင့် ကျိမုထိန့်နှင့် လက်ရွေးစင်စစ်သည်တော်များ၏ ရုပ်အလောင်းများကို ပြန်လည်မြင်ယောင်လာသည်။

ကျူးဝေဝေက အံကိုတင်းတင်းကြိတ်လိုက်ပြီး ယွမ်ယိဝိုင်အား နာကြည်းခံပြင်းစွာ စိုက်ကြည့်လိုက်လေ၏။

ထို့နောက် ...

သူမသည် ယွမ်ယိဝိုင်၏ဓားကို ရှောင်ရှားခြင်းမပြုဘဲ မိမိ၏ဓားကို ယွမ်ယိဝိုင်၏ရင်ဝသို့ တည့်မတ်စွာ ထိုးသွင်းလိုက်သည်။ သူသေကိုယ်သေဆုံးဖြတ်ပြီး ထိုးသွင်းလိုက်ခြင်းဖြစ်သည်။

အမှန်တွင် ...

သူမသည် မိမိအသက်နှင့် ယွမ်ယိဝိုင်၏အသက်ကို ထပ်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် ...

ဒိုမ်မက်စိမ်း

သူ၏စကားသံဆုံးသောအခါ သစ်ပင်နောက်မှ လူတစ်ယောက် ပြေးထွက်လာလေ၏။

ထိုသူသည် ယွမ်ယိဝိုင်အား ဦးညွှတ်ဂါရဝပြုလိုက်၏။

"အမိန့်ရှိပါ နယ်စားမင်း ... "

ယွမ်ယိဝိုင်က အသက်ကို မောပန်းစွာ ရှုရှိုက်လိုက်ပြီး ...

"ရ ... ရတနာသေတ္တာဝှက်ထားတဲ့ ... နေ ... နေရာကို ပြပေးလိုက်ပါ ... နောက် ... နောက်ပြီး မင်း ... မင်းတို့အားလုံး လက်နက်ချလိုက်ပါ ... တ ... ထျန်နိုင်ငံတော်ကို စည်း ... စည်းလုံး ... လုံး ... နဲ့ တည်ဆောက်ကြပါ ... ကျွး ... ကျွးဝေဝေ ... မင်းဖြစ်စေချင်သလို အားလုံး ... ဖြစ်အောင် ကျုပ် ... ဆောင်ရွက် ... "

သူ၏စကားသံမှာ စာဖြည်းဖြည်းတိမ်ဝင်လာလေသည်။ ထို့နောက် ဦးခေါင်းလန်ကျသွားလေ၏။

ကျွးဝေဝေ၏ရင်ထဲမှ နှလုံးသားများ ကြေမွပျက်စီးသကဲ့သို့ ခံစားလိုက်ရသည်။

"ယွမ်ယိဝိုင် ... "

သူမ၏စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်သံကို ယွမ်ယိဝိုင်က ကြားနိုင်တော့မည် မဟုတ်ပါလော။

ကျွးဝေဝေသည် သည်းထန်စွာ ငိုကြွေးနေ၏။

သူမ၏ရင်ခွင်ထဲ၌ ယွမ်ယိဝိုင်၏အလောင်းအား ပွေ့ဖက်ထားသည်။

ယွမ်ယိဝိုင်၏သက်မဲ့ရုပ်အလောင်းမှာ တည်ငြိမ်ချောမောလှပေသည်။

ကျွးဝေဝေသည် ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ရင်း ရေရွတ်နေသည်။

"ယွမ်ယိဝိုင် ... ရှင် ကျွန်မကို ခွင့်မလွှတ်ပါနဲ့ ... ရှင့်ရဲ့ ချစ်တတ်တဲ့ နှလုံးသားကို ဆက်လက်ရှင်သန်ခွင့်မပြုခဲ့တဲ့ ကျွန်မကို တမလွန်ဘဝကနေ လုံးဝခွင့်မလွှတ်ပါနဲ့ ... "

ယခု ...

ယွမ်ယိဝိုင်၏ရဲမက်များမှာ လက်နက်ချလိုက်ပြီဖြစ်သည်။

သူတို့၏ခေါင်းဆောင်နယ်စားမင်း၏စကားကို တသွေမတိမ်းလိုက်နာကြသည်။

ကိုယ်ရံတော်များက ဝှက်ထားသော ရတနာသေတ္တာများအားသွား၍ ယူဆောင်လာကြသည်။

ကျွးရှောင်လုံက ဝမ်းနည်းစွာငိုကြွေးနေသော ကျွးဝေဝေအားကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်မိ၏။

ထို့နောက် ...

သူသည် တွေဝေငေးငိုင်၍ ရပ်နေသော ကျင်းဝမ်လင်အားမျက်ရိပ်ပြလိုက်၏။

ထိုအခါ ...

ကျင်းဝမ်လင်က ခေါင်းညိတ်ပြလိုက်ပြီး ငိုကြွေးနေသော ကျွးဝေဝေထံသို့ လျှောက်သွားလိုက်၏။

အနီးသို့ရောက်သောအခါ ကျွးဝေဝေ၏ ပခုံးနှစ်ဖက်အား ဆုပ်ကိုင်လိုက်သည်။

ကျွးဝေဝေက သူ့အားမော့ကြည့်လိုက်သည်။

ဒိမိမက်စိမိး

၂၄၀ တက္ကသိုလ်နေလင်းအောင်

သူမ၏မျက်ဝန်းထဲတွင် ချစ်ဦးသူယွမ်ယိဝိုင်အတွက် ဝမ်းနည်း ကြေကွဲခြင်းမျက်ရည်များဖြင့် ပြည့်လျှံနေလေသည်။

ကျင်းဝမ်လင်သည် သူမအား ကြင်နာစွာ ပွေ့ပြလိုက်၏။

ချစ်သူအတွက် လွမ်းဆွတ်သတိရခြင်းများနှင့် ပြည့်နှက်နေသော ကျူးဝေဝေ၏နှလုံးသားကို သူက ထာဝရနားလည်ခွင့်လွှတ် မည်မဟုတ်ပါလော။ သူသည်လည်း ကျူးဝေဝေအတွက် လူဖြစ်လာခဲ့ရသူ မဟုတ်ပါလော။

အိမ်မက်ဖိမ်း

ဝေ၁၆

ပြီးပါပြီ

တက္ကသိုလ်နေလင်းအောင်

၃၁၄၊၁၂၂၃အစောခြမ်